The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 46 တနင်္လာနေ့တိုင်းထုတ်ဝေသည် November 19, 2018

## အမျိုးအစား အရည်အသွေးကောင်းမွန်မှုက ဦးဆောင်နေသည့်

# ပြည်ပပို့ကုန် ဖရဲနှင့် သခွား ဈေးကွက်

စာမျက်နှာ - ၁၈ ➢



### ကုန်သွယ်ရေး (မြိတ်) တွင် Speed Boat ရေယာဉ် သွင်းကုန်လိုင်စင်လုပ်ငန်းစဉ်များလုပ်ဆောင်လျက်ရှိ

စာမျက်နှာ - ၂၀ ➢

### မော်တောင်ကုန်သွယ်ရေးစခန်းမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ကုန်သွယ်မှု လျာထားချက်အပေါ် ၅၅၉ဒသမ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်

စာမျက်နှာ - ၁၃ ➢



### 2018–2019 b@mESpfwGif ta&mif;t0,f jyefaumif;vmonf yJrsdK;uGJtajctae

စာမျက်နှာ - ၁၂ ➢

SALES HOTLINE
09 770 770 770
TECHNICAL HOTLINE
09 960 960 560
@maxcementmyanmar
ရုံးချုပ်
အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၂၅၅၈၁၉ ~ ၃၈
စက်ရုံ
တောင်ဖီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၉ ၅၀၀၀ ၇၃၇၊ ၀၉ ၄၉၂၀ ၅၀၂၄
Email : factory@maxcement.com
MAX CEMENT
မက်စ်ဘိလပ်မြေ
Let's Build Together !
www.maxcement.com


ပိုမိုပြည့်စုံအောင် ရယူလိုက်ပါ
Dumex
Dugro
3
တင်းကြပ်သော
စစ်ဆေးမှုပေါင်း
၁၀၀
သင့်ကလေး လုံခြုံမှုအတွက်
အရည်အသွေးယုံကြည်စိတ်ချမှု
Dumex
Dugro
3
ပိုမိုပြည့်စုံအောင် ရယူလိုက်ပါ
အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း - (+၉၅၁) ၆၅၁၃၂၇၊ ၆၅၁၃၈၈၊ ၆၆၀၅၄၄ Dugro Myanmar
MM18_C023

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. Ichiro MARUYAMA ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးဖြစ်သူ H.E. Mr. Ichiro MARUYAMA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၁၄ ရက် ၁၅:၃၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်အဖွဲ့အား ၁၂:၃၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ-၁ ၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ အာဆီယံ-ဂျပန် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အား လိုက်ပါပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်များ၊ မြန်မာနိုင်ငံ၏ Ease of Doing Business ညွှန်းကိန်းများ တိုးတက်လာစေရန်အတွက် ဂျပန်နိုင်ငံမှ နည်းပညာဆိုင်ရာ ပံ့ပိုးကူညီပေးနိုင်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ စဉ် ဥရောပသမဂ္ဂသို့ မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုအပေါ် ဥရောပသမဂ္ဂမှ Safeguard Investigation ပြုလုပ်ခဲ့ပြီးနောက် အကောက်ခွန် ပြန်လည်ကောက်ခံသွားရန် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည့် အစီအမံများနှင့် ဆန်၊ ပြောင်း ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOCIR**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲ China International Import Expo (CIIE) သို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် ည ၇ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာ စားပွဲသို့လည်းကောင်း၊

စာမျက်နှာ ၁၆ သို့




# (၁၇)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲ (မူဆယ်)နှင့် (၁၃) ကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးကျင်းပမည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုခဲ့သည့် မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ် ၁၉၉၇ အရ နယ်စပ်ကုန်စည်ပြပွဲနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ ဆွေးနွေးပွဲကို ၂၀၀၁ ခုနှစ်မှစ၍ မြန်မာ- တရုတ် နှစ်နိုင်ငံအလှည့်ကျ ကျင်းပလျက်ရှိပါသည်။

ရည်ရွယ်ချက်မှာ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်လာစေရန်နှင့် အိမ်နီးချင်းပြည်သူများအကြားချစ် ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲလာစေရန် ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာ ကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(၁၇)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (မူဆယ်)နှင့်(၁၃) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးကို မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်(မြောက် ပိုင်း)၊ မူဆယ်မြို့နယ်ယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ မူဆယ်ဗဟိုစီးပွားရေးဇုန် (မင်္ဂလာမူဆယ်ဈေး) တွင် ၂၀၁၈ ခုနှစ်၊ ဒီဇင် ဘာလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ယခုနှစ်ပြပွဲကို မူဆယ် ဗဟိုစီးပွားရေးဇုန် (မင်္ဂလာမူဆယ်ဈေး)အတွင်းရှိလမ်းများတွင် ၃ မီတာx ၃ မီတာအကျယ်အဝန်းရှိ ပြခန်းပေါင်း ၄၀၀ ခန့်ဖြင့် တည်ဆောက် ခင်းကျင်းပြသသွားမည်ဖြစ်ရာ တရုတ်လုပ်ငန်းရှင်များမှ ပြခန်း ပေါင်း ၃၀၀ ကျော်နှင့် မြန်မာလုပ်ငန်းရှင်များအတွက် ပြခန်း ၁၀၀ ခန့် ပါဝင်ပြသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

စာမျက်နှာ ၁၆ သို့

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 18, No.46 Monday November 19 2018

# ဆန်သစ်များအဝင်များလာပြီဖြစ်လို့ ဆန်ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရော ဆန်ကြမ်းပါ အသစ်များထပ်မံဝင်ရောက်လာတဲ့အတွက် ဆန်သစ်များဈေးကျကြောင်း ရန်ကုန်မြို့ ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ပေါ်ဆန်းဆန်အဟောင်းများဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၅၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ်၅၁၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၅၆၀၀၀ နဲ့လတ်စတစ်အိတ် ကျပ် ၅၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၅၀၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ်၄၉၀၀၀ နဲ့ဈေးငြိမ်နေပြီး ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၆၂၀၀၀ - ကျပ် ၆၄၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့် ဈေးတက်ကြောင်း သိရပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်က လူကြိုက်များပြီး ဆန်ဟောင်းအဝင်နည်းသွားတဲ့အတွက် ဈေးတက်တာလို့ ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်ကို ဆန်ချောအသစ်တွေ ထပ်မံဝင်ရောက်လာတဲ့အတွက် ဆန်သစ်များဈေးကျကြောင်း သိရပါတယ်။ ပေါ်ဆန်းဆန်အသစ်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀- ကျပ် ၃၃၀၀၀၊ မြောင်းမြပေါ်ဆန်းအသစ် တစ်အိတ်ကျပ် ၃၈၀၀၀- ကျပ် ၄၂၀၀၀ ရှိပြီး တစ်ပတ်အတွင်း တစ်အိတ်ကိုကျပ် ၄၀၀၀ မှ ကျပ် ၅၀၀၀ အထိ ဈေးကျကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းအဟောင်းများဈေးငြိမ်ပြီး ဧည့်မထ ၂၅ မှတ် ဆန်အသစ်ကုန်စည်ဒိုင်ကို ဝင်ရောက်လာပြီဖြစ်ကြောင်း သိရပါတယ်။ ဆန်ဟောင်းများဖြစ်တဲ့ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်ကျပ် ၂၀၅၀၀-ကျပ် ၂၁၀၀၀၊ ရက် ၉၀ ဆန်တစ်အိတ်ကျပ် ၂၅၅၀၀- ကျပ် ၂၆၀၀၀၊ သီးထပ်(ရှယ်) တစ်အိတ်ကျပ် ၂၃၀၀၀- ကျပ် ၂၄၀၀၀၊ မိုးသုခတစ်အိတ် ကျပ် ၂၄၅၀၀- ကျပ် ၂၆၀၀၀ ရှိပြီး ဈေးငြိမ်နေကြောင်း သိရပါတယ်။ ဧည့်မထ ၂၅ မှတ်ဆန်အသစ် တစ်အိတ်ကျပ် ၁၈၂၀၀- ၁၈၅၀၀ ရှိပြီး နောက်ထပ်လည်း နယ်ပေါင်းစုံမှဆန်သစ်များဆက်တိုက်ဝင်ရောက်လာဖို့ရှိတယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်/စပါးဈေးကွက် အရောင်းအဝယ်ပုံမှန်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်/စပါးဈေးကွက်မှာ ယခုအချိန်မိုးကောက်စောစပါးသစ်များ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး (၄၆)ပေါင်တင်း(၁၀၀)ကို ကျပ် ၅၀၀၀၀၀- ကျပ် ၅၅၀၀၀၀ ကျပ်ဝန်းကျင် ဆန်သစ်တစ်အိတ်လျှင် ကျပ်၁၈၀၀၀-ကျပ် ၂၀၀၀၀အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စပါးသစ်ထွက်ပေါ်လာချိန် ဧည့်မထမိုးစပါးအဟောင်းဈေးမှာ (၄၆)ပေါင်တင်း(၁၀၀)ကို ကျပ် ၆၅၀၀၀၀- ကျပ် ၆၉၀၀၀၀ ၊ ဆန်အဟောင်းတစ်အိတ်ကို ကျပ် ၂၆၀၀၀- ကျပ် ၂၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ ဧည့်မထစပါးသစ်/ စပါးဟောင်းဈေးမှာ (၄၆)ပေါင်တင်း(၁၀၀)ကို ကျပ် ၁၅၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်ကို ကျပ် ၈၀၀၀ ခန့်ဈေးကွာခြားလျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ရှိကြောင်း ဆန်/စပါးဈေးကွက်သတင်းများမှသိရသည်။

ပေါ်ဆန်းစပါးသစ်များမှာ ယခုအချိန်မြို့နယ်စုံ/နေရာစုံမထွက်သေးဘဲမြောင်းမြ၊ မအူပင်မြို့နယ်များတွင်ဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိကြောင်း၊ မြောင်းမြမြို့ပေါ် (၄၆)ပေါင်တင်း(၁၀၀)လျှင် ကျပ် ၈၇၆၀၀၀၊ မအူပင်မြို့တွင် ကျပ်၈၇၄၀၀၀၊ မြောင်းမြမြို့ပေါ် ပေါ်ဆန်းအသစ်တစ်အိတ်လျှင် ကျပ် ၄၅၀၀၀ နှင့် ရောင်းဝယ်လျက်ရှိပြီးမြောင်းမြမြို့တွင် ပေါ်ဆန်းစပါးဟောင်းဈေး (၄၆)ပေါင်တင်း(၁၀၀) ၁၂၇၁၀၀၀ဝ ကျပ်ဆန်ဟောင်း(၁)အိတ် ၅၅၀၀၀ ကျပ်ဈေးရှိ၍ မြောင်းမြမြို့ပေါ်တွင်ပေါ်ဆန်းစပါး သစ်/ဟောင်း ကျပ်(၄)သိန်းဝန်းကျင်နှင့် ဆန်(၁)အိတ်ကို ၁၀၀၀ဝ ကျပ်ဝန်းကျင် ဈေးနှုန်းကွာခြားလျက် ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး (ပသ)**

# ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲ တင်ပို့မှုပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၅၂ သန်း တန်ဖိုးရှိ ဧည့်မထဆန် ၁၃၀၉၄ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၉၀၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၂၁၂၉ တန် ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၉၆၅တန်ကျော်တင်ပို့ခဲ့တာဖြစ်ကြောင်းသိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၄၂၉၉ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်း တန်ဖိုးရှိ ဆန်ကွဲ ၅၁ တန်ကျော် တင်ပို့ခဲ့ပြီး ဆန်ကွဲတင်ပို့မှုပုံမှန်ရှိတာတွေ့ရပါတယ်။

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၅ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် တန်ချိန် ၃၅၅၀ ကို ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၅၂ တန်ခန့်၊ စင်ကာပူနိုင်ငံသို့ ၂၂ တန်နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ ပေါင်းဆန် ၂၉၇၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ၃၅၈၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်တင်ပို့မှု ပုံမှန်ရှိတယ်လို့ ဆိုရပါမယ်။

ပင်လယ်ရေကြောင်းမှ ယခုတစ်ပတ်မှာ ဆန်တင်ပို့တဲ့နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၅ သန်း တန်ဖိုးရှိ ဆန်ကွဲ ၄၁၂၅တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၅၀နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၃၈၅၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၇၂၅ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်ဆန်နဲ့ ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန် ၁၆၆၄၄ တန်နဲ့ ဆန်ကွဲ ၄၁၇၆ တန်ဖြစ်ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## ဧည့်မထစပါး(မိုး)ဈေးနှုန်း အနည်းငယ်တက်

ဧည့်မထစပါး(မိုး) ၂၀၁၈-၂၀၁၉ဈေးနှုန်းမှာ တောင်ငူခရိုင်အတွင်း၌ ဈေးနှုန်းအတက်အကျ ပုံမှန်သာရှိနေပါသည်။ ဧည့်မထစပါး(မိုး) ယခင်သီတင်းပတ်ကကျပ် ၅၁၀၀၀၀ မှ ယခုသီတင်းပတ်တွင် တင်း၁၀၀လျှင် ကျပ် ၅၁၅၀၀၀၀ ခန့်သာရှိ၍ ကျပ် ၅၀၀၀ မြင့်တက်လာပါသည်။ စပါးအသစ်အရောင်းအဝယ် အေးနေကြောင်းသိရှိရပါသည်။

**စောသန်းထိုက်ကျော်(တောင်ငူ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၆-၁၁-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၀ | ၃၈၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၇၇ | ▽ | ၄၁၃ | ၄၀၆ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၅၇ | ၃၅၇ | □ |
| ဆန်ဖြူ ၁၀% | ၃၇၈ | ၃၇၅ | ▽ | ၄၀၈ | ၄၀၁ | ▽ | - | - | - | ၃၅၂ | ၃၅၂ | □ |
| ဆန်ဖြူ ၁၅% | ၃၇၆ | ၃၇၃ | ▽ | ၄၀၃ | ၃၉၆ | ▽ | - | - | - | ၃၄၇ | ၃၄၇ | □ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၅ | □ | ၃၉၅ | ၃၉၀ | ▽ | ၃၅၀ | ၃၅၅ | △ | ၃၂၂ | ၃၂၀ | ▽ |
| ပေါင်းဆန် | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၅၈ | ၃၅၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၆-၁၁-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပို့ဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | □ | ၁၀၉၀၀ | △ | ၄၅၀၀၀ | △ |
| ပုသိမ် | ၆၇၁၀ | □ | ၂၇၀၀၀ | □ | ၁၁၃၆၀ | □ | ၅၁၀၀၀ | □ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၁၂၀၀၀ | □ | ၅၃၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၂၆၀၀၀ | □ | ၁၇၀၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၄၀၀ | □ | ၂၆၀၀၀ | □ | ၁၃၀၀၀ | □ | ၅၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၀၀၀ | □ | - | - | ၆၄၀၀၀ | ▽ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၁၅၀၀ | □ | ၅၀၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | □ | ၄၃၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၈၀၀၀ | △ | - | - | ၅၈၀၀၀ | △ |
| ဘားအံ | ၇၃၀၀ | □ | ၂၈၅၀၀ | □ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၂-၁၁-၂၀၁၈ မှ ၁၆-၁၁-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 626 | 39,265,149.500 |
| 2 | Form D | 82 | 3,753,164.206 |
| 3 | Form E | 125 | 2,986,215.396 |
| 4 | Korea GSP | 3 | 129,943.200 |
| 5 | Form AK | 110 | 6,031,641.060 |
| 6 | Form AJ | 14 | 705,696.580 |
| 7 | Form AI | 57 | 2,442,100.320 |
| 8 | Form AANZ | 11 | 187,698.660 |
| 9 | Form DFTP | 1 | 313,084,800 |
| 10 | Form CHINA | | |
| **Grand Total** | | **1029** | **55,814,693.722** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၁၁-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၉/၁၁ | ၁၆/၁၁ | ပြောင်းလဲမှု | ၉/၁၁ | ၁၆/၁၁ | ပြောင်းလဲမှု | ၉/၁၁ | ၁၆/၁၁ | ပြောင်းလဲမှု | ၉/၁၁ | ၁၆/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၄၂ | ၁၅၁၀ | ▼ | ၁၅၀၀ | ၁၄၃၃ | ▼ | ၁၅၅၀ | ၁၅၀၀ | ▼ | ၁၅၅၀ | ၁၄၅၀ | ▼ |
| ပဲစင်းငုံ | ၁၂၆၂ | ၁၁၉၂ | ▼ | ၁၃၃၃ | ၁၁၀၀ | ▼ | ၁၂၀၀ | ၁၁၅၀ | ▼ | ၁၂၅၀ | ၁၁၉၀ | ▼ |
| ပဲတီစိမ်း | ၁၆၀၀ | ၁၇၅၀ | ▲ | ၁၆၇၉ | ၁၇၆၀ | ▲ | ၁၅၂၆ | ၁၅၂၆ | ■ | ၁၆၀၅ | ၁၇၅၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၃၈၀ | ၁၃၆၂ | ▼ | ၁၄၂၀ | ၁၃၄၂ | ▼ | ၁၄၃၅ | ၁၄၂၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၆၅ | ၁၀၅၀ | ▼ | ၁၃၆၇ | ၁၄၁၇ | ▲ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၃၇၀ | ၁၂၄၀ | ▼ |
| ထောပတ်ပဲ | ၂၄၃၀ | ၂၂၆၀ | ▼ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၁၀၅ | ၂၁၀၅ | ■ | ၃၁၆၀ | ၃၁၆၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၃၊၁၁၊၁၈)ထိ | ယခုတစ်ပတ် (၁၀၊၁၁၊၁၈)ထိ | (၁၊၁၊၁၈) မှ (၁၀၊၁၁၊၁၈) ထိ |
| မတ်ပဲ | ၄၇၉၅၁၀ | ၂၁၇၉၂ | ၅၀၁၃၀၂ |
| ပဲတီစိမ်း | ၁၀၄၁၃၅ | ၁၁၂၃ | ၁၀၅၂၅၈ |
| ပဲစင်းငုံ | ၁၆၇၂၂၆ | ၁၇၄၈ | ၁၆၈၉၇၄ |
| ကုလားပဲ | ၄၉၃၃၇ | ၄၁၉ | ၄၉၇၅၆ |
| ပဲလွန်းဖြူ | ၂၁၈၁၇ | ၁၀၇ | ၂၁၉၂၄ |
| မြေထောက်ပဲ | ၁၀၀၂၈ | ၁၅ | ၁၀၀၄၃ |

## ပြည်မတ်ပဲမျိုးပဲနှင့်ရန်ကုန်ဝယ်လက်သမားများ အဝယ်လိုက်နေ

ပြည်ပဲဈေးကွက်အတွင်း ယခုတစ်ပတ်မှာ မတ်ပဲသီးနှံ ဈေးပြန်လျော့သွားပေမယ့် တစ်တင်း ကျပ် ၂၈၇၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေခဲ့ပါတယ်။ မျိုးပဲသမားများလည်း အဝယ်ရှိလို့ မျိုးပဲတစ်တင်းကျပ် ၃၂၀၀၀ ဖြင့် ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းနှင့် ပြည်အနီးတဝိုက်မှ ဝယ်ယူခဲ့ကြတယ်လို့ သိရပါတယ်။ ပဲလက်ကျန်များရှိမှုအပေါ် လက်ကားသမားရန်ကုန်ဝယ်လက်များ နေ့စဉ်အဝယ်ရှိကြတာကြောင့် တစ်ရက် အိတ် ၂၀၀/၃၀၀ ကျော် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ မျိုးပဲရော လက်ကားသမားများပါ အရောင်းအဝယ်ဖြစ်တဲ့သီးနှံ ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ဘိုကိတ်ပဲသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်လာ

ယခုတစ်ပတ်ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသီးနှံအသစ် အနည်းငယ်ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ပဲသစ်ဝင်စအချိန်ဖြစ်လို့ လက်လီသမားသာ အဝယ်ရှိနေပြီး တစ်ရက်အိတ် ၃၀/၄၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲဈေးမှာ တစ်တင်းကျပ် ၁၇၀၀၀ ဖြင့် ဈေးနိမ့်ဖြင့်သာ ဈေးဖွင့်ခဲ့လို့ ယခင်နှစ်က ဈေးထက် ထက်ဝက်နီးပါးခန့် လျော့နည်းနေခဲ့ပါတယ်။ ယခင်နှစ်ကတစ်တင်းကျပ် သုံးသောင်းခန့်ရရှိလို့ ဈေးကွက်အတွင်း အခြားပဲများနည်းတူ ဈေးကောင်းရခဲ့ပေမယ့် ယခုနှစ်မှာတော့ ဈေးအေးနေတဲ့ သီးနှံထဲပါဝင်နေခဲ့ပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ရေနံချောင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် ငွေကျပ်သိန်း ၃၉၀၀ကျော် ထုတ်ချေးမည်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် ငွေကျပ်သိန်း ၃၉၀၀ ကျော် ထုတ်ချေးရန် လျာထားကြောင်းရေနံချောင်းမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှသိရသည်။ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို အောက်တိုဘာ ၂၉ ရက်မှစ၍ ထုတ်ချေးပေးနေပြီး ဒီဇင်ဘာ ၃၁ ရက်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတာဝန်ရှိသူ၏ ပြောပြချက်အရ သိရသည်။

ဒီနှစ်တော့ စပါးစိုက်တောင်သူအတွက်မပြောင်းလဲပေမယ့် အခြားသီးနှံတွေကိုတော့ ယခင်နှစ်က ကျပ် ၅၀၀၀၀ ထုတ်ချေးရာမှ ဒီနှစ်မှာတစ် ဧကကျပ် ၁၀၀၀၀၀ ထုတ်ချေးပေးမယ်။ အတိုးကတော့အရင်နှစ်ကအတိုင်း ရှစ်ရာခိုင်နှုန်းဖြစ်ပြီး ပုံစံ(၇)မူရင်းကို ဘဏ်မှာအပ်နှံရပါမယ်ဟု ၎င်းတာဝန်ရှိသူက ပြောသည်။

ရေနံချောင်းမြို့နယ် မြန်မာလယ်ယာဘဏ်အနေနှင့် ဆောင်းရာသီချေးငွေများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်းသီးနှံချေးငွေကျပ်သိန်း ၃၁၈၉ ဒသမ ၅၀ သိန်း ထုတ်ချေးပေးခဲ့ရာ နှစ်စဉ်ကြွေးကျန်မရှိကြောင်း သိရသည်။ "ကျွန်တော်တို့မြို့နယ်က မိုးနှင့်ဆောင်းဆိုပြီး စိုက်ပျိုးကြတယ်။ ဆောင်းသီးနှံစိုက်ချိန်မို့ တောင်သူတွေမျိုးစေ့၊မြေဩဇာ အလုပ်သမားစရိတ်လိုပါတယ်။ ကောင်းတဲ့အစီအစဉ်ပါပဲ။ ဒါပေမယ့် ပုံစံ(၇)စာအုပ်လက်ဝယ်မရှိသူတောင်သူအချို့ အတွက်အခက်အခဲ ဖြစ်နိုင်တယ်"ဟု တောင်သူတစ်ဦးက ဆိုသည်။ ၂၀၈ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို မေလမှစ၍ ဇူလိုင်လအတွင်း တောင်သူများအား ငွေကျပ် ၂၂၁၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**

## ပြည်ပဲတီစိမ်းသစ် ဈေးကောင်းရလျက်ရှိ

နိုဝင်ဘာလလယ် ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသစ်များအဝင်များလာပြီး တစ်ရက်အိတ် ၄၀၀ ကျော်အထိ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပန်းတောင်း၊ မင်းတုန်း၊ ကံမနှင့် ပြည်အနီးတဝိုက်မှ ဝင်ရောက်ခဲ့ကြပြီး ဝယ်လက်ကတော့ မန္တလေးဝယ်လက်အဝင်ရှိသလောက် ဝယ်ယူလျက်ရှိလို့ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲဈေးမှာ ပဲသစ်ဝင်စက ဈေးထက်ပိုလာတာကို တွေ့ရပြီး တစ်တင်းကျပ် ၃၃၀၀၀ ဖြင့် ရောင်းဝယ်နေခဲ့ကြပါတယ်။ ယခင်နှစ်က နိုဝင်ဘာလအတွင်း ပဲတီစိမ်းသီးနှံဈေးမှာ တစ်တင်းကျပ် ၂၈၀၀၀ ရရှိခဲ့တာကြောင့် ယခုနှစ်မှာ ပဲတီစိမ်းသစ် ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ဈေးနှုန်းပြန်လည် အေးသွားတဲ့မတ်ပဲ

သာယာဝတီခရိုင် ပဲမျိုးစုံဈေးကွက်အတွင်းမတ်ပဲသီးနှံဈေးနှုန်းများမှာ ယခင်သီတင်းပတ်အတွင်း ပြည်ပဝယ်လိုအားနဲ့အတူ ဈေးနှုန်းမြင့်တက်သွားပြီး ယခုသီတင်းပတ်အတွင်းမှာတော့ ဈေးနှုန်းများမှာ ဈေးကွက်ဝယ်လိုအားမရှိဘဲ ဈေးနှုန်းပြန်လည် ကျဆင်းသွားသည်ကိုတွေ့ရပါသည်။ယခင်သီတင်းပတ် မှာတော့ ပိဿာ(၂၀)တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ခန့်ရရှိပြီး ယခုသီတင်းပတ်မှာတော့ ကျပ် ၂၉၀၀၀ ထိ ဈေးအေးသွားသည်ကို လေ့လာတွေ့ရှိရပါသည်။ **ဝေဝေဖြိုး (သာယာဝတီ)**

## ရေစကြိုကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်အေး

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် ပဲမျိုးစုံအရောင်းအဝယ်အနည်းငယ်အေးလျက်ရှိပြီး မြေပဲဆန်ဈေးများမှာ မြေပဲနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၈၀၀-၂၈၅၀၊ ကျွန်းမြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ မြေပဲဖြူလုံးဆန် S1တစ်ပိဿာလျှင်ကျပ် ၂၈၀၀၊ M12 မြေပဲလုံးဆန် တစ်ပိဿာလျှင်ကျပ် ၂၈၀၀ ပေါက်ဈေးရှိကြောင်းသတင်းရရှိပါတယ်။ ယခုတစ်ပတ်တွင် မတ်ပဲဈေး အနည်းငယ်ကျပြီး အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၂၅၀၀၀မှ ကျပ် ၂၈၀၀၀ဈေးရှိပါတယ်။ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၆၅၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၄၅၀၀၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့်အိတ် ၁၀၀၊ ပဲပုပ်တစ်တင်းလျှင်ကျပ် ၂၅၀၀၀၊ နှမ်းဖြူသန့် တစ်တင်းလျှင် ၅၅၀၀၀ဈေးရှိကြောင်း ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## အိမ်နီးချင်းနိုင်ငံများသို့ နှမ်းရောင်စုံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှ နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၆ သန်းတန်ဖိုးရှိ နှမ်းညို (အခွံချွတ်) ၂၃ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ နှမ်းညိုတန် ၄၀ နဲ့နှိုင်းယှဉ်ပါက ၁၇ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၆၈ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၄၄၀၆ တန်ကျော် တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၁၇၈၇ တန်ကျော်၊ နှမ်းဖြူ ၇၁၇ တန်၊ နှမ်းညိုတန် ၆၀၀ နဲ့ နှမ်းညို(အခွံချွတ်) ၁၃၀၂ တန်စုစုပေါင်းတန်ချိန် ၄၄၀၆ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၄၁၇ တန်ကျော်နဲ့ နှိုင်း ယှဉ်ပါက ၁၉၈၉ တန်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်ဈေးကတော့ ၂၀၁၈၁၈၂ ကျပ်နဲ့နှမ်းနက်တစ်တန်ဈေး ၂၁၃၁၈၁၈ ကျပ်ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိခဲ့ပါဘူး။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၁၀၀၀ တန်ဖိုးရှိ နှမ်းဖြူ ၃၄ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့

မြန်မာတရုတ်နယ်စပ်ရှိ လွယ်ဂျယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၀၂၁၀ ကို တရုတ် နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။

စခန်း အလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၇၃၄ တန်ကျော်၊ လွယ်ဂျယ်မှ ၂၀၂၆ တန်ကျော်နဲ့ ချင်းရွှေ ဟော်မှ တန် ၅၄၅၀ ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က အဆိုပါ စခန်းသုံးခုမှ ပြောင်းတန်ချိန် ၂၃၂၈၅ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ၁၃၀၇၅ တန်လျော့နည်းခဲ့ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ရောယခု တစ်ပတ်ပါ ပြောင်းတစ်တန်ဈေး ၃၃၆၃၆၄ ကျပ်ဖြင့် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်သို့ ယခုတစ်ပတ်ပြောင်းကား ၁၁၉ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၂၁ စီးလျော့ နည်းခဲ့ကြောင်း၊ မန္တလေး-မူဆယ်သယ်ယူစရိတ်နှုန်းထားအနေဖြင့် ပြောင်းတစ်ပိဿာလျှင် ၄၅ ကျပ်ရှိကြောင်း သိရပါတယ်။

အလားတူအဆိုပါ သီတင်းပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၁၅၈၀ တန်ဖိုးရှိ ပြောင်း ၁၉၈ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့်ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်စေရေး SMEs လုပ်ငန်းများ တွန်းအားပေး

**စာမောင်-တောင်ကြီး**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရာတွင် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းသည် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပြည်တွင်း ပြည်ပကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ပင်ဖြစ်ပေသည်။

သို့ဖြစ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် နိုင်ငံတော်အစိုးရသည် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပေသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရှမ်းပြည်နယ်သည် သဘာဝသယံဇာတ ပေါများကြွယ်ဝပြီး သစ်သီးဝလံ ပန်းမန်နှင့်သီးနှံမျိုးစုံထွက်ရှိသည်။

ပြည်တွင်းပြည်ပပို့ကုန်များအဖြစ် ပြောင်း၊ သရက်၊ ထောပတ်၊ ကော်ဖီ၊ လက်ဖက်၊ မက္ကဒေးမီးယား၊ တစ်သျှူးငှက်ပျော၊ ပဲပုပ်၊ အာလူး၊ ကြက်သွန်ဖြူ ချင်း၊ နနွင်း၊ ခရမ်းချဉ်၊ နာနတ်၊ သစ်တော်၊ လိမ္မော်၊ ရှောက်ချို၊ စပျစ်၊ ဂေါ်ဖီထုတ်နှင့် ပန်းမျိုးစုံတို့စိုက်ပျိုးဖြစ်ထွန်းပါသည်။ အဆိုပါစိုက်ပျိုးရေးလုပ်ငန်းများကိုအစုအဖွဲ့၊အသင်းအဖွဲ့များဖွဲ့စည်းကာ ဆောင်ရွက်လာကြကာ ကဏ္ဍအလိုက် ပြည်တွင်းပြည်ပ ပညာရှင်များနှင့်အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ နည်းပညာများ ဖလှယ်ဆောင်ရွက်လာကြသဖြင့် Supply Chain တစ်လျှောက်အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြပေသည်။ ထွက်ကုန်များကို MSMEs လုပ်ငန်းများဖြင့် ဆောင်ရွက်လာကြသဖြင့် ကဏ္ဍအလိုက် Value added ပြုလုပ်ခြင်းဖြင့်လည်း အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိပြီး ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်လို့ ကုန်သွယ်မှု ပမာဏမြင့်မားတိုးတက်လာမှုနှင့် အတူနိုင်ငံတော်အတွက်လည်း သတ်မှတ်ထားသည့် အခွန်အခများတိုးတက်ရရှိလာခဲ့ပေသည်။

ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းအသီးသီးနှင့် MSMEs လုပ်ငန်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ပြီး ပြည်တွင်းပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် သတ်မှတ် အခွန်အခများရရှိနေသောလုပ်ငန်းများစွာရှိပေသည်။ အချို့ကိုတင်ပြရသော် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိ စပျစ်စိုက်ပျိုးရေးနှင့် ဝိုင်လုပ်ငန်း၊ CP ပြောင်းအခြောက်ခံစက်ရုံ၊ တောင်လေးလုံးကျေးရွာရှိ မြနဒီပြောင်းအခြောက်ခံစက်ရုံ၊ ကျားမင်းကြီးအရက်ချက်စက်ရုံ၊ တိုးနယားအရက် ပုလင်းသွပ်လုပ်ငန်းနှင့်ရေသန့်လုပ်ငန်းများ၊ညောင်ရွှေမြို့နယ် ရွှေလဖုံးရွာ Red Mountain စပျစ် စိုက်ပျိုးရေးနှင့် ဝိုင်စက်ရုံ၊ ကြံစိုက်ပျိုးရေးနှင့်သကြားစက်ရုံများ စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆန်စက်များ၊ အင်းလေးကန်အတွင်းရှိ ရက်ကန်းနှင့် ငွေထည်လုပ်ငန်းများ၊ ဆန်လုံးစေ့ကြော်လုပ်ငန်းများ၊ ရက်စောက်မြို့နယ်နှင့် နမ့်စန်မြို့နယ်အတွင်းရှိ ပြောင်းအခြောက်ခံစက်ငယ် လုပ်ငန်းများ၊ ကလောမြို့နယ်နှင့် အောင်ပန်းမြို့ရှိ အာလူးစိုက်ပျိုးရေးနှင့် အာလူးကြော်လုပ်ငန်းများ၊ ကလောမြို့ တစ်ပိုင်တစ်နိုင်ဝိုင်လုပ်ငန်းများ၊ ပင်းတယမြို့နယ် လက်ဖက်စိုက်ပျိုးခြင်းနှင့် Green Tea စက်ရုံ၊ ကလောမြို့နယ် လက်ဖက်အခြောက်ခံလုပ်ငန်းများ၊ ရွာငံမြို့နယ် ကော်ဖီစိုက်ပျိုးခြင်းနှင့် Genius ဉာဏ်ကြီးရှင်ကော်ဖီလုပ်ငန်း၊ အေးသာယာစက်မှုဇုန်ရှိ သစ်ပြန်စိတ်ခြင်း၊ ကားဘော်ဒီ ဆေးသုတ်ခြင်း၊ ဆီစက်ကြိတ်ခုံထုတ်လုပ်ခြင်းလုပ်ငန်း၊ တိုင်းရင်းဆေးအမှုန့်ကြိတ်ခြင်း၊ အုတ်ဘလောက်ပြုလုပ်ခြင်း၊ သံပန်းသံတံခါးနှင့်စတီးအလှဆင်ခြင်း၊တက်ချောင်မွေးမြူရေး အစာစပ်ခြင်းလုပ်ငန်းများ၊ ကျိုင်းတုံမြို့ဝက်ခေါက်လုပ်ငန်း ၊ ဝက်အူချောင်းလုပ်ငန်း၊ မုန့်တီလုပ်ငန်းများနှင့် ပဲငံပြာရည်လုပ်ငန်းများ၊ လားရှိုးမြို့ စီးကရက်လုပ်ငန်း၊ ဝါးတူလုပ်ငန်း၊ သီပေါ၊ လားရှိုး၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များတွင် ကြံစိုက်ပျိုးရေးနှင့်သကြားစက်လုပ်ငန်းများရှိပေသည်။

MSMEsလုပ်ငန်းများဆောင်ရွက်ကြရာတွင် လုပ်ငန်းတိုင်းသည်ထုတ်ကုန်ထုတ်လုပ်ရေးကိုသာဦးတည်ပြီး လုပ်ဆောင်ခြင်းမပြုကြဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါအထောက်အကူပြုရန် ဆောင်ရွက်ကြရပေမည်။ ထုတ်ကုန်များ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပ ပြိုင်ပွဲတွေမှာ ပါဝင်ဆောင်ရွက်ကြရန် တွန်းအားပေးရပေမည်။ ပြည်တွင်း/ပြည်ပပြိုင်ပွဲတွေမှာ အခြားလုပ်ငန်းရှင်များရဲ့ စိတ်ကူးပုံဖော်မှု ကြိုးပမ်းအားထုတ်မှုများကို အတုယူပြီး ဈေးကွက်မိမိရရ ချိတ်ဆက်ရေး၊ မိမိထုတ်ကုန်များ ရေရှည်တည်တံ့ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်ရန်လိုအပ်ပေသည်။

ပြည်တွင်းနှင့်နိုင်ငံတကာ Trade Fair များ၊ Business Matchingအစီအစဉ်များနဲ့Business Plan Competition များသို့လည်း ချိတ်ဆက်ပေးနိုင်ရန် လိုအပ်လှပါသည်။ သို့မှသာ MSMEsလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာကာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများပွင့်လင်းပြီး ကုန်သွယ်မှု ပမာဏ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မုံရွာမြို့ပေါ်ရှိ မုန့်မျိုးစုံလက်ကား ရောင်းဝယ်သည့်ဆိုင်များသို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေး

မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင် ဦးစီးမှူး ဦးသက်နိုင် ဦးဆောင်၍ တိုင်းဒေသကြီး FDA ၊ မြို့နယ် ကျန်းမာရေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့ စုစုပေါင်းအင်အား ၁၄ ဦးဖြင့် မုံရွာမြို့ပေါ်ရှိမုန့်မျိုးစုံလက်ကား ရောင်းဝယ်သည့်ဆိုင်များသို့ နိုဝင်ဘာ ၁၄ ရက်က ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရပါတယ်။

ကွင်းဆင်းစစ်ဆေးခဲ့သည့် ကျောက္ကာလမ်းရှိဆင်းမင်း -၄၊ ဗိုလ်ချုပ်လမ်းရှိ ငွေစင်ရော်၊ တရုတ်တန်းလမ်းရှိ သင်းပဒေသာ၊ မာယလမ်းရှိ ဒေါ်ကြီးမြဆိုင် စုစုပေါင်းလေးဆိုင်၏ ဆိုင်ရှင်များအား ၂၀၁၄ခုနှစ် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)အရ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များပေါ်တွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြ၍ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်သွားရန် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီက အောက်တိုဘာလ ၂၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်းကို အောက်တိုဘာလ ၂၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိပါသဖြင့် အမိန့်ကြော်ငြာစာထုတ်ပြီးခြောက်လပြည့်သည်နှင့် လိုက်နာမှုမရှိပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ(၁၉)အရ အရေးယူမှုများ လုပ်ဆောင်တော့မည်ဖြစ်၍ မိမိတို့ဌာနမှလာရောက် ကြိုတင်သတိပေးခြင်းဖြစ်ပါကြောင်း၊ Miki Ko အမှတ်တံဆိပ် စားသောက်ကုန်များအား ဈေးကွက်အတွင်းဖြန့်ဖြူး ရောင်းချခြင်းမပြုရန်၊ စားသုံးရန်မသင့် တားမြစ်ထားသော စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများကို FDAမှ သတင်းစာများတွင် ကြေညာသဖြင့် သတင်းစာကို နေ့စဉ်ဖတ်ရှုကြရန်၊ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသုံးသူ၊ ထုတ်လုပ်သူ၊ ရောင်းဝယ်သူများ အားလုံးပူးပေါင်းပါဝင်၍ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရန် အသိပညာပေးပြောကြားခဲ့ပါသည်။

**သန်းသန်းတင်( မုံရွာ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၅ . ၁၁ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT. PENYUAN | P'Oil(In Bulk)၆၀၀၀ချရန် |
| ထီးတန်းဆိပ်ကမ်း (၂) | - SINAR BANDUNG | ကုန်သေတ္တာ ၄၉၀တင်၃၅၆ချရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - ALS SUZURAN | ကုန်သေတ္တာ၅၉၀ တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - EF ELENA | ကုန်သေတ္တာ ၃၆၃တင်ရန် |
| စက်မှုဆိပ်ကမ်း (၂) | - ANAN BHUM | ကုန်သေတ္တာ ၆၁၅ တင်၃၆၉ ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - COCOGYUN | Steel Bar ၉၅၀၀ ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - OLYMPIA | ကုန်သေတ္တာ ၆၉၈တင် ၂၅၅ချရန် |
| သီလဝါဆိပ်ကမ်း (၁) | - KOTA HASIL | ကုန်သေတ္တာ ၂၄၂တင်၉၇ချရန် |
| GREEN ASIA JETTY | - MT YU DONG | Diesel Oil +Mogas 92 (Ron)၁၇၅၆ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| JACARAKDA | G/C ၁၃၉၉ တန်ကုန်ချရန် | - | ၁၆.၁၁.၂၀၁၈ |
| TUG;ASL PELICAN | Draw Back Cargo 1620 တင်ရန် | - | ၁၆.၁၁.၂၀၁၈ |
| TUG;MARITIME | REPAIR AND MAITEWTENANCE | INDIA | ၁၇.၁၁.၂၀၁၈ |
| PUTRI SMIT BORNEO | | | |
| IBI | Urea (In Bulk) ၁၅၀၀၀ ကုန်ချရန် | UAE | ၁၈.၁၁.၂၀၁၈ |
| AZAMARA QUEST | CruiseVehicle PAX ၆၀၈ | SRI LANKA | ၁၈.၁၁.၂၀၁၈ |
| VIKING SEA | Unite Vehicle(RO/RO) ၁၄၀ ကုန်ချရန် | JAPAN | ၂၀.၁၁.၂၀၁၈ |
| SERENE JESSICA | Coal (In Bulk) ၃၀၀၀၀ ကုန်ချရန် | CHINA | ၂၁.၁၁.၂၀၁၈ |
| NORTH QUAY | Steel Product ၃၁၂၃၀ ကုန်ချရန် | CHINA | ၂၉.၁၁.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅.၁၁.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁၁.၂၀၁၈ |
| OEL MALAYSIA | SINGAPORE | အလုံဆိပ်ကမ်း | ၁၆.၁၁.၂၀၁၈ |
| SANGIO RGIO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၆.၁၁.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၆.၁၁.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၁၁.၂၀၁၈ |
| CTP FORTUNE | SINGAPORE | သီလဝါ/အလုံ | ၁၈.၁၁.၂၀၁၈ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၁၁.၂၀၁၈ |
| MCC MERGUI | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၉.၁၁.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁၁.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၁၁.၂၀၁၈ |
| OCEAN PRABE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၂.၁၁.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | Diesel Oil | - | ၁၅.၁၁.၂၀၁၈ |
| MT.AROMONIA | P'Oil(In Bulk) | INDONESIA | ၁၅.၁၁.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | MALAYSIA | ၁၆.၁၁.၂၀၁၈ |
| MT.SENNA-3 | LPG GAS | SINGAPORE | ၁၆.၁၁.၂၀၁၈ |
| MT.AU VIRGO | P'Oil(In Bulk) | INDONESIA | ၁၆.၁၁.၂၀၁၈ |
| MT.NORD SWAN | MOGAS (92Ron) | SINGAPORE | ၁၇.၁၁.၂၀၁၈ |
| MT.OCEAN BASS | Diesel Oil | SINGAPORE | ၁၈.၁၁.၂၀၁၈ |
| MT.FLY SEAL | MOGAS (92Ron) | SINGAPORE | ၁၉.၁၁.၂၀၁၈ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၂၀.၁၁.၂၀၁၈ |
| MT.VIETNAM LUCKY | P'Oil(In Bulk) | INDONESIA | ၂၀.၁၁.၂၀၁၈ |
| MT.ATALANTA | Diesel Oil | SINGAPORE | ၂၁.၁၁.၂၀၁၈ |
| MT.PHUBAI PATTRA-2 | Diesel Oil | SINGAPORE | ၂၁.၁၁.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂၆.၁၁.၂၀၁၈ |
| MT.VITESSE | Diesel Oil | SINGAPORE | ၂၆.၁၁.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၂၆.၁၁.၂၀၁၈ |

## မူဆယ်နဲ့ချင်းရွှေဟော်မှ လက်ဖက်ခြောက်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်မှ နိုဝင်ဘာ ၃ ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၈၈၁ တန်ဖိုးရှိလက်ဖက်ခြောက် တန် ၇၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၅ တန်နဲ့ ချင်းရွှေဟော်မှ ၃၅ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၁၃ တန်၊ ချင်းရွှေဟော်မှ ၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တရုတ်နိုင်ငံသို့လက်ဖက်ခြောက် ၅၃ တန်ခွဲပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

Green Tea ထုတ်ကုန်များအဖြစ် ကမ္ဘာပေါ်တွင် အမျိုးအစားရာကျော်ရှိပြီး နိုင်ငံအချို့တွင် Green Tea ရေနွေးကြမ်းသောက်တဲ့စနစ်ကို သဘာဝပစ္စည်းများနဲ့ပေါင်းစပ်ပြီး ဆန်းသစ်တီထွင်မှုများပြုလုပ်လာကြောင်း၊ မြန်မာ့လက်ဖက်အနေနဲ့ ဆက်လက်လုပ်ဆောင်ရန်လမ်းကြောင်းများမှာ ကျန်ရှိနေပြီး နိုင်ငံအချင်းချင်းလည်း ဈေးရောင်းပွဲတော်တွေ ဖန်တီးပေးရန် လိုအပ်နေကြောင်း မြန်မာလက်ဖက်အသင်းအစုအဖွဲ့မှ သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

# ပြည်ဈေးကွက်အတွင်း နယ်စုံမှကြက်သွန်နီများ ပိုမိုဝင်ရောက်လျက်ရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်းသို့ နယ်စုံမှထွက်ရှိသော ကြက်သွန်နီများ ပိုမိုဝင်ရောက်မှုရှိနေကြောင်းသိရပြီး အောင်လံ၊ တောင်တွင်းဘက်မှ ပိသာ (၃၀) ဝင်အိတ် ၁၅၀-၁၈၀ခန့် နေ့စဉ်ဝင်ရောက်မှုရှိသလို ဆိပ်ဖြူ၊ ပခုက္ကူဘက်မှ အိတ် ၄၅၀-၅၀၀ ခန့် ဝင်ရောက်မှုရှိနေကြောင်းလည်း သိရပါတယ်။ အောင်လံ၊ တောင်တွင်းဘက်မှ ကြက်သွန်နီများမှာ အရည်အသွေးအားဖြင့် သိပ်မကောင်းသည့်အတွက် ဈေးနှုန်းမှာလည်း တစ်ပိသာလျှင် ကျပ် ၇၀၀-၉၀၀-၁၀၀၀ စသည့် ဈေးအနိမ့်ဖြင့် ပြည်ပွဲရုံများသို့ ဝင်ရောက်မှုရှိနေတာတွေ့ရပါတယ်။ ဆိပ်ဖြူ၊ ပခုက္ကူဘက်မှ ကြက်သွန်နီများမှာတော့ အရည်အသွေးကောင်းပြီး ဈေးနှုန်းမှာလည်း တစ်ပိသာလျှင် ကျပ် ၁၁၀၀-၁၂၀၀-၁၃၀၀ စသည့် ဈေးအမြင့်ဖြင့်ဝင်ရောက်မှု ရှိနေကြောင်း သိရပါတယ်။ အဝင်များနေပေမယ့် အရောင်းအဝယ်မှာ ဝင်ရောက်မှုများပြားသလောက် အရောင်းအဝယ် မဖြစ်ဘဲ ဝင်ရောက်မှုရဲ့တစ်ဝက် နီးပါးခန့်သာအရောင်းအဝယ် ဖြစ်နေကြောင်း သိရပါတယ်။ ဈေးနှုန်းအားဖြင့် ပြည်ပွဲရုံ လက်ကားဈေးတစ်ပိသာလျှင် အရည်အသွေးပေါ် မူတည်၍ ကျပ် ၇၀၀ မှ ကျပ် ၁၃၀၀ ထိ အသီးသီးသတ်မှတ်ရောင်းချလျက် ရှိနေပေမယ့် လက်လီဈေး အသေးများတွင် တစ် ပိသာကို (ကြီး) ကျပ် ၁၅၀၀-၁၆၀၀၊ (လတ်) ကျပ် ၁၃၀၀-၁၄၀၀၊ (သေး) ကျပ် ၁၁၀၀-၁၂၀၀ စသည်ဖြင့်ရောင်းဝယ်လျက် ရှိကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ (ပြည်)**

# ပခုက္ကူခရိုင်အတွင်းတွင် ကြက်သွန်နီအဝင်နည်းပြီး ဈေးငြိမ်နေ

ယခုတစ်ပတ် ပခုက္ကူမြို့မဈေးသို့ ကြက်သွန်နီ မိုးစိုက်(ဉစိုက်) ကြက်သွန်နီများအနည်းငယ် ဝင်ရောက်လျက်ရှိပြီး၊ ကြက်သွန်နီ အသစ်တစ်ပိသာလျှင် ကျပ် ၆၀၀-၇၀၀-၈၀၀ ဈေးရှိကြောင်းသိရပါတယ်။ ပခုက္ကူ ကြက်သွန်နီ ကုန်ဝယ်ဒိုင်တွင် ကြက်သွန်နီ အဝင်နည်းလျက်ရှိပြီး၊ ဈေးအနည်းငယ် ကျဆင်းနေကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်နီလက်ကားဈေးနှုန်းများမှာ ထိပ်စတစ်ပိသာလျှင် ကျပ် ၈၆၀-၉၀၀-၉၅၀-၁၀၀၀၊ လတ်စတစ်ပိသာလျှင် ကျပ် ၈၀၀-၈၅၀၊ အနိမ့်စတစ်ပိသာလျှင် ကျပ် ၆၅၀-၇၀၀ ပေါက်ဈေးဖြင့် နေ့စဉ်ကုန်ချိန် ၂၀၀၀၀ မှ ၄၅၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးမြို့များသို့လည်း ပုံမှန်တင်ပို့လျက်ရှိပါတယ်။ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီ လက်ကားဈေးနှုန်းများမှာ ထိပ်စတစ်ပိသာလျှင် ကျပ် ၈၅၀-၉၅၀-၉၀၀-၁၀၇၅၊ အလတ်စတစ်ပိသာလျှင် ကျပ် ၇၅၀-၈၇၅-၉၇၅၊ အနိမ့်စတစ်ပိသာလျှင် ကျပ် ၆၃၅-၈၀၀-၉၀၀ ပေါက်ဈေးဖြင့် ပိသာချိန် ၂၀၀၀၀ မှ ၆၀၀၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

# တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံသို့ ကြက်သွန်နီတင်ပို့ပြီး အိန္ဒိယနိုင်ငံသို့ ကြက်သွန်ဖြူတင်ပို့

နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၁ သန်းတန်ဖိုးရှိကြက်သွန်နီတန် ၅၀၀ ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၆၄၄၈ တန်ဖိုးရှိ ကြက်သွန်နီ ၆၈ တန်ကိုလည်းကောင်း၊ တာချီလိတ်မှလည်း အမေရိကန်ဒေါ်လာ ၃၃၀၀၀ တန်ဖိုးရှိ ကြက်သွန်နီတန် ၁၀၀ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးမှအဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၆၈ တန်ဖိုးရှိ ကြက်သွန်ဖြူ ခုနစ်တန်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

၂၀၁၁ခုနှစ်မှစ၍ ကြက်သွန်နီကို ပြည်ပသို့စတင် တင်ပို့ခဲ့ပြီး နှစ်စဉ်ပိုမိုတင်ပို့နိုင်ပေမယ့် ပြည်တွင်းစားသုံးမှု များပြားခြင်း၊ ပြည်တွင်းပေါက်ဈေးမှာ ပြည်ပပေါက်ဈေးထက်ကြီးမြင့်ခြင်း၊ ပုပ်သိုးလွယ်တဲ့ပစ္စည်းဖြစ်လို့ ပင်လယ်ရေကြောင်းမှ တင်ပို့ရန် ခက်ခဲတာကြောင့် နယ်စပ်ကုန်သွယ်မှုဖြင့်သာ တင်ပို့မှုရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ချင်း

# ရှမ်းချင်း(ဉမ) ဈေးကောင်းရနေ

အောင်ပန်းဈေးကွက်မှာ ချင်း(စို)က အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ဒီနှစ်မှာ ချင်း(ဉမ)ဈေးကလည်း မထင်မှတ်လောက်အောင်ကိုဈေးကောင်းခဲ့ပါတယ်။ အစို တစ်ပိသာ ကျပ် ၁၂၀၀ ခန့် ဈေးပေါက်ခဲ့ပါတယ်။ ချင်း(ဉမ)ကိုတော့ အရည်ရွှန်းပြီး ချင်းတက်လှီးရတာလွယ်ကူလို့ ခားလှီးချင်းတွေလုပ်ဖို့အတွက် ဝယ်ယူမှုများတာကြောင့် အရောင်းအဝယ်ကောင်းခဲ့ပြီး ဈေးကွက်မှာ လက်ကျန်တွေ ပြတ်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ ချင်း(ဉမ)က အထွက်နှုန်းလည်း နည်းပြီး အထားလည်းမခံတာကြောင့် ပွဲရုံတွေ၊ တောင်သူတွေကလည်း လက်ထဲမှာအကြာကြီးမထားချင်ပါဘူး။ ချင်းတက်ကတော့ ဉမထက်ပိုပြီး အထွက်နှုန်းများသလို တာရှည်လည်း အထားခံ(နှစ်ပေါက်)အောင်ထားလို့ရတာကြောင့် ဝယ်လက်တွေက ဝယ်ယူစုပုံထားပြီး ဈေးကောင်းကိုစောင့်ပြီး ရောင်းကြတယ်လို့လည်းသိရပါတယ်။ ချင်းတက်တွေလည်း တဖြည်းဖြည်းနဲ့ ဈေးကွက်မှာ အဝင်များလာပါပြီ။ သီတင်းကျွတ်ကာလပြီးလို့ တန်ဆောင်တိုင်ပွဲတော်ဖြစ်တော့မှာဖြစ်လို့ အလှူပွဲတွေ ဆက်တိုက်ဖြစ်နေတာကြောင့် တောင်သူတွေကလည်းလုပ်ငန်းခွင်သိပ်ပြီး မဝင်သေးဘူးလို့လည်းသိရပါတယ်။ ဒါကြောင့်ပစ္စည်းတွေကလည်းဈေးကွက်မှာအများကြီးဝင်လာတာမရှိသေးပါဘူး။ ငါးရက်တစ်ဈေးကို ပိသာချိန်သောင်းဂဏန်းပတ်ချာလည်ခန့်သာ အဝင်ရှိနေသေးတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို)တစ်ပိသာဈေးက အနိမ့်ဆုံး ကျပ် ၅၀၀ မှ အမြင့်ဆုံးကျပ် ၆၀၀ ဈေးရှိနေပါတယ်။ ချင်းခြောက်ကတော့ တစ်ပိသာကိုကျပ် ၉၀၀ မှ၁၀၀၀ ဈေးရှိတယ်လို့သိရပါတယ်။ ထိပ်စက ကျပ် ၁၈၀၀ နဲ့လတ်စက ကျပ် ၉၅၀ ဈေးရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

# ချင်းပြန်လည်တင်ပို့

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်းချင်း ၂၆ ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ နှစ်ပတ်ဆက်တိုက် အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၄၈၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

# နနွင်းတန်ချိန် ၅၀သာ တင်ပို့နိုင်

နိုဝင်ဘာ ၄ ရက်မှ ၁၀ရက် သီတင်းပတ်အတွင်း နနွင်း တန်၅၀ ကို ပင်လယ်ရေကြောင်းလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၂၂၀ ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၀ ကျော်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

# ရှမ်းနနွင်း ပုံမှန်အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းက အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။အောင်ပန်းဈေးကွက်မှာတော့ အဝင်မရှိသလောက်ဖြစ်နေပါပြီ။ တောင်သူတွေက လက်ကျန်နနွင်းတွေကို ထုတ်ရောင်းနေလို့ ၅ရက်တစ်ဈေးမှာ ပိသာချိန်ဆယ် ဂဏန်းခန့်သာ အဝင်ရှိနေတယ်လို့လည်း သိရပါတယ်။ ပြည်တွင်းအသုံးပြုဖို့အတွက်သာ အဝယ်ရှိနေတာကြောင့် တစ်ပတ်အတွင်းမှာ ပိသာချိန်ပေါင်းခြောက်သောင်းခွဲခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိသာ အနိမ့်ဆုံး ကျပ် ၉၀၀ မှ အမြင့်ဆုံး ကျပ် ၂၀၀ ရှိပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း နနွင်းကပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ဆိုပါတယ်။ ချင်းသစ်တွေမပေါ်သေးလို့ဈေးကွက်မှာ နနွင်းတစ်မျိုးတည်းသာ ရောင်း/ဝယ်မှုဖြစ်နေတယ်လို့ ဒေသခံတွေထံက သိရပါတယ်။ ဈေးကွက်မှာတော့ နနွင်း အရည်အသွေးပေါ် မူတည်ပြီး ဈေးနှုန်းသတ်မှတ်ကြပါတယ်။ ထိပ်စလို့ခေါ်တဲ့ (No.1) နဲ့လတ်စလို့ခေါ်တဲ့(No.2) ဆိုပြီး ရောင်းချနေပါတယ်။ ပြည်ပဝယ်လက်မရှိဘဲ ပြည်တွင်းဝယ်လက်တွေသာ ဝယ်နေပေမယ့်တစ်ပတ်အတွင်းမှာ ပိသာချိန်တစ်သောင်းခွဲ ပတ်ချာလည်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းလက်ကျန်က ပိသာချိန် သောင်းဂဏန်းခန့်သာ ကျန်ရှိနေပြီး တစ်ပိသာပေါက်ဈေးကတော့ ထိပ်စက ကျပ် ၁၈၀၀ နဲ့လတ်စက ကျပ် ၉၅၀ ဈေး ရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုပို

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၅၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာစင်ကာပူနိုင်ငံသို့ တန်ချိန် ၂၀၀၊ ယီမင်နိုင်ငံသို့ ၂၇ တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ ၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း၈၅ တန် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄၅၄၀၀ ဝင်ငွေ ရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**



## သကြား

# မူဆယ်နဲ့ချင်းရွှေဟော်မှ သကြားတင်ပို့

နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၈၃ သန်းတန်ဖိုးရှိ Re-Export သကြား ၁၀၈၀၄ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၈၄၂၈ တန်နဲ့ ချင်းရွှေဟော်မှ ၂၃၇၆တန် ဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်လျှင် ကျပ် ၁၀၃၄၁၅၀ ရှိရာမှ နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အတွင်း ကျပ် ၁၀၃၂၈၅၀သို့ဈေးထပ်မံကျဆင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မြန်မာနိုင်ငံ ကြံနှင့်သကြားစက်မှုလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေဖို့

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝအရ ကြံသီးနှံဖြစ်ထွန်းသည့် အနေအထားရှိခြင်း၊ လူသားအရင်းအမြစ်အရ လုပ်ခစရိတ်သက်သာခြင်း၊ ကြံစိုက်ပျိုး သကြားထုတ်လုပ်မှုဆိုင်ရာ နည်းပညာကျွမ်းကျင်သူများ အထိုက်အလျောက်ရှိခြင်းနှင့် သကြားလိုအပ်ချက်ရှိနေသည့် အိမ်နီးချင်းနိုင်ငံများသို့တင်ပို့ရောင်းချနိုင်သည့် ဈေးကွက်အလားအလာရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံကြံနှင့်သကြားစက်မှုလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှမ်းမဝေးသည့် အနေအထားတွင် ရှိနေပါသည်။ မြန်မာနိုင်ငံ၌ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကြံစိုက်ဧက(၄)သိန်းကျော် စိုက်ပျိုးခဲ့ပြီး နှစ်စဉ် သကြားအထွက် တန် ၄ သိန်းမှ ၅ ဒသမ ၅ သိန်းခန့် ထွက်ရှိပါသည်။ သကြားစက်ပေါင်း (၂၂)စက်ခန့်ရှိသည်ဟု သိရှိရပြီး ကြိတ်ဝါးကြံရရှိမှုလျော့နည်းခြင်းမှ အစပြု၍ သကြားစက်ရုံများအနေဖြင့် စက်စွမ်းအားပြည့် ကြိတ်ဝါးနိုင်မှုမရှိဘဲ သကြားထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားခြင်းကြောင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအား လျော့နည်းနေသဖြင့် မြန်မာနိုင်ငံ ကြံနှင့် သကြားစက်မှုလုပ်ငန်း ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရမည့်အချိန်အခါပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသည့် တရုတ်နိုင်ငံ၏ သကြားစားသုံးမှုမှာလည်း တစ်နှစ် တန်ချိန် ၁၉ သန်းခန့်ရှိပြီး တရုတ်နိုင်ငံ၏ ကြံ၊ သကြားစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့်တန်ချိန် ၁၀ သန်းခန့်ရှိသဖြင့် နှစ်စဉ်တန်ချိန် ၉ သန်းခန့် လိုအပ်ချက်ရှိသောကြီးမားသည့် ဈေးကွက်ကြီး ဖြစ်ပေါ်လျက်ရှိနေပါသည်။ ယခုအချိန်ဟာ မြန်မာ့ကြံသီးနှံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် အဆင့်အတန်းမြင့်သကြားစက်ရုံများအပြင် လောင်စာစွမ်းအင် ဖြည့်ဆည်းနိုင်မှုအတွက် အီသနောထုတ်လုပ်နိုင်မည့် စက်ရုံများအခန်းကဏ္ဍမှာ လွန်စွာအရေးပါတဲ့ အချိန်ပဲဖြစ်ပါသည်။

## ကြံသမိုင်းနှင့် စက်မှုသီးနှံ

မြန်မာနိုင်ငံသို့ ကြံသီးနှံများရောက်ရှိလာမှုမှာ ဘီစီ (၆၀၀၀) ခန့်မှစတင်၍ ပါပူဝါနယူးဂီနီကျွန်းမှ အင်ဒိုနီးရှားမှတစ်ဆင့် တနင်္သာရီတိုင်းမှသည် မြန်မာပြည်အနှံ့ ပျံ့နှံ့လာကြောင်း၊ မြန်မာနိုင်ငံမှတစ်ဆင့် တရုတ်၊ အိန္ဒိယဒေသများသို့ ပျံ့နှံ့ခဲ့ကြောင်း၊ ဘီစီ (၁၅၀၀)ခန့်တွင် စုပ်ကြံမျိုးများရောက်ရှိလာပြီး ယနေ့ ချက်ကြံများသည် တရွေ့ရွေ့ဆင်းသက်လာသော ကြံမျိုးကွဲများဖြစ်သည့် အိုတာယီတီကြံသည် မော်ရေးရှပ်၌ ၁၇၃၇ ခုနှစ်၊ အိန္ဒိယမဒရပ်၌ ၁၈၂၇ ခုနှစ်နှင့် ၁၈၃၈ ခုနှစ်တွင် တောင်ငူကြံဝါ ဟုအမည်ခေါ်တွင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သကြားချက်လုပ်မှုမှာ AD -၁၂၈၇-၁၅၅၅ (အင်းဝခေတ်)တွင် သကြားဖြူချက်လုပ်နိုင်ခဲ့ပြီး၊ AD-၁၇၈၁-၁၈၁၉ (ဘိုးတော်ဘုရားလက်ထက်) အမရပူရ နေပြည်တော်တွင် သကြားအကြမ်းချက်လုပ်နိုင်ခဲ့ကာ သက္ကရာဇ် ၁၈၄၃ ခုနှစ် ကျိုက္ခမီမြို့တွင် တစ်ရက်ကြံတန် ၄၀ တန်မှ ၅၀ တန် ကြိတ်ဝါးနိုင်သော သကြားစက်ကို ပထမဆုံး တည်ဆောက်လည်ပတ်ခဲ့ကြောင်းနှင့် ၁၉၂၆ ခုနှစ်တွင် မွန်ပြည်နယ်၌ နှင်းပုလဲသကြားစက်နှင့် တောင်ငူခရိုင်၌ ဇေယျဝတီသကြားစက်၊ ၁၉၅၆ ခုနှစ်တွင် နမ္မတီးသကြားစက်၊ ၁၉၅၇ ခုနှစ်တွင် ပျဉ်းမနားသကြားစက်များ တည်ဆောက်လည်ပတ်ခဲ့ပါသည်။

## ကြံသီးနှံ၏သဘာဝ

ကြံသီးနှံမှာ မြန်မာနိုင်ငံတွင် မည်သည့်ဒေသမဆို ကြံစိုက်ပျိုး၍ ရနိုင်ပြီး ပူအိုက်စွတ်စိုသော ရာသီဥတု၊ မြေအချဉ်အငံဓာတ်မှာ PH(6) မှ ၆ ဒသမ ၅အတွင်း မိုးရေချိန် လက်မ ၄၀ မှ လက်မ ၆၀အတွင်း စိုထိုင်းဆမှာ ၈၀ ရာခိုင်နှုန်းနှင့် အလင်းရောင်လိုအပ်မှု ၁၂ နာရီရှိပြီး အပူချိန် (28 HHC မှ 30 HHC) ကြားဆိုလျှင် အသင့်တော်ဆုံးဖြစ်ပါသည်။

ကြံခင်းသစ်မှ အထွက်ကောင်း လမိုင်းထားလျှင် တစ်ကြိမ်စိုက်ပျိုးရုံဖြင့် တစ်ကြိမ်မက ခုတ်သိမ်းနိုင်ပြီး ကြံလမိုင်းထားမှုမှာ (၂) နှစ်မှ (၃)နှစ်ထိ အသုံးပြုနိုင်ပါသည်။ ကြံလမိုင်းထားမည့် အခင်းသည် ကြံအထွက်ကောင်းသော ဓာတ်မြေဩဇာထည့်သွင်းပြီး ရောဂါပိုးမွှားကင်း၍ ရေသွင်းနိုင်သော ကြံခင်းသစ်မှ ကြံလမိုင်းကောင်းရရှိနိုင်ကာ စောစောခုတ်သိမ်းခြင်းဖြင့် လမိုင်းအပင်ပေါက်ကောင်းမည်ဖြစ်ကာ အပူများသောရာသီဥတုတွင် ရေပေးသွင်းခြင်း၊ ကြံရွက်ခြောက်များကို ကြံတန်းကြားအပင်ခြေရင်းတွင် စုပုံပေးခြင်းဖြင့် ကြံလမိုင်းထားခြင်းကို စနစ်တကျပြုပြင်ပေးပါက ပင်ပွားများရရှိပြီး ကြံအထွက်နှုန်းမှာ ပထမနှစ်ထက်ပင် သာလွန်ခြင်း စောစီးစွာရင့်မှည့်၍ ကြံအရည်အသွေးကောင်းမွန်ခြင်းကို ရရှိမည်ဖြစ်ပါသည်။



## ကြံသီးနှံနှင့်သကြားစက်မှုလုပ်ငန်း

သကြားစက်မှုလုပ်ငန်းသည် ကြံစိုက်ပျိုးတောင်သူများ၊သကြားစက်ရုံပိုင်ရှင်များ Service Provider များ၊ Input Supplierများ၊သကြားကုန်ကြမ်း အခြေခံစက်မှုလုပ်ငန်းများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ စားသုံးသူများစသဖြင့် ကဏ္ဍမျိုးစုံပါဝင်သည့် စက်မှုလုပ်ငန်းဖြစ်ပါသည်။ ကြံသီးနှံသည် စပါး၊ ပြောင်း၊ ဝါကဲ့သို့ ကြာရှည်သိုလှောင်ပြီး ရောင်းချနိုင်သော လယ်ယာထွက်ကုန်မဟုတ်ပေ၊ ကြံသည်ခုတ်ပြီး သကြားဓာတ်ပျက်ပြယ်ယိုယွင်းမှုရှိသလို ကြံမျိုး၏ ရင့်မှည့်မှုကာလ အပိုင်းအခြားအလိုက် သကြားဓာတ်ပါဝင်မှုသည် ပြောင်းလဲတတ်ပါသည်။ ထို့ကြောင့် ကြံသီးနှံကို လှောင်ကုန် အဖြစ် ထိန်းသိမ်းရောင်းချရန် မလိုသလိုစက်ရုံကလည်း ကြံကိုဝယ်ယူစုဆောင်းပြီး မကြိတ်နိုင်ပါ။ အချိန်မီအခါမီရာသီမီအချိုးကျခုတ်သိမ်း၍ အမြန်ကြိတ်ဝါးရန် လိုအပ်ပါသည်။ စက်ရုံ၏ ကြိတ်ဝါးရေးအစီအစဉ်သည် စနစ်တကျ အလှည့်ပေး ခုတ်သိမ်းရေးပေါ်မူတည်သလို ဝယ်ယူခုတ်သိမ်းရေးနှင့်အညီ စိုက်ပျိုးရေးကို တစ်ထပ်တည်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤသဘာဝသည် ကြံစိုက်တောင်သူနှင့်စက်ရုံတို့ သူ့သဘောသူဆောင်၍ သီးခြားလွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားမှုကို ကန့်သတ်လိုက်ခြင်းပင်ဖြစ်ပါသည်။

သကြားထုတ်လုပ်မှုဖြစ်စဉ်သည် ကြံစိုက်ပျိုးရေး၊ ဝယ်ယူရေး၊ သယ်ယူရေးနှင့် ကြိတ်ဝါးရေးထုတ်လုပ်ရေးဟူ၍ ကဏ္ဍကြီး ၃ ခု ဆက်စပ်ပေါင်းစည်းပါဝင်ပါသည်။ ဤကွင်းဆက်သည် တစ်ခုပြီးမှ တစ်ခုလွတ်လပ်စွာ သီးခြားစီဆောင်ရွက်ရခြင်းမဟုတ်ဘဲ ရှေ့တစ်ခုက နောက်တစ်ခုအပေါ် အကျိုး သက်ရောက်နေသလို နောက်တစ်ခု၏ဖြစ်စဉ်ကလည်း ရှေ့ဖြစ်စဉ်အပေါ် ပြန်လည်အကျိုးသက်ရောက်နေပြန်သဖြင့် ကဏ္ဍကြီး သုံးခုကို အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီအောင်ဆောင်ရွက်ရပါမည်။ ဤသဘာဝကြောင့် ကြံကြိတ်ဝါးမှုသည် ဟန်ချက်ညီရန် လိုသလို ခုတ်သိမ်းရေး၊ ဝယ်ယူရေးသည် တစ်ရက်တာအတွက်လည်းကောင်း၊ ကြံရာသီတစ်ခုလုံးအတွက်လည်းကောင်း အချိုးညီဟန်ချက် မပျက်စေရအောင် စီမံဆောင်ရွက်ကြရပါသည်။ တစ်ဖန်ခုတ်သိမ်းချိန်သည် ကြံပြန်လည်စိုက်ပျိုးနိုင်မှုကို အကျိုးသက်ရောက်ပြန်သဖြင့် ကြံစိုက်ပျိုးရေး၊ ဝယ်ယူရေး၊ ခုတ်သိမ်းရေး၊ ကြိတ်ဝါးရေးတို့သည် အစီအစဉ်တကျ ဟန်ချက်ညီအောင် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သကြားစက်မှုလုပ်ငန်း၏ သဘာဝသည် ကြိုက်ရောင်းကြိုက်ဝယ် Free Market အစား ညှိနှိုင်းထိန်းကျောင်း ဈေးကွက် Regulated Market နှင့်ပို၍ လိုက်လျောညီထွေရှိနေပါသည်။ သို့မဟုတ် ကြံတောင်သူနှင့် စက်ရုံတို့ ကန်ထရိုက်စာချုပ်ဖြင့် နှစ်ဦးသဘောတူကြိုတင် ညှိနှိုင်းထားသောအခြေအနေများနှင့်အညီ ဆောင်ရွက်ရပါသည်။ ထို့ကြောင့် စက်သွင်းကြံရရှိရေးသည် ကြိတ်ဝါးရေးအစီအစဉ်နှင့်အညီ သေချာရေရာရန် လိုသဖြင့် ကြံတောင်သူနှင့်စက်ပိုင်တို့ အကျိုးတူဆောင်ရွက်နိုင်မှုအပေါ် အခြေခံထားရပေမည်။

မြန်မာ့သကြားစက်မှုလုပ်ငန်းတွင် အဓိကပါဝင်ပတ်သက်သော ကြံတောင်သူများ၊ သကြားထုတ်လုပ်သူများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ သကြားစက်များ၏ ဒေသအချို့တွင် ဖြစ်ပေါ်နေသော အခြေအနေများအား လေ့လာသုံးသပ်ကြည့်ရာတွင် အောက်ပါအတိုင်း တွေ့ရှိခဲ့ရပါသည်-

## DOCA (Domestic)

### နေပြည်တော်ကောင်စီနယ်မြေရှိ ကြံစိုက်တောင်သူများ၏ အခြေအနေ

ပျဉ်းမနားမြို့နယ်၊ ညောင်ပင်သာအုပ်စု၊ ညောင်ပင်သာရွာတွင် ကြံစိုက်တောင်သူ ၁၂ ဦးရှိသည့်အနက် ကြံစိုက်တောင်သူများ ပင်သစ်စိုက်ပျိုးရာတွင် တစ်ဘောင်နှင့် တစ်ဘောင်(၃)ပေခန့် ခွာ၍ စိုက်ပျိုးရပါသည်။ ပင်သစ်အနေဖြင့် အထွက်နှုန်း(၄၀)တန်ထွက်ရှိပြီး၊ လမိုင်းအနေဖြင့်(၂၂)တန် ထွက်ရှိကြောင်း တစ်ဧကကုန်ကျစရိတ် စုစုပေါင်း ကျပ် ၈၃၉၀၀၀ ဖြစ်ပြီး ဝင်ငွေမှာ ကျပ် ၁၁၅၅၀၀၀ ဖြစ်သဖြင့် တစ်ဧကလျှင် အကျိုးအမြတ်အနေဖြင့် ကျပ် ၃၁၆၀၀၀ အကျိုးအမြတ်ရှိကြောင်း သိရှိရပါသည်။ အခက်အခဲအနေဖြင့် စက်ရုံအနီးတွင်ရှိသဖြင့် တည်ကြံအဖြစ်(သို့မဟုတ်)လိုအပ်မှ ခုတ်ခိုင်းစေခြင်း၊ လုပ်သားရှားပါးခြင်း၊ စက်ရုံသို့ ကြံပို့ပြီး ငွေကိုလက်ငင်းမရှင်းဘဲ (၇)ရက်ကျော်မှ ငွေရှင်းခြင်း၊ စက်ရုံပို့သည့်အခါ စက်ပျက်ပါက ရပ်ထားသဖြင့် ခုတ်ပြီးကြံများ အလေးချိန်လျော့ခြင်း၊ သယ်ယူသည့်ကားများအခက်အခဲရှိခြင်း၊ သယ်ယူသည့်ကာလကြာသဖြင့် ကြံအရည်အသွေးကျဆင်းခြင်းကြောင့် အလေးချိန်လျော့နည်းခြင်း၊ စက်ရုံမှ အလေးချိန်များ ဖြတ်တောက်ဝယ်ယူခြင်းကြောင့် အခက်အခဲ များစွာရှိပါသည်။ ညောင်ပင်သာရွာတွင် ယခင်က ကြံစိုက်ဧက ၂၀၀ ကျော်ရှိသော်လည်း ယခုအခါ ဧက ၅၀ သာ စိုက်ပျိုးပြီး ကျန်စိုက်ဧကများမှာ ကြံစိုက်ပျိုးခြင်းမရှိဘဲ ငှက်ပျောစိုက်ခင်း၊ နှင်းဆီစိုက်ခင်း၊ သရက်စိုက်ခင်း၊ အခြားသစ်သီးဝလံနှင့် ပန်းစိုက်ခင်းများ စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါသည်။

နေပြည်တော်၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြံသုတေသနဗဟိုခြံတွင် ကြံတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးထုတ်လုပ်လျက်ရှိပါသည်။ ကြံမျိုးများမှာ ထိုင်းမျိုး K-95၊ KK-3၊ DAR-4၊ ပျဉ်းမနား(၇) မျိုးများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပြီး ထိုင်းမျိုး K-95 မျိုးမှာ အထွက်နှုန်းကောင်းသဖြင့် တောင်သူများစိုက်ပျိုးကြောင်း၊ အထွက်နှုန်း တစ်ဧကလျှင် ၄၀ တန်ထိ ထွက်ရှိပြီး အချို့ကြံတောင်သူများ အထွက်နှုန်းကျဆင်းရခြင်းမှာ သက်တမ်းအလိုက်ပြုစုရမည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းမဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သော်လည်းသတ်မှတ်နှုန်းထားမပြည့်မီခြင်း၊ ခုတ်သိမ်းရောင်းချရာတွင် ချောမွေ့မှုမရှိခြင်းတို့ကြောင့် အထွက်နှုန်းကျဆင်းပြီး စိုက်ပျိုးသူနည်းပါးလာကြောင်း သိရှိရပါသည်။

### နေပြည်တော်ကောင်စီနယ်မြေ ယုဇနကုမ္ပဏီအုပ်စု ပျဉ်းမနား သကြားစက်ရုံအခြေအနေ

ပျဉ်းမနားသကြားစက်ရုံသည် ၁၉၈၃ ခုနှစ်မှစ၍ လည်ပတ်ခဲ့ရာ ယခုဆိုလျှင်(၃၅)နှစ် သက်တမ်းရှိပြီးဖြစ်သဖြင့် စက်ကြိတ်ခွဲမှုစွမ်းအားကျဆင်းလျက်ရှိရာ စက်များအသစ်လဲလှယ်လျက်ရှိသော်လည်း ပြည်ပသို့တင်ပို့နိုင်သည့် သကြားအရည်အသွေးထုတ်လုပ်နိုင်မှုမရှိကြောင်း၊ စက်ရုံလည်း ထပ်မံတိုးချဲ့ရန် အစီအစဉ်မရှိကြောင်း၊ စက်လည်ပတ်မှုမှာလည်း ကြံစိုက်ပျိုးသူနည်းပါးလာသည့်အတွက် စက်ရုံတိုးချဲ့ရန် အခက်အခဲရှိခြင်း၊ ယခင်က နေပြည်တော်တစ်ခုလုံးရှိ စိုက်ခင်းများသည် ကြံစိုက်ဧကများဖြစ်သော်လည်း ယခုအခါ နေပြည်တော်တည်ထောင်လိုက်သည့်အတွက် ကြံစိုက်ဧကများ လျော့နည်းလျက်ရှိကြောင်း၊ ထွက်ရှိသော ကြံဖတ်များကို စက်ရုံဘွိုင်လာတွင် လောင်စာအဖြစ် အသုံးပြုလျက်ရှိပြီး ကြံချီးများကို ယုဇနကုမ္ပဏီ၏နဂါးမောက်စိုက်ခင်း ၁၀၀ ဧက၊ ကြံဧက ၂၅ ဧကများတွင် မြေဩဇာအဖြစ် အသုံးပြုပြီး ပိုလျှံသည့် ကြံချေးများကို တစ်ကျင်းလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

ပျဉ်းမနားသကြားစက်ရုံသည် စက်ရုံဝန်ထမ်း ၄၀၀ ကျော်ဖြင့် လည်ပတ်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ကြံရာသီတွင် တစ်ရက်လျှင် ကြံတန် ၁၅၀၀ ကြိတ်ခွဲနိုင်သော်လည်း တန် ၁၂၀၀ သာ ကြိတ်ခွဲခြင်း၊ ယခင်နှစ် ကြံရာသီတွင် စုစုပေါင်းကြံတန်ချိန် (၈၀၇၆၁)တန် ဝယ်ယူရရှိခြင်း၊ သကြားအထွက်နှုန်းမှာ ၉ ဒသမ ၄၃ ရာခိုင်နှုန်းရှိသဖြင့် ၇၆၁၅တန် ထွက်ရှိခြင်း၊

(ဆက်လက်ဖော်ပြပါမည်။)

## ဒီတစ်ပတ်ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၈၀၀၀၀ ကျော်ဝင်

နိုဝင်ဘာ ၄ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၀၁၂၂၈၀၂ တန်ဖိုးရှိ ဒီဇယ်၆၀၂၅၈ ဒသမ ၃၉ တန်နဲ့ အမေရိကန် ဒေါ်လာ ၁၆၉၀၄၆၂၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၇၉၆၀ ဒသမ ၇၀ တန်၊ စုစုပေါင်း ၈၈၂၁၉ ဒသမ ၀၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၄၃၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၉၀၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီ တန်ချိန် ၅၉၄၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၁၄၉၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီးဓာတ်ဆီ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁ဒသမ ၄၆၆ တန်ဖိုးရှိ ဒီဇယ် ၂၀၄၆ ဒသမ ၃၈ တန် တင်ပို့ခဲ့ပြီး မြဝတီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၇၇၃၈၅၄ တန်ဖိုးရှိဒီဇယ်၂၆၂၈ဒသမ ၇၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၇၃၂၇၈၀ တန်ဖိုးရှိ၆၅၆၈ ဒသမ ၂၁ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၈၄၅၁ တန်ဖိုးရှိ ဒီဇယ် ၂၈၃ ဒသမ ၀၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၅၉၂၆ တန်ဖိုးရှိ ဓာတ်ဆီ ၈၁ ဒသမ ၅၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မူဆယ်မှရေထွက်ကုန် တန်ချိန်ရော၊ တန်ဖိုးပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၃ ဒသမ ၄၄၀ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၇၉၇ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၂၁၈၇ တန်ကျော် နဲ့နှိုင်းယှဉ်ပါက တန် ၆၁၀ ပိုမိုခဲ့ပေမယ့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၉ သန်းပိုမိုခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် ပုစွန်ခြောက်၊ ငါးလေးခြောက်၊ ပုစွန်ဖွဲ့၊ ငါးမျိုးစုံနဲ့ ကဏန်းတင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် တန်ဖိုးရောတန်ချိန်ပါ ပိုမိုရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးမှာ ကဏန်းတစ်တန်လျှင် ယခင်တစ်ပတ်က ယွမ် ၅၆၂၅၀ ဈေးမှ ယွမ် ၆၂၅၀၀ သို့လည်းကောင်း၊ ငါးရှဉ့်တစ်တန်ဈေးယွမ် ၂၈၀၀၀ မှ ယွမ် ၃၇၀၀၀ သို့လည်းကောင်း ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၀၆ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ် ၁၁ မျိုးကို တန်ချိန်အားဖြင့် ၁၀၂၇ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၇၉ တန်နဲ့ နှိုင်းယှဉ်ပါက ၅၄၈ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ တောချင်း၊ နနွင်းတက်၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ ကြောင်ပန်းစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ သီဟိုဠ်စေ့၊ နေလဲစေ့၊ ဆီးသီးခြောက်၊ ချဉ်ပေါင်ဖာလာ(အခွံပါ)နဲ့ (အခွံမပါ)တို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံကထွက်ရှိတဲ့ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ တိုင်းရင်းဆေးဖော်စပ်တဲ့နေရာတွေမှာ အဓိကအသုံးပြုကြပြီး အချို့ကုန်ကြမ်းအမယ်တွေကိုတော့ ဟင်းခတ်အမွှေးအကြိုင်ပြုလုပ်ရာမှာလည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုရာမှာလည်းကောင်း၊ အဖျော်ယမကာဖော်စပ်ရာမှာလည်းကောင်း လိုသလိုထည့်သွင်းအသုံးပြုကြတာလို့သိရပါတယ်။ **မော်မော်အောင်**

## Energy NYMEX

16-11-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.86 | 0.40 | 0.71 |
| Brent Crude Futr (USD/bbl) | 67.26 | 0.64 | 0.96 |
| Gasoline Rbob Fut (Cent/gal) | 156.41 | 0.75 | 0.48 |
| Natural Gas Futr (USD/MMBtu) | 4.01 | -0.03 | -0.67 |
| Heating Oil Futr (Cent/gal) | 208.67 | 1.26 | 0.61 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12-November | 14.16 | 2559.51 | 1946.13 | 6096.04 | 853.00 |
| 13-November | 14.07 | 2557.30 | 1944.81 | 6087.23 | 843.00 |
| 14-November | 13.99 | 2566.56 | 1933.13 | 6076.65 | 835.00 |
| 15-November | 14.18 | 2602.26 | 1931.81 | 6169.61 | 835.00 |
| 16-November | 14.29 | 2652.07 | 1926.52 | 6204.04 | 841.00 |

## ပြည်တွင်းငွေလဲနှုန်းဈေးငြိမ်ခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် နိုဝင်ဘာဒုတိယပတ်အတွင်း ဈေးနှုန်း အတက်အကျနည်းခဲ့သော်လည်း အမြင့်ဈေးမှာပင်ရှိနေသေးကြောင်း ပြည်တွင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၆၅ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၇၄ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရမှ စီးပွားရေးကို အာရုံစိုက်လာကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်ဆံရေးအတွက် ဝန်ကြီးဌာနတစ်ခုကိုထပ်မံဖွဲ့စည်းလိုက်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်လည်း နိုင်ငံခြားဘဏ်တွေကို လုပ်ကိုင်ခွင့်ပြုပေးလိုက်ခြင်းကြောင့် ဒေါ်လာဈေးအပေါ် သက်ရောက်မှုရှိကြောင်း၊ နိုင်ငံခြားဘဏ်များဝင်ရောက်လာပါက အရင်းအနှီးလိုအပ်နေသောလုပ်ငန်းများ အလွယ်တကူချေးငွေရရှိနိုင်သလို နိုင်ငံခြားဈေးကွက်နှင့်တိုက်ရိုက်ချိတ်ဆက်နိုင်မည်ဖြစ်သောကြောင့် အကျိုးကျေးဇူးရှိနိုင်ကြောင်း၊ မြန်မာ့ငွေကြေးဈေးကွက်ပြုပြင်ပြောင်းလဲမည့် အရိပ်အယောင်များကိုလည်း ဗဟိုဘဏ်တွင်တွေ့နေရကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် နိုဝင်ဘာ၁၂ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၈၈ကျပ်၊ ဝယ်ဈေး ၁၅၈၃ကျပ်မှနိုဝင်ဘာ၁၄ရက်တွင် ရောင်းဈေး ၁၅၉၃ကျပ်၊ဝယ်ဈေး ၁၅၈၈ကျပ်သို့မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၁၆ရက်တွင် ရောင်းဈေး ၁၅၈၈ကျပ်၊ ဝယ်ဈေး၁၅၈၃ကျပ်သို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး အတက်အကျရှိခဲ့

ပြည်တွင်းရွှေဈေးနှုန်းသည် ယခင်ရက်သတ္တပတ်အတွင်း ကျပ်၁၀၃၂၀၀၀ သို့ရောက်ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ဈေးအတက်အကျဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။ နိုဝင်ဘာပထမပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၃၂၀၀၀ရှိခဲ့ရာမှ နိုဝင်ဘာဒုတိယပတ်တွင်ကျပ်၁၀၃၆၅၀၀ သို့ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ပြည်တွင်းရွှေဈေးက အတက်အကျများတယ်။ အရောင်းအဝယ်တော့အေးတုန်းပဲ။ မြန်မာ့ရွှေဈေးက ဒေါ်လာ၊ကျပ်၊တရုတ်ယွမ်အပေါ်မှာဖိုခနောက်ဆိုင်အခြေတည်ထားတာဖြစ်လို့ တရုတ်ပြည်စီးပွားရေးနဲ့တရုတ်ငွေတန်ဖိုး အကြီးအကျယ်ကျနေသည့်တိုင်အောင် ယွမ်ငွေက မြန်မာကျပ်ငွေအပေါ် အသာစီးရနေဦးမယ်ဆိုရင်တော့ မြန်မာ့ရွှေဈေးက တက်ပြီးရင်းတက်နေဦးမယ်လို့ ယူဆရပါတယ်။ ကမ္ဘာ့ရွှေက ရေနံဈေးကျပြီးရင်းကျနေတော့ သူလည်းတက်ဈေးဘက်ပြန်တန်းလာနေတယ်။ ရေနံပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲဖြစ်လာနိုင်တယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် နိုဝင်ဘာ၁၂ရက်ကအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၂၆၀၀၀ရှိခဲ့ရာမှ နိုဝင်ဘာ ၁၄ရက်တွင် ကျပ်၁၀၂၈၅၀၀ သို့မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၁၆ရက်တွင် ကျပ်၁၀၃၆၅၀၀သို့ ထပ်မံမြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ နိုဝင်ဘာ ၁၂ရက်က ရွှေတစ်အောင်စလျှင် ၁၂၀၇ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ နိုဝင်ဘာ ၁၄ရက်တွင် တစ်အောင်စလျှင် ၁၁၉၉ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သော်လည်း နိုဝင်ဘာ ၁၆ရက်တွင် ၁၂၁၈ အမေရိကန်ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## TMHကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် ပြောင်းလဲခန့်အပ်ခြင်းကို အစုရှယ်ယာရှင်များအား အသိပေး

ရန်ကုန်စတော့အိတ်ချိန်းတွင် ဝင်ရောက်ထားသော တီအမ်အိတ်ချ် ဆက်သွယ်ရေး အများပိုင်ကုမ္ပဏီ (TMH)က ကုမ္ပဏီ၏ဘဏ္ဍာရေးအရာရှိချုပ်ပြောင်းလဲခန့်အပ်ခြင်းကို အစုရှယ်ယာရှင်များသို့ အသိပေးကြော်ငြာထားကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။ အဆိုပါရာထူးအတွက် နိုဝင်ဘာ ၂ရက်က ပြုလုပ်သည့် TMH ဒါရိုက်တာ အဖွဲ့အစည်းအဝေးတွင် ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် ဒေါ်နေခြည်လင်းအား ခန့်အပ်ရန် သဘောတူအတည်ပြုခဲ့ကြောင်း သိရသည်။

ဒေါ်နေခြည်လင်းသည် စာရင်းနှင့် ရသုံးမှန်းခြေဆိုင်ရာထိန်းချုပ်မှု၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာအစီရင်ခံခြင်း၊ စွမ်းဆောင်ချက်ဆိုင်ရာ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ လေ့လာသုံးသပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သုံးသပ်ချက်များနှင့် ကုမ္ပဏီအတွင်း ထိန်းချုပ်မှုစနစ်များကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းအတွေ့အကြုံ ၁၀ နှစ်နှင့်အထက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် TMH ကုမ္ပဏီသို့ဝင်ရောက်ကာကုမ္ပဏီ၏ Chief Financeအဖြစ် ၂၀၁၈ခုနှစ် စက်တင်ဘာလကုန်အထိတာဝန်ယူခဲ့ကြောင်း သိရသည်။

TMH တီအမ်အိတ်ချ် ဆက်သွယ်ရေး အများပိုင်ကုမ္ပဏီသည် ဇန်နဝါရီလတွင် ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်ခဲ့ပြီး နိုဝင်ဘာ ၁၆ ရက် စတော့ဈေးနှုန်းများအရ အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၉၀၀ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

November 16, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.37 |
| BDT Bangladesh Taka | 83.68 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.94 |
| EUR Euro | 0.88 |
| H KDHong Kong Dollars | 7.83 |
| I NR India Rupees | 71.81 |
| I DR Indonesia Rupiahs | 14556.60 |
| JPY Japan Yen | 113.29 |
| MYR Malaysia | 4.19 |
| PKR Pakistan Rupees | 134.09 |
| PHP Philippines Pesos | 52.64 |
| RUB Russia Rubles | 65.78 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1128.98 |
| LKR Sri Lanka Rupe | 176.55 |
| THB Thailand Baht | 32.99 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 23286.57 |

*Source:xe.com*

## World Gold Price

November-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | 1212 | 1211 | 1210 |
| 13 | 1207 | 1205 | 1206 |
| 14 | 1207 | 1205 | 1206 |
| 15 | 1217 | 1215 | 1214 |
| 16 | 1219 | 1218 | 1216 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12-11- 2018 | 1030.50 | 1030.00 |
| 13-11- 2018 | 1026.50 | 1025.50 |
| 14-11- 2018 | 1027.00 | 1026.50 |
| 15-11- 2018 | 1032.50 | 1032.00 |
| 16 -11- 2018 | 1036.50 | 1035.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 6.96 | 33.12 | 83.96 | 72.94 |
| 13 | 6.95 | 32.96 | 83.99 | 72.57 |
| 14 | 6.95 | 33.02 | 83.22 | 72.18 |
| 15 | 6.94 | 32.92 | 83.64 | 72.17 |
| 16 | 6.94 | 32.99 | 83.68 | 71.81 |

## ဘိလပ်မြေ

# ရေလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၃၀၀ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၁၀၀ ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၆၆၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာတန်ချိန် ၆၁၉၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၇၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၅၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

# တောင်ကြီးဘိလပ်မြေဈေးကွက် အရောင်းအေး



**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၉၀၀၊ ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်က ပုံမှန်ထက်တော့ နည်းနည်းကောင်းတယ်လို့ သိရပါတယ်။ ပြည်တွင်းဘိလပ်မြေများလည်း ဈေးကွက်ထဲအဝင်များနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာလည်း ဘိလပ်မြေဈေးက အငြိမ်ဘက်မှာပဲရှိတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေးသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဒီတစ်ပတ် အပါချီက ကျပ် ၃၀၀ ဈေးကျပြီး ကြံ့က ကျပ် ၁၀၀ ဈေးမြင့်ကာကျန် ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လိုသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီက ကျပ် ၁၀၀၊ ကမ္ဘောဇ ကျပ် ၂၀၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေးသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၁၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ယခင်သီတင်းပတ်ထက် မြေဩဇာတန်ချိန် ၁၀၀၀၀ကျော် အဝင်ပို

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၇၀၉၈၇၅၃ တန်ဖိုးရှိမြေဩဇာ ၂၀၀၆၄ ဒသမ ၇၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၇၂၂ ဒသမ ၃၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၅၀၁ ဒသမ ၆တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၁၀၊ နော်ဝေနိုင်ငံမှ ၂၄၉ ဒသမ ၁၆၅ တန်၊ ရုရှားနိုင်ငံမှ ၁၀၃၆ ဒသမ ၂၁၆ တန်၊ ထိုင်းနိုင်ငံမှ ၇၆၅၇ ဒသမ၈၃ တန်၊တပ်မင်နစ္စတန်နိုင်ငံမှ ၄၉၅ ဒသမ ၂၁ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၄၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ကိုရီးယားနိုင်ငံမှဒုတိယအများဆုံးတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ဖလော်ရာ၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ကွန်ပေါင်း(၁၆း၁၆း၈)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၁၆း၁၆း၁၆)၊ ယူရီးယား၄၆%နဲ့ ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၉၆၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၀၃၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မြေဩဇာဈေးကွက်အရောင်းပုံမှန်ရှိ

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၂၂၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၈၄၆၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၇၉၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်မှာ အရောင်းပုံမှန်ရှိပြီး မကွေးနဲ့ မန္တလေးမှာ အရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးနှုန်းက ငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၄၈၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုလဲမြေဩဇာသာ အရောင်းသွက်ပြီး ကျန်မြေဩဇာများက အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲ (ကမ္ဘာလုံး၊ ရွှေတောင်)က ကျပ် ၅၀၀ ဈေးကျပြီး ယူရီးယား-ပုလဲ (ပန်းဖူး)ကျပ် ၇၀၀၊ တီစူပါ(၁၀း၁၀း၅)က ကျပ် ၃၀၀၊ ယူရီးယား (ယူအေအီး) က ကျပ် ၃၅၀၀၊ မြားကမ္ဘာနဲ့ ပိုတက်က ကျပ် ၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၀၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၃၀၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၃၁၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၇၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၁၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၃၀၀၀၀ ၊ မြားကမ္ဘာကျပ် ၁၉၀၀၀၊ ရွှက်ဖျန်းကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀ ၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မြားကမ္ဘာ(၁၂း၁၃)ကျပ် ၃၀၀၊ သီးစုံ(ဝါစိမ်းပြာ)နဲ့ အာမို (၁၅း၁၅း၁၅)က ကျပ်၅၀၀၊ အာမို(၁၀း၁၀း၅)ကျပ် ၂၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး)ကကျပ် ၂၈၀၀၊ အောင်ကမ္ဘာ(၁၀း၁၀း၅)က ကျပ် ၁၂၀၀ ဈေးမြင့်ခဲ့ပြီး တီစူပါက ကျပ် ၈၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၈၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၃၁၈၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၃၁၈၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ကျပ်၁၉၅၀၀၊ မြားကမ္ဘာ (၁၅း၇း၈)ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၂၀၀၊ တောင်သူမ ကျပ် ၁၈၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီတန်ချိန် ၆၀၀ နီးပါးနဲ့ နို့မှုန့်တန်ချိန် ၁၀၀ ကျော်ဝင်

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၃၀၆၃၀ တန်ဖိုးရှိ နို့ဆီ ၅၇၉ ဒသမ ၂၇၆ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၇၂ဒသမ ၈၄၄ တန်နဲ့ စင်ကာပူနိုင်ငံမှ ၃၀၆ ဒသမ ၄၃၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ ဒွန်းနို့ဆီနဲ့မာရီဂိုးတံဆိပ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၂၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၁၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၂၃၁၂၁၅ တန်ဖိုးရှိ နို့မှုန့် ၁၀၀ ဒသမ ၈၀ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၁၁ မှ ၉/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၁၀ မှ ၂/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇.၅၀ | ၃၉.၈၀ | (-) | ၂၂.၃၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၃၄၅၀.၀၀ | ၆၃၅၀.၀၀ | (-) | ၂၉၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၂၅.၀၀ | ၅၀.၀၀ | (-) | ၂၅.၀၀ |
| ၈။ | မြိတ် | ၂၇၀၀.၀၀ | ၂၂၈၀.၀၀ | (+) | ၄၂၀.၀၀ |
| | စုစုပေါင်း | ၆၁၉၂.၅၀ | ၈၇၁၉.၈၀ | (-) | ၂၅၂၇.၃၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၁၁ မှ ၉/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၁၀ မှ ၂/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၃၁၄.၅၀ | ၂၉၉၀.၀၀ | (-) | ၆၇၅.၅၀ |
| ၂။ | လွယ်ဂျယ် | ၅၅၄.၅၀ | ၁၈၄.၀၀ | (+) | ၃၇၀.၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၉၃၀.၇၅ | ၁၆၉၁.၇၅ | (+) | ၁၂၃၉.၀၀ |
| ၄။ | ကန်ပိုက်တီ | ၁၅၆၇.၀၀ | ၁၁၉၆.၀၀ | (+) | ၃၇၁.၀၀ |
| ၅။ | မြဝတီ | ၁၉၅၇.၁၁ | ၁၈၅၆.၉၀ | (+) | ၁၀၁.၂၁ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | ရိုဒ် | ၂၉၄၀.၉၅ | ၅၀၀.၀၀ | (+) | ၂၄၄၀.၉၅ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၂၂၆၅.၈၁ | ၈၄၆၈.၆၅ | (+) | ၃၇၉၇.၁၆ |

ခင်မိုးသူ

# တောင်ကိုရီးယား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (KOTRA)က နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရှိသည့် SMEs များအတွက် ငွေရေးကြေးရေးဆိုင်ရာ ပံ့ပိုးပေးရန် ဆောင်ရွက်

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရှိသည့် ကုမ္ပဏီများအား ငွေရေးကြေးရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ထိရောက်စွာ စီမံဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် KOTRA၊ ကိုရီးယားကြွေးမြီအာမခံရန်ပုံငွေအဖွဲ့ (KODIT) နှင့် Shinhan ဘဏ်တို့သည် တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ရှိ KOTRA ရုံးချုပ်တွင် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ် ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။



MOU သည် တောင်ကိုရီးယားဈေးကွက်အတွင်းသို့ လတ်တလောဝင်ရောက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး ပေးသော၊ စက်မှုပစ္စည်းအသစ်များထုတ်လုပ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှိသည့် SMEs များကို ငွေရေးကြေးရေး နောက်ခံနှင့် အတွေ့အကြုံနည်းသေးသည့်အတွက် ရင်ဆိုင်ရသည့် အခက်အခဲများအား လျော့နည်းသက်သာစေရေး ကူညီပေးခြင်းဖြစ်ကြောင်း၊ KOTRA သည် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုအတွက် လမ်းညွှန်ချက်များပေးမည်ဖြစ်ပြီး၊ လုပ်ငန်းများ အပေါ် KODIT ၏ သုံးသပ်ချက်နှင့် အာမခံချက်အရ Shinhan ဘဏ်က ချေးငွေထုတ်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၇ ခုနှစ်တွင် KOTRA က ပြုလုပ်ခဲ့သည့် 'ကိုရီးယား ရင်းနှီးမြှုပ်နှံမှုဝန်းကျင်၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုရှိသည့် လုပ်ငန်းများ ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများ' နှင့် ပတ်သက်၍ စစ်တမ်း၏တွေ့ရှိချက်အရ အဓိကအခက်အခဲများမှာ ချေးငွေရရှိနိုင်ရန်အတွက် ရှုပ်ထွေးသည့်လုပ်ထုံးလုပ်နည်းများ၊ ချေးငွေ၏ အတိုးနှုန်းနှင့် ဝန်ဆောင်ခနှုန်းထားများ မြင့်မားနေခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၎င်းလုပ်ငန်းများ ရင်ဆိုင်နေရသည့် ငွေရေးကြေးရေးဆိုင်ရာ အခက်အခဲများအား လျော့နည်းသက်သာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ **မြတ်သန္တာနွယ်**

# ချောင်းဆုံမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်း

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ) ချောင်းဆုံမြို့နယ်ဆန် စက်လုပ်ငန်းရှင်များအသင်းပြန်လည်ဖွဲ့စည်းခြင်း အစည်းအဝေးကို ချောင်းဆုံမြို့နယ်၊ ကျွန်းသာယာခန်းမ၌ နိုဝင်ဘာ ၁၄ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

ပထမဦးစွာ ချောင်းဆုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်က အဖွင့်အမှာစကားပြောကြားရာတွင် ဆန်စက်များ တည်ဆောက်ထားရှိသော မြေနေရာများအတွက် မြေနေရာအသုံးပြုခွင့်ရရှိရေးကိစ္စရပ်များ တင်ပြမှုများကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ခေတ္တပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၈) ဖြင့်စပါး၊ ဆန်နှင့်ပဲမျိုးစုံကြိတ်ခွဲစက်များ တည်ဆောက်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းဆိုင်ရာ အမိန့်ကို ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆန်စက်လုပ်ငန်းဆောင်ရွက်မှု ကိစ္စရပ်များအတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်အသင်းခွဲ) အတွင်းရေးမှူး ဦးခိုင်ဦးက အသင်းဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ အသင်းဝင်များအား မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ကြရာ EC အဖွဲ့ဝင် ၁၇ ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြပြီး၊ ရွေးချယ်ခံရသော ချောင်းဆုံမြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်နိုင်မှ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မိုးမိုး (မွန်)**

# ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် ကျောင်းစားသုံးသူရေးရာအဖွဲ့ဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံသည် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ နိုဝင်ဘာ ၁၂ ရက်တွင် ရေဦးမြို့နယ်၊ စည်းကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ကွင်းဆင်းသွားရောက်ကာကျောင်းအုပ်ကြီးရုံးခန်း၌ ဆရာ/ဆရာမများနှင့်တွေ့ဆုံညှိနှိုင်းပြီး ကျောင်းစားသုံးသူရေးရာအဖွဲ့ကိုအင်အား(၇)ဦးဖြင့်ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့ဖြင့်ကျောင်း မုန့်ဈေးတန်းရှိဈေးဆိုင်(၂)ဆိုင်သို့ စစ်ဆေးရာတွင် ဒေါ်ရွှေ၏ဆိုင်၌မုန့်ဟင်းခါး၊ အသုပ်၊ ခေါက်ဆွဲ၊ သာကူချို စသည့်မြန်မာ့ရိုးရာမုန့်များကိုသာရောင်းချပြီး ဒေါ်ထွေးတင်၏ဆိုင်၌ကလေးစားစရာ မုန့်မျိုးစုံရောင်းချသည်ကိုစစ်ဆေးတွေ့ရှိရပါသည်။

မြန်မာ့ရိုးရာမုန့်များ ရောင်းချသည့် ဒေါ်ရွှေအား သန့်ရှင်းသပ်ရပ်စွာ ရောင်းချရန်၊ ဟင်းချိုမှုန့်လျော့၍သုံးရန်နှင့် အရောင်တင်မှုန့်၊ အရောင်တင်ဆီများ သုံးစွဲခြင်းမပြုရန် ပညာပေးဆွေးနွေးပြီးနောက် မုန့်မျိုးစုံရောင်းချသည့် ဒေါ်ထွေးတင်အား ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့်မုန့်များ၊ ဆိုးဆေးများလွန်းသောမုန့်များ၊ ရက်လွန်သောမုန့်များ၊မှိုတက်သောမုန့်များ ရောင်းချခြင်းမပြုရန်ပညာပေးဆွေးနွေးကာ ရောင်စုံစပ်ကြား ချိုချဉ်(၅)ခုအား ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ်ပြီးနောက် ကျောင်းစားသုံးသူရေးရာအဖွဲ့မှကျောင်းမုန့်ဈေးတန်းအား ဆက်လက်ကြီးကြပ်သွားရန်အကြံပြုခဲ့ပါသည်။ ၎င်းနောက် ကျောင်းခန်းမအတွင်း၌ ဆရာ/ဆရာမ ၂၆ ဦး၊ ကျောင်းသား/ကျောင်းသူ ၄၅၁ ဦး၊ စုစုပေါင်း ၄၇၇ ဦးအား စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း အန္တရာယ်ရှိစားသောက်ကုန်နှင့် ဝန်ဆောင်မှုများအကြောင်းကိုလည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံမှ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့်ဖြစ်ပွားလာပါက ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း အသီးသီး ပညာပေးဟောပြောကာ ပညာပေးလက်ကမ်းစာစောင် ၇၀ စောင် ဖြန့်ဝေပညာပေးခဲ့ကြောင်း သိရသည်။ **အောင်ညွှန့်(ရေဦး)**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၁၁-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၈၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၃၀၀ | ၅၃၀၀ | □ | ၅၃၀၀ | ၅၃၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၁၁-၂၀၁၈ US$/Ton

| အမျိုးအစား | နိုဝင်ဘာပထမပတ် | နိုဝင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၇.၅၀ | ၄၉၂.၅၀ | ▽ |
| RBD P.Olein | ၅၁၆.၅၀ | ၄၉၇.၂၀ | ▽ |
| RBD P.Stearin | ၅၀၉.၅၀ | ၄၆၃.၂၅ | ▽ |


*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆-၁၁-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၃၇.၃၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၉ |
| စားအုန်းဆီအလျှော့ | 0.5% x လက်ကားဈေး | ၇.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၃၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၂၉.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၇၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၇၄.၅၆၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၆-၁၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 520 ဒေါ်လာနှင့် USD ဈေး ၁၅၇၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၆-၁၁-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၇၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# 2018-2019 b@mEpf;wiG ta&mift0,fjyefuumif;vmonf yaJ;uGufta ajc t ae



**ကြည်စင်(တန့်ဆည်မြေ)**

မြန်မာနိုင်ငံအနေဖြင့် အဓိကသီးနှံများအနေဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့အားစိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ပြီး ပဲမျိုးစုံအနေဖြင့် တစ်နိုင်ငံလုံး ၏ လယ်ယာထွက်ပစ္စည်းထွက်ရှိမှု၏ ၂၉ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ပဲမျိုးစုံစိုက်ဧက၏ ၆၆ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွန်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများလည်း စိုက်ပျိုးကြပါသည်။ လက်ရှိတွင် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံမှတင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်၍ ပဲမျိုးစုံသည်လည်း အဓိကပို့ကုန်တစ်မယ် ဖြစ်ပါသည်။

## ပြည်တွင်း/ပြည်ပ ပဲဈေးကွက်နှင့် ပဲမျိုးစုံတင်ပို့မှုအခြေအနေ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလ ၂ ရက်ထိ ပဲမျိုးစုံ တန်ချိန် သုည ဒသမ ၁၆၈ သန်းကျော်၊ တန်ဖိုး ၇၃ ဒသမ ၇၁၅ သန်း တင်ပို့နိုင်ခဲ့သဖြင့် သီးနှံထွက်ကုန်များ၏ ပြည်ပပို့ကုန် ၃၄ ရာခိုင်နှုန်းကျော်မှာ ပဲမျိုးစုံကဏ္ဍာဖြစ်ပါသည်။ မြန်မာ့ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့ အဓိက တင်ပို့လျက်ရှိပြီး တရုတ်၊ စင်ကာပူ၊ ပါကစ္စတန်၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိပါသည်။

ပဲမျိုးစုံပြည်တွင်းဈေးနှုန်းများအနေဖြင့် ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲ တစ်တန်ဈေးနှုန်းမှာ အောက်တိုဘာလတွင် ပျမ်းမျှ ကျပ် ၅၅၀၀၀၀၊ FOB ရောင်းဈေး တစ်တန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၄၉၀ ရှိခဲ့ရာမှာ နိုဝင်ဘာလ ၂ ရက်တွင် ပြည်တွင်းဈေးနှုန်း ကျပ် ၉၃၆၉၀၀ ထိ မြင့်တက်လာခဲ့သော်လည်း FOB ရောင်းဈေးပြောင်းလဲမှုမရှိသည့်အတွက် လက်ရှိ ပြည်တွင်းဈေးနှုန်းမှာ FOB ဈေးနှုန်းထက် ပိုမိုမြင့်မားနေကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂ ရက်ဘုရင့်နောင်ဈေးကွက်တွင် ပဲတီစိမ်းတစ်တန်ဈေးနှုန်းမှာ ကျပ် ၁၂၇၃၈၀၀ ၊ FOB ရောင်းဈေး တစ်တန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၉၅၀ ၊ ပဲစင်းငုံတစ်တန်ဈေးနှုန်းမှာ ကျပ် ၇၁၀၀၀၀၊ FOB ရောင်းဈေးတစ်တန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၄၁၀၊ ကုလားပဲဖြူလုံးကြီးတစ်တန်ဈေးနှုန်းမှာ ကျပ် ၇၉၆၁၀၀၊ FOB ရောင်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၅၀အသီးသီးဖြစ်ပါသည်။

ယခင်နှစ်က ပဲမျိုးစုံပျမ်းမျှဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀-၇၀၀ ဝန်းကျင်ခန့် ဈေးရရှိခဲ့သော်လည်း ယခုနှစ်တွင် ပျမ်းမျှဈေးနှုန်း အမေရိကန်ဒေါ်လာ ၄၀၀-၅၀၀ ဝန်းကျင်ခန့်သာ ဈေးနှုန်းလျော့နည်းရရှိကြောင်း တွေ့ရှိရပါသည်။ နယ်စပ်မျက်နှာစာအလိုက် ဖြစ်ပေါ်နေသောဈေးကွက်များတွင် တရုတ်နယ်စပ်၊ မူဆယ်ဈေးကွက်တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်၊ ပဲမျိုးစုံ FOB ပေါက်ဈေးမှာ ပဲတီစိမ်း ၆၉၈ ဒေါ်လာ၊ ပဲယင်း ၄၁၂ ဒေါ်လာ၊ ပဲပုပ် ၄၈၃ ဒေါ်လာ၊ မြေထောက်ပဲ ၆၀၆ ဒေါ်လာ၊ ပဲကြီး ၅၅၅ ဒေါ်လာ၊ ပဲလွန်းဖြူ ၆၂၆ ဒေါ်လာ၊ ပဲနီကြား ၄၅၅ ဒေါ်လာ၊ ထောပတ်ပဲ ၄၆၉ ဒေါ်လာ၊ မြေပဲဆန် ၁၁၂၆ ဒေါ်လာတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလ ၁ ရက်မှ နိုဝင်ဘာလ ၂ ရက်ထိ) ပဲမျိုးစုံ တင်ပို့မှုမှာ တစ်ဖက်ပါဇယားအတိုင်းတွေ့ရှိရပါသည်-

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၁၅၆၅၄၅၁ | ၁၀၉၁ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၁၃၆၉၈၈၀ | ၉၅၀ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၁၄၉၇၉၇၂ | ၁၂၀၀ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၁၂၄၂၆၈၃ | ၁၂၁၅ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၄၂၄၆၈၃ | ၁၃၉၉ |
| ၆ | ၂၀၁၇-၂၀၁၈ | တန် | ၁၃၁၇၉၆၇ | ၈၈၇ |
| ၇ | ၂၀၁၈ (၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၈ထိ | တန် | ၇၉၃၄၀၅ | ၃၉၇ |
| ၈ | ၂၀၁၈-၂၀၁၉ (၁-၁၀-၂၀၁၈ မှ ၂-၁၁-၂၀၁၈ ထိ) | တန် | ၁၆၈၁၄၆ | ၇၄ |

မြန်မာနိုင်ငံအနေဖြင့် ပဲမျိုးစုံတင်ပို့မှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၂ သိန်း၊ အမေရိကန်ဒေါ်လာ ၁၂၁၅ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄ သိန်း၊ အမေရိကန်ဒေါ်လာ ၁၃၉၉ သန်းခန့် တင်ပို့မှု တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၁၃ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၈၈၇ သန်း၊ ၂၀၁၈ (ဧပြီလမှ စက်တင်ဘာလထိ)တွင် တန်ချိန်ရှစ်သိန်းခန့်၊ အမေရိကန်ဒေါ်လာ ၃၉၇ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလ ၁ ရက်မှ နိုဝင်ဘာလ ၂ ရက်ထိ)တွင် တန်ချိန် ၁ ဒသမ ၇ သိန်းခန့်၊ အမေရိကန်ဒေါ်လာ ၇၄ သန်း တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တန်ချိန် ၁ ဒမသ ၅ သိန်းကျော်၊ အမေရိကန် ဒေါ်လာ ၆၄ သန်းကျော်၊ နယ်စပ်မှတန်ချိန် သုည ဒသမ ၁ သိန်းကျော် အမေရိကန်ဒေါ်လာ ကိုးသန်းကျော်တင်ပို့နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကာလတူထက် ပဲမျိုးစုံတင်ပို့မှု တန်ချိန်တစ်သိန်း ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၉ သန်း ပိုမိုဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(အောက်တိုဘာလ ၁ ရက်မှ နိုဝင်ဘာလ ၂ ရက်ထိ) ကာလအတွင်း မြန်မာနိုင်ငံမှ အများဆုံးတင်ပို့လျက်ရှိသည့် မတ်ပဲတန်ချိန်တစ်သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၅၄ သန်းခန့်ရှိပြီး ယခင်နှစ်ကာလတူထက် တန်ချိန်(၁)သိန်းကျော်၊ တန်ဖိုး ၃၅ သန်းကျော် ပိုမိုခဲ့ပါသည်။ ဒုတိယအများ ဆုံးဖြစ်သည့် ပဲတီစိမ်းတင်ပို့မှုတွင် တန်ချိန် တစ်သောင်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ကိုးသန်းကျော်ဖြစ်ပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ငါးထောင်ကျော်၊ တန်ဖိုး သုံးသန်းကျော် ပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။ တတိယအများဆုံးအနေဖြင့် ပဲစင်းငုံတင်ပို့မှုတွင် တန်ချိန် လေးထောင်ကျော်၊ အမေရိကန် ဒေါ်လာတစ်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန်သုံးထောင်ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာတစ်သန်းခန့် လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ကုလားပဲတင်ပို့မှုကို လေ့လာကြည့်မည်ဆိုပါက ယခုဘဏ္ဍာနှစ်တွင် တန်ချိန်နှစ်ထောင်ခန့်၊ တန်ဖိုးအမေရိကန်ဒေါ်လာတစ်သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် ၈၂၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာ့ပဲများကို အဓိကတင်ပို့ခဲ့သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ပဲတင်ပို့မှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။ ပဲအမျိုးမျိုးမှာ သက်သက်လွတ် စားသုံးသူများအတွက် အသားဓာတ်ကြွယ်ဝစွာရရှိသည့် ရင်းမြစ်တစ်ခုဖြစ်၍ အိန္ဒိယနိုင်ငံ၏ စားသုံးမှုတွင်အဓိကကျသော စားသုံးသီးနှံတစ်မျိုးဖြစ်ပါသည်။ ကုလားပဲ (Chickpea)၊ ပဲစင်းငုံ (pigeon pea)၊ ပဲနီလေး (lentil)၊ ပဲတီစိမ်း (mung bean)၊ မတ်ပဲ (urad bean)နှင့် field pea တို့သည် အိန္ဒိယနိုင်ငံတွင် အဓိကစိုက်ပျိုးစားသုံးသည့်ပဲများဖြစ်ပါသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ နှင့်စက်တင်ဘာလ အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မိုးကြီးခဲ့သည့်အတွက် Bihar Kerala Assam Gujarat Himachal Paradesh စသည့်ပြည်နယ်များတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့ခြင်း၊ ခရိုင် ၂၅၄ ခု တွင်မိုးခေါင်မှုဖြစ်ပေါ်ခဲ့သည့် အတွက် ပဲသီးနှံအနေဖြင့် ပဲတီစိမ်းစိုက်ဧကမှာ ၇ ဒသမ ၉၅ ရာခိုင်နှုန်းတိုးပြီး၊ ထုတ်လုပ်မှုမှာ ၂၆ ဒသမ ၀၇ ရာခိုင်နှုန်းထိ သိသိသာသာတိုးမည်ဟု ခန့်မှန်းကြောင်း၊ ပဲစင်းငုံအနေဖြင့် စိုက်ဧက ၅ ဒသမ ၁၀ ရာခိုင်နှုန်းတိုးပြီး ထုတ်လုပ်မှုမှာ ၃ ဒသမ ၀၆ ရာခိုင်နှုန်းတိုးနိုင်ကြောင်း၊ မတ်ပဲစိုက်ဧကမှာ ယခင်နှစ်အောက် ၉ ဒသမ ၅၂ ရာခိုင်နှုန်းလျော့နည်းပြီး ထုတ်လုပ်မှုပမာဏ ၁ ဒသမ ၈၉ ရာခိုင်နှုန်းခန့်ကျဆင်းမည်နိုင်မည်ဟု ခန့်မှန်းထားကြပါသည်။ စုစုပေါင်း Kharif ရာသီ ပဲသီးနှံစိုက်ဧကနှင့် ထုတ်လုပ်မှုအနေဖြင့်မူ ပြီးခဲ့သည့်နှစ်အောက် ၃ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၈ ရာခိုင်နှုန်းတို့ ကျဆင်းနိုင်ကြောင်းခန့်မှန်းချက်များ တွေ့ရှိရသည့်အတွက် ပြည်ပမှပဲ ပိုမိုတင်သွင်းလာနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကန့်သတ်ခဲ့ခြင်း

အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံအထွက်နှုန်းကောင်း၍ ပြည်တွင်း ပဲဈေးကွက်တည်ငြိမ်စေရန် အိန္ဒိယနိုင်ငံ အစိုးရ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဌာနသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၅ ရက်ပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/ ၂၀၁၅-၂၀၂၀ ဖြင့် ပဲစင်းငုံ တင်သွင်းမှု တစ်နှစ်လျှင် တန်ချိန် ၂ သိန်းနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၁ ရက်ပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/ ၂၀၁၅-၂၀၂၀ ဖြင့် မတ်ပဲ နှင့် ပဲတီစိမ်း တင်သွင်းမှုကို တစ်နှစ်လျှင် တန်ချိန် ၃ သိန်း အရေအတွက် ကန့်သတ်တင်သွင်းခွင့်ပြုခြင်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

## ပဲတင်ပို့ရောင်းချနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့မှု

မြန်မာနိုင်ငံမှ ပဲများကို အိန္ဒိယနိုင်ငံသို့ ဆက်လက်တင်ပို့ခွင့်ရရှိရေး ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးမှတစ်ဆင့်လည်းကောင်း၊ နယူးဒေလီမြို့ရှိ မြန်မာသံရုံးမှတစ်ဆင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ အိန္ဒိယခရီးစဉ်တွင် လည်းကောင်း အကြိမ်ကြိမ်ညှိနှိုင်းတောင်းဆိုခဲ့ပြီး အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း၌လည်း အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲများဆက်လက် တင်ပို့ခွင့်ရရှိရေး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှ ထည့်သွင်းညှိနှိုင်းဆွေးနွေးနိုင်ရေး တင်ပြဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ပဲမျိုးစုံ တင်ပို့မှုဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့အား ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးဆောင်၍ စတင်ဖွဲ့စည်းခဲ့ပြီး ညှိနှိုင်းအစည်းအဝေးများကျင်းပ၍ အိန္ဒိယနိုင်ငံသို့ ပဲများဆက်လက်တင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ကြပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံဆက်လက်တင်ပို့နိုင်ရေး ၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၊ အစားအသောက်၊ ဖြန့်ဖြူးရေးနှင့် စားသုံးသူရေးရာဝန်ကြီးဌာနမှ Minister of State ဖြစ်သူ Shri C R Chaudhary ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် နယူးဒေလီမြို့တွင် တွေ့ဆုံ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွက် မြန်မာနိုင်ငံမှ ထွက်ရှိသော ပဲစင်းငုံ တန်ချိန် ၂ သိန်းနှင့် မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် ၄ သိန်း တင်ပို့ခွင့်ရရှိရေးအတွက် သီးသန့်ကိုတာတစ်ခု သတ်မှတ်၍ တင်ပို့ခွင့်ရရှိရေး အိန္ဒိယဘက်သို့ ညှိနှိုင်းတောင်းဆိုခဲ့သည့်အတွက် အိန္ဒိယအစိုးရအနေဖြင့် ၄-၅-၂၀၁၈ ခုနှစ်မတ်လ ၄ ရက်ပါ အမိန့်ကြော်ငြာစာအမှတ် ၀၆/ ၂၀၁၅-၂၀၂၀ ထုတ်ပြန်၍ မတ်ပဲနှင့် ပဲတီစိမ်း (H.S Code 0713 31 00) နှင့် မတ်ပဲနှင့် ပဲတီစိမ်းခွဲခြမ်းနှင့် အခြားထုတ်ကုန်ပုံစံများ (H.S Code ၀၇၁၃ ၉၀ ၁၀ နှင့် ၀၇၁၃ ၉၀ ၉၀ ) တို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် တန်ချိန် ၃ သိန်း (မတ်ပဲတန်ချိန် ၁သိန်းခွဲနှင့် ပဲတီစိမ်းတန်ချိန် ၁သိန်းခွဲစီ) အရေအတွက် ကန့်သတ်တင်သွင်းခွင့်ပြုကြောင်း ထပ်မံကြေညာခဲ့ပြီး ဆက်လက်၍ ၂၀၁၈ ခုနှစ် မေလ ၁၁ ရက်ပါ Trade Notice No. ၆/ ၂၀၁၈-၂၀၁၉ ထုတ်ပြန်ကြေညာ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း

**စာမျက်နှာ ၃၁ သို့**

# ကုန်သွယ်မှု မြင့်တက်လျက်ရှိသည့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်တဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းဟာ ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ပြီး ကုန်သွယ်မှုလျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ကုန်သွယ်မှုပမာဏများ စဉ်ဆက်မပြတ် တိုးတက်လျက်ရှိပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းအနေနဲ့ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ အဓိကထားတင်ပို့လျက်ရှိပြီး ရေထွက်ပစ္စည်းနဲ့ အခြားပို့ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိပါ တယ်။

ယခင်သီတင်းပတ် အောက်တိုဘာလ ၂၇ ရက်မှနိုဝင်ဘာလ ၂ ရက်ထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၇၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၉ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၄၆ သန်းဆောင် ရွက်နိုင်ခဲ့ပါတယ်။ ယခုသီတင်းပတ် နိုဝင်ဘာလ ၃ ရက်မှ ၉ ရက်ထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉၈၆ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၃၀ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခုသီတင်းပတ်မှာ ယခင်သီတင်းပတ်ထက် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၅ ဒသမ ၆၈၄ သန်းပိုမို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ယခင် သီတင်းပတ်ထက် လယ်ယာထွက်ကုန် ပစ္စည်းတန်ချိန် ၁၆၀၀ကျော်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၂၇ သန်း၊ အခြားပစ္စည်းအုပ်စု တန်ချိန် ၂၅၀၀ ကျော်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၆၀ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းမှ ရော်ဘာ RSS (3)၊ နှမ်းညို (အခွံချွတ်)၊ နှမ်းနက်၊ မြေပဲဆန်၊ နှမ်းဖြူ နှမ်းညို၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ စွန်တာနီ/ပြာတို့နဲ့ အခြားအုပ်စုမှ ဆံပင်၊ ပလတ်စတစ်ဖြတ်စ(အဟောင်း) တို့ ပိုမိုတင်ပို့နိုင်ခဲ့တဲ့အပြင် ယခုသီတင်းပတ်မှစတင်ပြီး Re-rxport သကြားတန်ချိန် ၂၃၇၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၆ သန်း တင်ပို့နိုင်ခဲ့ခြင်းနဲ့ ဘိန်းအစားထိုးသီးနှံဖြစ်တဲ့ ရော်ဘာတန်ချိန် ၉၇၀ ကျော်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၁၉၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ ပိုမိုခဲ့ခြင်းဖြစ်ပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းအနေနဲ့ နိုဝင်ဘာလ ၁ ရက်မှ ၉ ရက်ထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ် လာ ၁၇ ဒသမ ၄၀၈ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၂၆ သန်း စုစုပေါင်း ကုန်သွယ် မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၃၄ သန်း ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏ တိုးတက်ရေးအတွက် ပို့ကုန်အပြင် သွင်းကုန်များ ပိုမိုတင်သွင်းနိုင်ရေးအတွက် နှစ်နိုင်ငံ ကုမ္ပဏီလုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါ တယ်။

အဓိကပို့ကုန်ပစ္စည်းများဖြစ်တဲ့ လယ်ယာထွက်ကုန်များရဲ့ ပြည်တွင်းဈေးနှုန်းအနေဖြင့် ပဲတီစိမ်းတစ်တန် ကျပ် ၁၁၀၉၀၀၀ မှ ၁၁၃၆၀၀၀၊ နှမ်းနက်တစ်တန်ကျပ် ၁၇၉၁၀၀၀ မှ ၁၈၁၈၀၀၀၊နှမ်းဖြူတစ်တန်ကျပ် ၂၀၁၈၀၀၀ မှ ၂၀၄၅၅၀၀၊ နှမ်းညိုတစ်တန် ကျပ် ၁၅၄၅၀၀၀ မှ ၁၅၇၁၀၀၀၊ မြေပဲဆန် တစ်တန်ကျပ် ၁၇၉၃၀၀၀ မှ ၁၈၂၀၀၀၀၊ ပဲစင်းငုံတစ်တန် ကျပ် ၆၅၅၃၀၀ မှ ၆၈၂၆၀၀၊ ပြောင်းတစ်တန် ကျပ် ၃၉၁၄၀၀ မှ ၄၂၃၂၀၀ ဝန်းကျင်ရှိပြီး တစ်ဖက်နိုင်ငံပေါက်ဈေးအနေနဲ့ နှမ်းနက် တစ်တန် ယွမ် ၈၀၀၀၊ နှမ်းဖြူ တစ်တန် ယွမ် ၉၀၀၀၊ နှမ်းညိုတစ်တန် ယွမ် ၇၀၀၀၊ မြေပဲဆန်တစ်တန် ယွမ် ၈၀၀၀၊ ပဲစင်းငုံတစ်တန် ယွမ် ၃၀၀၀၊ ပြောင်းတစ်တန်ယွမ် ၁၈၆၀ ခန့် အသီးသီးရရှိကြောင်းနဲ့ ဈေးနှုန်းကတော့ အချိန်နဲ့အမျှ အနည်းငယ်အပြောင်းအလဲရှိနိုင်တယ်လို့ ကုန်သည်များထံမှ သိရှိရပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းအနေနဲ့ ကုန်သွယ်မှု လျင်မြန် ချောမွေ့စေရေး၊ ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိ နှိုင်းခြင်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် Re-rxport သကြားများ ယခုထက် ပိုမိုတင်ပို့နိုင်ရေးနှင့် သွင်းကုန်များ ပိုမိုတင်သွင်းနိုင်ရေးတို့အတွက် ကြိုးစား ဆောင်ရွက်လျက်ရှိသည့် အပြင်မကြာမီ ကြံရာသီရောက်ရှိ၍ ကြံများတင်ပို့နိုင်တော့မည်ဖြစ်သည့်အတွက် ချင်းရွှေ ဟော်ကုန်သွယ်ရေးစခန်းရဲ့ကုန်သွယ်မှု ပမာဏဟာ ဆက်လက်တိုးတက်မည့် အလားအလာကောင်းများရှိနေကြောင်း ရေးသား တင်ပြလိုက်ရပါတယ်။

**မောင်မောင် (ချင်းရွှေဟော်)**

# မောတောင်ကုန်သွယ်ရေးစခန်းမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ကုန်သွယ်မှုလျာထားချက်အပေါ် ၅၅၉ဒသမ ၂၅ ရာခိုင်နှုန်းဆောင်ရွက်နိုင်

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလတွင် ကုန်သွယ်မှု လျာထားချက်အနေဖြင့် ပို့ကုန် သုညဒသမ ၂၅၀ ဒေါ်လာသန်း၊ သွင်းကုန်သုညဒသမ၁၅၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုညဒသမ၄၀၀ ဒေါ်လာသန်းဖြစ်ပြီး၊ ယာယီကုန်သွယ်မှု အမှန်စာရင်းအရ ပို့ကုန်၁ဒသမ၂၇၂ဒေါ်လာ သန်း၊ သွင်းကုန်သုညဒသမ၉၆၅ ဒေါ်လာ သန်း၊ ကုန်သွယ်မှုပမာဏ ၂ ဒသမ၂၃၇ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ၅၅၉ဒသမ၂၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၇၆၇ ဒေါ်လာသန်းနှင့် သွင်းကုန်ပိုင်းတွင် သုည ဒသမ ၇၈၀ ဒေါ်လာသန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် ၁ဒသမ၅၄၇ ဒေါ်လာသန်းပိုမိုခဲ့ပါသည်။ အနီးစပ်ဆုံးကာလဖြစ်သည့် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက သွင်းကုန်ပိုင်းတွင် သုညဒသမ၃၈၈ ဒေါ်လာသန်း၊ ပို့ကုန်ပိုင်းတွင်သုညဒသမ ၁၉၀ ဒေါ်လာသန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် သုညဒသမ၅၂၈ ဒေါ်လာသန်း ပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများအပြင် အခြားဒေသများမှ တင်ပို့/တင်သွင်းဆောင်ရွက်နေသော ကုန်ပစ္စည်းများလည်း ရှိနေပြီး မြိတ်အများပိုင်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်နေသော ထုံခါ-သံဖြူ-မောတောင်လမ်း ၄၈/၂ မိုင် ကတ္တရာလမ်းခင်းခြင်းမှာ ၂၀၁၈ ခုနှစ်အတွင်းပြီးစီးမည်ဆိုပါက ကုန်သွယ်မှုလမ်းကြောင်း တစ်နှစ်ပတ်လုံး အသုံးပြုလာနိုင်မည် ဖြစ်ပါသည်။ မြိတ်-မောတောင် ၁၁၈ မိုင် ကျော်အား အချိန်တိုအတွင်း ကုန်ပစ္စည်းများ မြန်ဆန်စွာစီးဆင်းလာနိုင်ပြီး ကုန်သွယ်မှု လုပ်ငန်းများလည်း တိုးတက်လာနိုင်ပါသည်။

ယခု မောတောင်ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်မှုဆောင်ရွက်နေသော တစ်ဖက် ထိုင်းနိုင်ငံမှ ဆင်ခွန်းစစ်ဆေးရေးဂိတ်သည် အထူးယာယီဂိတ်အဖြစ်သာရှိနေပြီး မြိတ်မြို့နှင့် ပရာကျွတ်ခီရီခန်ခရိုင်တို့အကြား မောင်နှမမြို့တော်အဖြစ် တည်ဆောက်ကာ လူဝင်/လူထွက်ကို အဓိကထား ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ နှစ်နိုင်ငံအဆင့်အစည်းအဝေးများတွင် အဆိုပါဂိတ်အား ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ထည့်သွင်းဆွေးနွေးပေးနိုင်မည် ဆိုပါက ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်ပါသည်။

**စောရန်နိုင် (မောတောင်)**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ငါးမြစ်ချင်း

စစ်တွေကုန်သွယ်ရေးစခန်းသည် ပို့ကုန်အသာစီးရရှိနေသောစခန်းဖြစ်သည့်အလျောက် အဓိကအားဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့လျက်ရှိပါသည်။ ပို့ကုန်ပစ္စည်းများအနက် ရေထွက်ပစ္စည်းဖြစ်သော ငါးမြစ်ချင်းမှာ အဓိကပို့ကုန်ပစ္စည်းအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ငါးမြစ်ချင်းတင်ပို့နိုင်မှုမှာ ၂၃၀၄ တန်၊ တန်ဖိုး ၂ဒသမ ၄၉၉ ဒေါ်လာသန်း၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ၅၆၇၄ ဒသမ ၄၀၈ တန်၊ တန်ဖိုး ၅ဒသမ ၂၈၀ဒေါ်လာသန်း၊ ၂၀၁၈ ခုနှစ် Mini Budget ဧပြီလ မှ စက်တင်ဘာလအထိ တွင် ၄၂၄၄ဒသမ၃၆ တန်၊ တန်ဖိုး ၃ဒသမ၉၂၇ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာ လတွင် ၈၅၆ဒသမ၆၀ တန်၊ တန်ဖိုး ၀ဒသမ၇၉၆ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပြီးဖြစ်၍ တစ်နှစ်ထက်တစ်နှစ် တင်ပို့မှုပိုမို တိုးတက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ စစ်တွေကုန်သွယ်ရေးစခန်းမှ တင်ပို့လျက်ရှိသော ငါးမြစ်ချင်းများမှာ အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီး စံပြဈေး၊ ရွှေပိတောက်ဈေး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ သယ်ယူတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

ရန်ကုန်မှ စစ်တွေသို့ ရေကြောင်း၊ ကုန်းကြောင်းခရီးဖြင့် သယ်ယူလျက်ရှိရာ ရေကြောင်းသင်္ဘောဖြင့် သယ်ယူပါက သုံးညအိပ် တစ်ရက်ခန့်ကြာမြင့်ပြီး မော်တော်ယာဉ်ဖြင့် သယ်ယူပါက နှစ်ရက်ခန့် ကြာမြင့်ကြောင်းသိရှိရပါသည်။ စစ်တွေ ရွှေမင်းဂံဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်မြို့၊ ဘောင်တော်ဆိပ်ကမ်းသို့ သင်္ဘောဖြင့် သယ်ယူပါ က ၁၀ ရက်ခန့်ကြာ မြင့်ကြောင်းသိရှိရပါသည်။ လက်ရှိအချိန်အထိ ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့် အခက်အခဲမရှိအဆင်ပြေချောမွေ့စွာ တင်ပို့လျက်ရှိကြောင်းသိရသည်။ စစ်တွေကုန်သွယ်ရေးစခန်းအနေဖြင့် အဓိကပို့ကုန် ငါးမြစ်ချင်း သာမက အခြားပို့ကုန်ပစ္စည်းများ၊ အမယ်သစ်ပို့ကုန်ပစ္စည်းများ၊ မိမိတို့နိုင်ငံအတွက် လိုအပ်သောသွင်းကုန်ပစ္စည်းများ တင်ပို့/တင်သွင်း နိုင်ရေးအတွက် လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပခြင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးကျင်းပသော စီးပွားရေးဆိုင်ရာ အစည်းအဝေးများတွင် ဆွေးနွေးခြင်းဖြင့် ကုန်သည်လုပ်ငန်းရှင်များသို့ ချပြရှင်းလင်း တိုက်တွန်းစည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ညီညီအောင်(စစ်တွေ)**

## တရုတ်နှင့် စင်ကာပူတို့လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် အဆင့်မြှင့်ခြင်းဆိုင်ရာ စာချုပ်စာတမ်းများအား လက်မှတ်ရေးထိုး

တရုတ်နိုင်ငံ နှင့် စင်ကာပူနိုင်ငံ နှစ်နိုင်ငံစလုံးသည် ဆွေးနွေးညှိနှိုင်းမှုများကို အပြီးသတ်လုပ်ဆောင်ပြီးနောက် နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်(FTA) အဆင့်မြှင့်တင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချုပ်စာတမ်းများကို နိုဝင်ဘာ ၁၂ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီခဲ့ချန်နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းတို့သည် တွေ့ဆုံမှုများအပြီး လက်မှတ်ရေးထိုးပွဲ၌ သက်သေအဖြစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ လီသည် ၎င်း၏ပထမဆုံးခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၁၂ရက် အစောပိုင်းတွင်ရောက်ရှိလာခဲ့ပြီး လွတ်လပ်သောကုန်သွယ်မှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဟု ခန့်မှန်းရသည်။

လီရှန်လွန်းနှင့် တွေ့ဆုံစဉ်အတွင်း တရုတ်ဝန်ကြီးချုပ် လီခဲ့ချန်က FTA အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများ အပြီးသတ်ဆောင်ရွက်ခြင်းမှ အခွင့်အလမ်းကောင်းများကို နှစ်ဖက်စလုံးမှ အရယူနိုင်ပြီး အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ကာ ရင်းနှီးမြှုပ်နှံမှုအား မြင့်မားသော အဆင့်တစ်ခုအထိ ရောက်ရှိအောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်းပြောကြားခဲ့သည်။

လီရှန်လွန်းက FTA အား အဆင့်မြှင့်တင်ခြင်းသည် နှစ်နိုင်ငံ ပြည်သူများနှင့် ကုမ္ပဏီများအတွက် အကျိုးရလဒ်များကို အမှန်တကယ်ဆောင်ကြဉ်းပေးနိုင်ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးချဲ့လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့၏ စီးပွားရေးစနစ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လီခဲ့ချန်၏ စင်ကာပူခရီးစဉ်အတွင်း ၎င်းသည် (၂၁)ကြိမ်မြောက် တရုတ်-အာဆီယံ (၁၀+၁) ခေါင်းဆောင်များအစည်းအဝေး၊ ၂၁ကြိမ်မြောက် အာဆီယံ-တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား (၁၀+၃) ခေါင်းဆောင်များအစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သွားမည်ဖြစ်သည်။

**Phyu Phyu (Import)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၆ နိုင်ငံသာရှိ၍ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Tanzania နိုင်ငံတွင်ပင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၁ ဒသမ ၂၀ ရာခိုင်နှုန်းသာ ဈေးနှုန်းမြင့်တက်ခဲ့သဖြင့် ယခင်တစ်ပတ်များထက် ဓာတ်ဆီဈေးနှုန်း မြင့်တက်မှုနည်းပါးခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းတည်ငြိမ်သည့် နိုင်ငံ ၅၈ နိုင်ငံရှိပြီး ကမ္ဘောဒီးယား၊ တရုတ်၊ ဂျာမနီ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ ကူဝိတ်၊ လာအို၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ကာတာ၊ ရုရှား၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်နှင့် အာရပ်နိုင်ငံတို့ပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၄၇ နိုင်ငံရှိ၍ Guatemala၊ တောင်ကိုရီးယား၊ ပနားမား၊ ဗီယက်နမ်၊ ရိုမေးနီးယား၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ ခရိုအေးရှား၊ တူရကီ၊ ဟောင်ကောင်၊ နယူးဇီလန်၊ ပြင်သစ်၊ ထိုင်ဝမ်၊ အမေရိကန်၊ ထိုင်း၊ ပေါ်တူဂီ၊ စင်ကာပူ၊ စပိန်၊ အိန္ဒိယ၊ ဘရာဇီး၊ UK၊ နော်ဝေ၊ ဒိန်းမတ်၊ ဂျပန်၊ ချက်၊ ယူကရိန်း၊ ဘယ်လ်ဂျီယံ စသည့်နိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၃၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျ ဆင်းခဲ့ကြောင်းနှင့် ယခင်တစ်ပတ်ထက်ဈေးနှုန်းကျဆင်းမှု ပိုမိုမြင့်မားခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၅ ဒသမ ၁၀ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၃ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း အသီးအသီးဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိခဲ့၍ Tanzania နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၃ ဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် ကမ္ဘောဒီးယား၊ တရုတ်၊ ဒိန်းမတ်၊ ဂျာမနီ၊ အင်ဒိုနီးရှား၊ ကူဝိတ်၊ လာအို၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ကာတာ၊ သီရိလင်္ကာ၊ တူရကီ၊ အာရပ်စသည့်နိုင်ငံများ အပါအဝင် ၅၄ နိုင်ငံ ရှိပြီး အာဆီယံနိုင်ငံအများစုတွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၄၄ နိုင်ငံရှိပြီး ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ Guatemala၊ မွန်တီနီဂရိုး၊ နယူးဇီလန်၊ ထိုင်ဝမ်၊ ပနားမား၊ ဟောင်ကောင်၊ ခရိုအေးရှား၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ အိန္ဒိယ၊ ပေါ်တူဂီ၊ စင်ကာပူ၊ ထိုင်း၊ စပိန်၊ အမေရိကန်၊ ဩစတြေး လျ၊ ဂျပန်၊ နော်ဝေ၊ ဗီယက်နမ်၊ ဆွီဒင်၊ အီတလီ၊ ယူကရိန်း၊ ချက်၊ နယ်သာလန်၊ UK စသည့်နိုင်ငံတို့ဖြစ်ကာ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၇ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၇ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင် ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၆ ဒသမ ၇ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် တစ်ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၄ ရာခိုင်နှုန်းအသီးသီးဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံ များ၏ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၄ | ၀.၆၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၃ |
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၉၀ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၈၁ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၉ | ၁.၂၇ |
| ၆ | မလေးရှား | လီတာ | ၀.၅၂ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၆ | ၀.၈၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၉ | ၀.၉၈ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၂ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၂ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိပြီး ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းကျဆင်းနေကြောင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ်ဆန်ဈေးနှုန်းမှာ တည်ငြိမ်နေသော်လည်း ဧည့်မထ ၂၅ မှတ်ဆန်မှာဈေးနှုန်းကျဆင်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက်အတွင်း အီးယူမှဆန်တင်ပို့ခွင့် ပိတ်သွားသည်ဟူသော သတင်းများ ပေါ်ထွက်လာခြင်းကြောင့် မိုးစပါးပေါ်ချိန်တွင် ဆန်ဈေးနှုန်းများကျဆင်းသွားမည်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ စိုးရိမ်နေကြပါသည်။ ထို့ကြောင့် အီးယူနိုင်ငံများသို့ ဆန်တင်ပို့ခွင့်ရပ်ဆိုင်းမှုမရှိခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကြေညာချက် ထုတ်ပြန်ရန် စီစဉ်နေကြောင်း သိရှိရပါသည်။ စပါးဈေး၊ ဆန်ဈေး ကျဆင်းအောင်ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်နိုင်သကဲ့သို့ အခြေအနေအမှန်ကိုမသိရှိဘဲ ပြည်သူများမှ အီးယူကိုဆန်လုံးဝပို့၍ မရတော့သည်ဟု ထင်မြင်နေကြပါသည်။ အီးယူနိုင်ငံမှ အခွန်ကင်းလွတ်ခွင့်ကိုရုပ်သိမ်းပြီး အခွန်ပြန်ကောက်သည့်စနစ်သို့သွားရန် ဆောင်ရွက်မှုအပေါ် အခွန်ကင်းလွတ်ခွင့် ဆက်လက်ရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ဆွေးနွေးနေကြောင်း သိရှိရပါသည်။

အီးယူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပေးထားသည့် GSP အခွင့်အရေးအား သုံးနှစ်ရုပ်သိမ်းရန် စဉ်းစားနေပြီး ယင်းအပေါ် မြန်မာနိုင်ငံဘက်မှ ဆွေးနွေးလိုသည့်အချက်များအား နိုဝင်ဘာ ၁၉ ရက်နောက်ဆုံးထားတင်ပြရန် ပြောကြားထားပါသည်။ ယခင်က အခွန်ကင်းလွတ်ခွင့်ရသည့်အတွက် မြန်မာနိုင်ငံ၏ဆန်ဝယ်ယူလျှင် အခြားနိုင်ငံများထက် ဈေးသက်သာသည့်အတွက်ကြောင့်သာ ဝယ်ယူကြခြင်းဖြစ်ပါသည်။ အခွန်ပြန်ကောက်မည်ဆိုလျှင် ဈေးနှုန်းတူညီသွားပြီဖြစ်သောကြောင့် အရည်အသွေးပိုင်းဆိုင်ရာကို သာကြည့်ပြီး ဝယ်ယူကြတော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှုမျိုးကို လက်ခံရန် အခက်အခဲများရှိနေကြောင်း သိရှိရပါသည်။

အီးယူနိုင်ငံများမှ အခွန်ကင်းလွတ်ခွင့် ပြန်လည်ရုပ်သိမ်းပြီး သုံးနှစ်အခွန်ကောက်ခံမည့် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မည်ဆိုပါလျှင် ဆန်မက်ထရစ်တစ်တန်လျှင်ပထမနှစ်တွင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ၁၅၀ ယူရိုနှင့် တတိယနှစ်တွင် ၁၂၅ ယူရို အခွန်နှုန်းထားသတ်မှတ်သွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ သို့သော်လည်း အခွန်ကောက်ခံမည်ဆိုပါလျှင် တင်ပို့ရောင်းချသူများထံမှ ကောက်ယူမည်မဟုတ်ဘဲ ဝယ်ယူသူများဘက်သို့ ကောက်ယူမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း အီးယူသို့ မြန်မာနိုင်ငံက ဆန်ကွဲတန်ချိန် သုံးသိန်းနှင့် ဆန်ဖြူတန်ချိန် တစ်သိန်းတင်ပို့ထားပြီး နှစ်စဉ်ဆန်တန်ချိန် စုစုပေါင်းလေးသိန်းခန့်တင်ပို့နေခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြောင်းမြဆန်စပါးဈေးကွက်အတွင်း မိုးစပါးအသစ်များ ဆက်တိုက်ဝင်ရောက်လာနေပြီး ဆန်အရောင်းအဝယ် အနည်းငယ်အေးနေမှုကြောင့် စပါးအသစ်ဈေးနှုန်းများ ပြန်လည်ကျဆင်းလာနေကြောင်းသိရှိရပါသည်။ မိုးစပါးသစ်များအထွက်စုံလာချိန်တွင် ဆန်အရောင်းအဝယ်များ နည်းပါးနေသောကြောင့် ပေါ်ဆန်းစပါးအသစ် တင်း ၁၀၀ လျှင်ကျပ် ၁၀ သိန်းဝန်းကျင်ထိ ဈေးနှုန်း ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ပေါ်ဆန်းစပါးအဟောင်းမှာလည်း တင်း ၁၀၀ လျှင်ယခင်က ၁၅ ကျပ်သိန်းဝန်းကျင်မှ ၁၄ ကျပ်သိန်းဝန်းကျင်သို့ ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ပေါ်ဆန်းဆန်မှာ ၁၀၈ ပေါင် တစ်အိတ်လျှင်ကျပ် ၅၃၀၀၀ ဝန်းကျင်ဈေးနှုန်းရှိနေကြောင်း၊ မနောသုခ ကဲ့သို့သော အမျိုးအစား စပါးသစ်များမှာ တင်း ၁၀၀ လျှင်ကျပ် ၆ သိန်းဝန်းကျင်ထိ ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ပြီး စပါးအဟောင်းများမှာ ကျပ် ၈ သိန်းဝန်းကျင်ထိရှိနေကြောင်း လေ့လာသိရှိ ရပါသည်။

နယ်များမှ ပေါ်ဆန်းဆန်သစ်များ ရန်ကုန်ဆန်ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သဖြင့် ပေါ်ဆန်းဆန်ဈေးသည် လွန်ခဲ့သည့်တစ်ပတ်ထက် တစ်အိတ်လျှင်ကျပ် ၇၀၀၀ မှ ၁၀၀၀၀ ခန့်အထိ ကျဆင်းနေကြောင်း ဝါးတန်းဆန်ဈေးကွက် အတွင်းမှ သိရှိရပါသည်။ လက်ရှိပေါ်ဆန်းဆန်သစ်ဈေးကွက်အတွင်း ရန်ကုန်သို့ စတင်ဝင်ရောက်စဉ်က ကျိုက်လတ်ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၄၂၀၀၀ - ၄၄၅၀၀ မှ ကျပ် ၃၂၀၀၀-၃၅၀၀၀ သို့လည်းကောင်းကျဆင်းကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါသည်။ ထို့ပြင် ယခင်က မော်ကျွန်းပေါ်ဆန်း တစ်အိတ်လျှင်ကျပ် ၄၂၀၀၀-၄၄၅၀၀ မှ ကျပ် ၃၅၀၀၀-၃၆၀၀၀ သို့လည်းကောင်း၊ ယခင်က မြောင်းမြပေါ်ဆန်း တစ်အိတ်လျှင်ကျပ် ၄၆၀၀၀- ၄၇၀၀၀ မှ ကျပ် ၃၈၀၀၀-၃၉၀၀၀ ခန့်သို့လည်းကောင်း ဈေးနှုန်းများ ကျဆင်းသွားကြောင်း ဝါးတန်းဆန်ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ဆန်အဝင်များသည့်အတွက် အရောင်းအဝယ်မှာ နည်းနေကြောင်း သိရှိရပါသည်။ ရန်ကုန်သို့ ဆန်သစ် ဝင်ရောက်မှုသည် ပြီးခဲ့သည့်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင်တစ်ရက်ကို နှစ်ဆနီးပါးပိုမို ဝင်ရောက်လာပြီး ဆန်သစ်အဝင်များပြားလာနိုင်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် နိုဝင်ဘာ ၁၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၉ ကျပ်နှုန်းရှိပြီး

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ နှင့် ဒီဇယ် ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၀၉ ရှိပြီး စက်သုံးဆီဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၆၄ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက် နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၇ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ် လျှင် စက်သုံးဆီဈေးနှုန်း သက်သာသော နိုင်ငံများတွင်ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများ စာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Guinea | လီတာ | ၂.၁၂ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၁၁ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Barbados | လီတာ | ၂.၉၆ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၉၄ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | အီတလီ | လီတာ | ၁.၈၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၀ | Guinea | လီတာ | ၂.၁၂ |
| ၂ | အီရန် | လီတာ | ၀.၀၇ | နော်ဝေ | လီတာ | ၁.၉၁ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | အိုက်စလန် | လီတာ | ၁.၈၅ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဆွစ်ဇာလန် | လီတာ | ၁.၈၁ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွီဒင် | လီတာ | ၁.၇၉ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၈ | ၁.၀၆ |
| ၂ | ဂျပန် | လီတာ | ၁.၃၆ | ၁.၁၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၁ | ၁.၀၃ |

Oil-Price. orNet Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း Crude Oil နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၉.၁၁.၂၀၁၈ | စည် | ၆၀.၆၈ |
| ၂ | ၁၂.၁၁.၂၀၁၈ | စည် | ၅၉.၉၃ |
| ၃ | ၁၃.၁၁.၂၀၁၈ | စည် | ၅၅.၆၉ |
| ၄ | ၁၄.၁၁.၂၀၁၈ | စည် | ၅၆.၂၅ |
| ၅ | ၁၅.၁၁.၂၀၁၈ | စည် | ၅၆.၄၆ |

source : http://www.oil-price.net/

## ကြယ်စင်(တန့်ဆည်မြေ)

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၂ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှု ကမ္ဘာ့ပျမ်းမျှဈေးနှုန်းအား အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည် -




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

သီတင်းကျွတ်ပိတ်ရက်အတွင်း အမြင့်ဈေး၌ တည်ငြိမ်ခဲ့သော ဒေါ်လာငွေဈေးနှင့် ရွှေဈေးတို့သည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းတွင် အောက်တိုဘာလ ဒုတိယပတ်၌ တစ်ဒေါ်လာ ကျပ် ၁၅၀၀ အထိ ဈေးနှုန်းကျဆင်းခဲ့ရာမှ ယခုအပတ်တွင် တစ်ဒေါ်လာ ၁၅၇၀ ကျပ်အထက်သို့ ရောက်ရှိခဲ့ကြောင်းနှင့် ရွှေဈေးကွက်သည်လည်း အမြင့်ဈေး၌ပင် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရပါသည်။

ပြီးခဲ့သည့် သုံးလအတွင်း ရွှေဈေးကို ပြန်ကြည့်ပါက ဩဂုတ်လအတွင်း ပြည်တွင်းရွှေဈေးနှုန်း အနိမ့်ဆုံးနှုန်း ကျပ် ၉၄၇၃၀၀ ဩဂုတ် ၆ ရက်၊ အမြင့်ဆုံးနှုန်း ကျပ် ၉၈၅၀၀၀ ဩဂုတ် ၂၈ ရက်၊ စက်တင်ဘာလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးဈေးနှုန်း ကျပ် ၉၆၅၀၀၀ စက်တင်ဘာ ၂၈ ရက်၊ အမြင့်ဆုံး ဈေးနှုန်း ကျပ် ၁၀၄၇၇၀၀ စက်တင်ဘာ ၂၀ ရက်၊ အောက်တိုဘာလအတွင်း ပြည်တွင်းရွှေဈေးအနိမ့်ဆုံးနှုန်း ကျပ် ၉၆၉၀၀၀ အောက်တိုဘာ ၁ ရက်၊ အမြင့်ဆုံးနှုန်း ကျပ် ၁၀၄၀၀၀၀ အောက်တိုဘာ ၃၁ ရက်၊ နိုဝင်ဘာလအတွင်း အနိမ့်ဆုံးဈေးနှုန်း ကျပ် ၁၀၂၆၀၀၀ နိုဝင်ဘာလ ၁၂ ရက်နှင့် အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၀၄၂၅၀၀ နိုဝင်ဘာလ ၂ ရက်နေ့တို့ဖြစ်ကြောင်း တွေ့ရပါသည်။

ပြည်တွင်းဈေးကွက်တွင်ရှိသော ရွှေတုံးများသည် အထည်ပျက်များကို ပြန်လည်ကျိုထားသဖြင့် ရွှေအရည်မှာ နိုင်ငံတကာ စံချိန်မီရွှေအောက် အရည်လျော့ကျကြောင်း၊ ပြည်ပမှ လက်ဝတ်ရတနာများတင်သွင်းလျှင် အထူးကုန်စည်ခွန် ၁၅ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပြီး ရွှေတုံးများ တင်သွင်းလျှင်လည်း အခွန်နှုန်းထား တူညီနေသောကြောင့် ရွှေလုပ်ငန်းရှင်များမှာ ရွှေတုံးများကိုသာ တင်သွင်းလိုကြောင်းနှင့် နိုင်ငံတကာစံချိန်မီ


စာမျက်နှာ ၂၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO)၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ် တွင် ဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းလာကြောင်း လေ့လာတွေ့ရှိ ရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၁၁-၂၀၁၈ နေ့တွင် အမေရိကန် ဒေါ်လာ ၃၅၃ ဒသမ ၇၅ ပေါက်ဈေးရှိခဲ့ရာမှ ဆက်လက်မြင့်တက်လာခဲ့ပြီး၁၄-၁၁-၂၀၁၈ နေ့တွင် အမေရိကန်ဒေါ်လာ ၃၄၅ ဒသမ ၅၀ အထိ ဈေးနှုန်းကျဆင်းခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါ သည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 14-Nov-18 | 12.79 cts/lb | 13.26 cts/lb | 345.50 $/T | 15.67 cts/lb |
| 13-Nov-18 | 12.75 cts/lb | 13.35 cts/lb | 342.40 $/T | 15.53 cts/lb |
| 12-Nov-18 | 13.08 cts/lb | 13.42 cts/lb | 347.75 $/T | 15.77 cts/lb |
| 9-Nov-18 | 12.87 cts/lb | 13.48 cts/lb | 344.90 $/T | 15.64 cts/lb |
| 8-Nov-18 | 12.98 cts/lb | 13.56 cts/lb | 344.80 $/T | 15.64 cts/lb |
| 7-Nov-18 | 13.11 cts/lb | 13.62 cts/lb | 346.00 $/T | 15.69 cts/lb |
| 6-Nov-18 | 13.07 cts/lb | 13.66 cts/lb | 345.85 $/T | 15.69 cts/lb |
| 5-Nov-18 | 13.27 cts/lb | 13.68 cts/lb | 350.85 $/T | 15.91 cts/lb |
| 2-Nov-18 | 13.53 cts/lb | 13.70 cts/lb | 359.00 $/T | 16.28 cts/lb |
| 1-Nov-18 | 13.26 cts/lb | 13.68 cts/lb | 353.75 $/T | 16.05 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၇ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၆၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၆-၃၈၅၊ အိန္ဒိယနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၄၃၄ -၅၇၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့၏ သကြားဈေးမှာ ကျဆင်းနေကြောင်းကို သိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေး မှာ အမေရိကန်ဒေါ်လာ ၆၅၈ သာရှိပြီး တရုတ်နိုင်ငံတွင် သကြား တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၇ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၃၉ ဒေါ်လာ ဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၇ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၆ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေး များကို လေ့လာရာတွင်

စာမျက်နှာ ၁၇ သို့

# ရင်ခွင်မဲ့များ

**နိုင်ဦး (DOCA)**

လွန်ခဲ့သော သုံးနှစ်ခန့်က ကျွန်တော် နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်ပေါ်ရှိ မိဘမဲ့ကလေးများအတွက် အသေးစားအလှူလေးတစ်ခု သွားလုပ်ဖြစ်သည်။ ဘာရယ်မဟုတ် ကလေးတွေအတွက် လိုအပ်နိုင်မည့် စာအုပ်၊ ခဲတံ၊ ဘောလ်ပင် လသား အရွယ်ရင်ခွင်ပိုက်လူမမယ်များအတွက် နို့မှုန့်အနည်းငယ် တတ်နိုင်သလောက် ပေးလှူတာပါပဲ။ စာတစ်စောင်ဖွဲ့၍ ဆိုရန် မလိုပေ၊ ကလေးတွေရဲ့ အရောင်တောက်ပနေတဲ့ မျက်လုံးလေးတွေ၊ မှုန်ရီဝေနေတဲ့ မျက်လုံးလေးတွေ၊ အားငယ်နွမ်းလျနေတဲ့ မျက်လုံးများကို မြင်တွေ့နေရသဖြင့် ကျေနပ် ပီတိဖြစ်ရ၊ ကြေကွဲ ခံစားရနှင့် စိတ်နှစ်မျိုးစလုံးကို ခံစားခဲ့ရသည်။ လသားအရွယ် လူမမယ်ကလေးများ၏ အပြစ်ကင်းစင်သော အရယ်အပြုံးများကို မြင်ပါလျက် ကျွန်တော်ဝမ်းနည်းမိသည်။ ထိုကလေးငယ်များ၊ လူမမယ်များကို မိမိကလေးငယ်များသဖွယ် မေတ္တာအပြည့်ဖြင့်စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ ပညာရေးမှအစ ထောင့်စေ့အောင် လိုလေသေးမရှိ စောင့်ရှောက်နေသော ဆရာတော်ကြီးနှင့်တကွ သံဃာတော်များ၊ လစာမယူ အဖြူထည်သက်သက် စိတ်စေတနာဖြင့် ကူညီပေးနေသော ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ဆရာဝန်ကြီးများ၊ ပရဟိတလူငယ်များ နေထိုင်စရာ ဆောက်လုပ်လှူဒါန်းသော စားသောက်စရာများ လာရောက်လှူဒါန်းသောသူများကိုလည်း ကျေးဇူးတင်မိသည်။ သူတို့၏ ရယူခြင်းကင်းသော ပေးဆပ်မှုများကိုလေးစားတန်ဖိုး ထားမိပါသည်။ သက်ဆိုင်ရာဌာနများ၊ ဝန်ထမ်းများ၏ တတ်နိုင်သလောက် ပါဝင်ကူသိုလ်ပြုမှုများကိုလည်း သာဓုအခါခါခေါ်မိသည်။

ထိုစမတောင်ပေါ်ရှိ လူမမယ်ကလေးများအနက် (၃)နှစ်ကျော်ခန့်ရှိ ရုပ်ရည်သန့်သန့်ပြန့်ပြန့်နှင့် သွက်လက်ချက်ချာသော ကလေးငယ်လေးကို ကျွန်တော်ကဲ့သို့ တတ်နိုင်သလောက် လာရောက်လှူဒါန်းသူများက စနောက်နေသည်။ အဲဒီအထဲက ကျွန်တော်ကြားရသလောက် "ကလေးမင်းက မိဘမဲ့ဆိုတော့၊ မိဘတွေမရှိကြဘူးပေါ့"ဟုမေးရာ ကလေးလေးက ချက်ချင်းပင်တုံ့ပြန်ပြောဆိုခဲ့သော စကားလေးသည် ကျွန်တော်နားထဲပါမက နှလုံးသားအထိပါ ထိမှန်ခဲ့သည်။ ကလေးငယ်က ကျွန်တော်မှာ မိဘတွေရှိတာပေါ့ဗျ၊ အဖေအမေရှိလို့ ကျွန်တော့်ကို မွေးထားတာလေ၊ ဒါပေမယ့် ကျွန်တော် အဖေ၊ အမေ ဘယ်သူလဲဆိုတာသာ ကျွန်တော် မသိတာဗျာတဲ့၊ ကျွန်တော်မျက်ရည်မကျအောင် ထိန်းလိုက်မိသည်။ ပြီးတော့ အဲ့ဒီကလေးနဲ့ပတ်သက်သော အချက်အလက်များကို မေးကြည့်ရာ "သူ့မိဘတွေ ဘယ်သူလဲဆိုတာ မသိကြောင်း၊ သူ(၂)လသားအရွယ်လောက်မှာ စမတောင်လမ်းဘေးမှာ စွန့်ပစ်ထားသဖြင့် ကလေးငိုသံကြားလို့ရွာကလူတွေက သွားယူပြီး ကျောင်းကိုယူလာတဲ့၊ ကလေးငယ်၏ ကိုယ်ရေးရာဇဝင်သည် ဖြည့်စွက်ရန် စာသားနည်းပါလှသည်။ ကွက်လပ်များတွင် ဖြည့်ရမည့် မမြင်ရသော စကားလုံးများ ထောင်၊ သောင်းချီမက ရှိနေသည်။

သတ္တဝါတစ်ခု ကံတစ်ခုဟု ဆိုကြသော်လည်း မလွန်ဆန်နိုင်သောကံကြမ္မာ အခက်အခဲများကြားတွင် အပြစ်မဲ့သော ကလေးငယ်များမှာ မြေဇာပင်များဖြစ်ကြရပေသည်။ စမတောင်အပါအဝင် အနယ်နယ်အရပ်ရပ်မှ မေတ္တာတရားကြီးမားသော၊ စေတနာ၊ သဒ္ဓါတရားဖြူစင်စွာဖြင့် လှူဒါန်းကူညီကြသော မိဘမဲ့ဂေဟာများ၊ ပရဟိတအဖွဲ့များကြောင့်သာ မြေဇာပင်ကလေးငယ်များဘဝ လူ့လောကတွင်နေထိုင် ရပ်တည်အသက်ရှင်ခွင့်သူများ ရရှိနေခြင်းဖြစ်ပါသည်။ သို့မဟုတ်ပါက လမ်းဘေး၊ အမှိုက်ပုံများတွင် ကူရာမဲ့စွာဖြင့် လူ့လောကအလယ်မှ စောစီးစွာကျောခိုင်းထွက်ခွာသွားရမည့်သူများ နည်းမည်မဟုတ်ပေ။ ထို့ကြောင့်ပင် အနယ်နယ် အရပ်ရပ်မှ အဖြူရောင်သက်သက် မဟာကရုဏာရှင် လူကြီး၊ လူငယ်၊ လူရွယ်များ၊ နှောင်ကြိုးမဲ့ သဒ္ဓါကြည်လင် အလှူရှင်များကို အထင်ကြီးမှုများစွာဖြစ်မိသည်။ သူတို့လိုလူများ မြန်မာပြည်တွင်များစွာ တိုးပွား စေချင်ပါသည်။

ရုပ်ရှင်မင်းသား၊ အဆိုတော် ဦးကျော်ဟိန်း၏ "အဓိပ္ပာယ်ရှိသောလူ"စီးရီးထဲမှ မှောင်နေရင်လေ မီးထွန်းလိုက်၊ နာကျင်သူကိုကုသလိုက်၊ ဆာလောင်သူကို ကိုယ့်ဝေစုထဲက တစ်ဝက်ဝေငှလိုက်ဆိုသည့် စာသားလေးအတိုင်း မြန်မာ့စိတ်ရင်း စေတနာအတိုင်း စာနာစိတ်အပြည့်ဖြင့် အနာဂတ် လူသားများဖြစ်သည့် ကလေးငယ်များကို ပြုစုပျိုးထောင်ပေးခြင်းသည် လောကကြီးကောင်းဖို့တစ်ခုခုပေးခဲ့ခြင်းမည်၏။ ဝတ်ကောင်းစားလှ ဝတ်၍ရွယ်တူကလေးများ ၏ လှူဒါန်းမှုများကိုတန်းစီ၍ မျက်နှာငယ်စွာဖြင့် ရယူလျက်ရှိသော ရှက်ရွံ့သိမ်ငယ်နေသည့် ကလေးငယ်များ၏ မျက်နှာကလေးတွေ လာရောက်လှူဒါန်းသော မိသားစု၏ ပျော်ရွှင်ဖွယ်မြင်ကွင်းကိုမြင်၍ သူတို့၏ မိသားစုရင်ခွင်နှင့်ဝေးကွာနေ၍ ဝမ်းနည်းကြေကွဲဖွယ် မျက်နှာများနှင့် ကလေးငယ်များသည် ကျွန်တော့်နှလုံးသားထဲတွင် ဓာတ်ပုံရိုက်ထားသကဲ့သို့ ဖြစ်နေသည်။

ကလေးငယ်ပြောခဲ့သလိုပင် သူတို့သည် မိဘများရှိခဲ့ပေလိမ့်မည်။ ထို့ကြောင့်ပင် သူတို့ကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ အကြောင်းအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး၊ လူမှုရေးကိစ္စအဖုံဖုံကြောင့် စွန့်ပစ်ခဲ့ကြခြင်းဖြစ်သည်။ သူတို့တွင် အပြစ်မရှိပေ၊ အမိအဖများက မွေးဖွားခဲ့ခြင်းဖြစ်၍ သူတို့သည် မိဘမဲ့များမဟုတ်၊ နွေးနွေးထွေးထွေးမေတ္တာ၊ အကြင်နာများလွှမ်းခြုံနေသော ရင်ခွင်များနှင့် ဝေးကွာနေသူများဖြစ်၍ သူတို့သည် ရင်ခွင်မဲ့များဖြစ်ကြသည်။

အသက်အရွယ်အလိုက် ခိုလှုံစရာရင်ငွေ့များနှင့် ဝေးကွာနေသူများဖြစ်သည်။ မိရင်း၊ ဖရင်း ဆွေမျိုးသားချင်းတို့၏ ရင်ခွင်မဲ့နေသူများ ဖြစ်ကြပါသည်။

မိဘမဲ့ကျောင်းသို့ ရောက်ရှိလာကြသည့် အလွှာပေါင်းစုံမှ ရင်ခွင်မဲ့ကလေးများ၏ စိတ်မှာ ဘယ်လိုခံစားနေရမည်၊ ဘယ်လောက် အားငယ်နေမည်၊ ဘယ်လောက်သိမ်ငယ်နေမည်၊ ဝမ်းနည်းကြေကွဲနေမည်ကို အဆိုပါကလေးငယ်များကို မေးကြည့်ပါက ပို၍သိသာပေလိမ့်မည်။ မေတ္တာရှင်၊ ပရဟိတသမား၏ မည်သို့ပင်ထွေးပွေ့ယုယထားသော်လည်း ကျွေးမွေးပြုစုစောင့်ရှောက်၍ ဘဝခရီးလမ်းတိုးတက်စေရန် စေတနာထားကြိုးစားနေပါစေ၊ သူတို့၏ စိတ်ထဲတွင် အမှန်တကယ် တောင့်တနေမိသည့်အရာသည် မိဘ၏ရင်ခွင်တစ်စုံသာ ဖြစ်ပေမည်။ ထိုရင်ခွင်တစ်စုံသည် သူတို့၏ဘဝတွင် ပျောက်ဆုံးနေပြီဖြစ်သည်။

ကလေးငယ်များ၏ စိတ်ခံစားချက်များကို လျော့ပါးသက်သာစေရန် မိဘမဲ့ဟူသည့် စာသားနေရာတွင် ရင်ခွင်မဲ့ဟူသော အသုံးအနှုန်းဖြင့် ပြင်ဆင်ပေးပါက အထိုက်အလျောက် လျော့ပါးနိုင် မည်ဟု ယူဆမိပါသည်။ ကျွန်တော်သည် ဤအကြောင်းအရာကိုတွေ့သည်။ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတသမားများ၊ ပတ်ဝန်းကျင်မှ မိတ်ဆွေများကို ပြောပြဖြစ်သည်။ သူတို့ကလည်း လက်ခံကြ သည်။ ထို့ကြောင့်ပင် သတင်းစာများ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနများတွင် ရင်ခွင်မဲ့ဟူသော အသုံးအနှုန်းများကို လှိုင်လှိုင်သုံးစွဲ၍ ကျွန်တော်ကျေနပ်ဝမ်းသာရသည်။ ဆရာကြီးလုပ်သည်ဟူ၍လည်း မထင်စေချင်ပါ၊ ဖြစ်စေချင်သည့် ဆန္ဒကိုသာ ရင်ထဲမသိမ်းထားနိုင်တော့၍ ဖော်ပြခြင်းဖြစ်ပါသည်။ ရိုးသားသော စေတနာ အရင်းခံဖြင့် ရေးသားမိခြင်းဖြစ်ပါသည်။

ကလေးငယ်တိုင်း လူမှုရေးအခက်အခဲမြေဇာပင်များဘဝမှ ကင်းဝေးကြပါစေ၊ မိသားစုရင်ခွင်ထဲတွင် ကျန်းမာပျော်ရွှင်စွာဖြင့် ကြီးပြင်းတိုးတက်နိုင်ကြပါစေ၊ ရင်ခွင်မဲ့ကျောင်းများ၊ ရင်ခွင်မဲ့ဂေဟာများတွင် အေးချမ်းစွာတိုးတက်အောင်မြင်နိုင်ကြပါစေ ဘဝဆက်တိုင်း ဆက်တိုင်းရင်ခွင်မဲ့ဘဝတွေမှ ကင်းဝေးနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါသည်။

## စာမျက်နှာ (၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး . . . မှအဆက်

နိုဝင်ဘာ ၅ ရက်နေ့ နံနက် ၉ နာရီတွင် National Exhibition and Convention Centre (Shanghai) ၌ ကျင်းပသော တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ကုန်စည်ပြပွဲသို့ မိတ်ဖက်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၁၂၀ ကျော်မှ အစိုးရကိုယ်စားလှယ် များ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန် ကုန်စည်ပြပွဲ (CIIE) တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ခင်းကျင်းပြသထားသည့် အမျိုးသားပြခန်းဆောင် (National Pavilion) အား လည်းကောင်း၊ မြန်မာ နိုင်ငံမှ လာရောက်ပြသသည့် ကျောက်မျက်ရတနာပြခန်းများ၊ စားသောက်ကုန် ပြခန်းများ၊ ခရီးသွားလာရေးကုမ္ပဏီ ပြခန်းများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ဒုတိယဝန်ကြီးသည် နေ့လယ် ၃ နာရီတွင် ယူနန်ပြည်နယ်အစိုးရမှ ကျင်းပသည့် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ရေရှည်တည်တံ့ရေးဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။

တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန် ကုန်စည်ပြပွဲကို တရုတ်နှင့် ကမ္ဘာ့နိုင်ငံများအကြား ကုန်သွယ်ရေး မညီမျှမှုအား မျှတမှုရှိလာစေရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အဆိုပါကုန်စည်ပြပွဲသို့ ဒေသတွင်းနှင့် နိုင်ငံတကာမှ ကုမ္ပဏီ ၃၅၀၀ ကျော်နှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၂၆ ခု ပါဝင်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**MOCIR**

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ)၏ ကုန်သွယ်မှု အလားအလာကောင်းလျက်ရှိ

ပို့ကုန်သွင်းကုန်ရုံး ကျိုင်းတုံအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏အစ ပထမလဖြစ်သော ၂၀၁၈ ခုနှစ် အောက်တိုဘာလ၏ ကုန်သွယ်မှုလျာထားချက် သုည ဒသမ၁၅၀ ဒေါ်လာသန်းအပေါ် သုည ဒသမ၁၆၇ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကုန်သွယ်မှုလျာထားချက်အပေါ် အမှန်ဆောင်ရွက်နိုင်ခဲ့မှုမှာ ရာခိုင်နှုန်းအားဖြင့် ၁၁၁ဒသမ၃၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ITC ကတ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန် တစ်ပိုင်တစ်နိုင် ကုန်သွယ်ဆောင်ရွက်သည့် ဒေသခံကုန်သည် ၃ ဦးကို စည်းရုံးဆောင်ရွက်နိုင်ခဲ့သဖြင့် ITC ကတ် ၃ ကတ် ထပ်မံခွင့်ပြု ထုတ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအနေဖြင့်လည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်အထိ ပို့ကုန် သုညဒသမ၁၁၁ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ၀၇၈ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုညဒသမ၁၈၉ ဒေါ်လာသန်း ဆောင်ရွက်ခဲ့သဖြင့် နိုဝင်ဘာလ၏ ကုန်သွယ်မှုလျာထားချက် သုည ဒသမ ၂၀၀ ဒေါ်လာသန်းအပေါ် ၉၄ဒသမ၅ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် ယခုလတွင်လည်း လျာထားချက်ပြည့်မီကျော်လွန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ပို့ကုန်တင်ပို့မှုတွင် ယခင်နှစ်ကာလတူ၌ တင်ပို့မှုမရှိခဲ့သော ပြောင်းဖူးစေ့ကို ယခုလတွင် နိုဝင်ဘာ ၁၀ ရက်နေ့အထိ ၅၀၄တန်၊ တန်ဖိုးအားဖြင့် ၁၁၁၁၀၅ဒသမ၆၃၈ ဒေါ်လာ အား တရုတ်နိုင်ငံသို့ တင်ပို့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဘဏ္ဍာနှစ်သစ်၏ ပထမလတွင် တာထွက်ကောင်းခဲ့သော ကျိုင်းတုံ ပို့ကုန်သွင်းကုန်ရုံး၏ ကုန်သွယ်မှုပမာဏမှာ တိုးတက်လာနိုင်ကြောင်း သိရသည်။

**ကျော်သူဝင်း(မာတာ)**

## စာမျက်နှာ (၃) (၁၇)ကြိမ်မြောက် မြန်မာ-တရုတ်. . . မှအဆက်

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း၊ ၀၆၇-၄၃၀၄၄၆/၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.com ၊မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်) ဖုန်း၊ ၀၁-၂၅၄၀၂၄၊Email:itpic.moc@gmail.comနှင့် မောရွှေလီ ကုန်သွယ်မှုဗဟိုဌာန (မူဆယ်) ဖုန်း- ၀၉-၄၄၀၀၀၃၈၅၄ Email:mawshweli.muse@gmail.com တို့သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**MOCIR**

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံး ဆီဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုဝင်ဘာ ၉ | နိုဝင်ဘာ ၁၂ | နိုဝင်ဘာ ၁၃ | နိုဝင်ဘာ ၁၄ | နိုဝင်ဘာ ၁၅ | နိုဝင်ဘာ ၉ | နိုဝင်ဘာ ၁၂ | နိုဝင်ဘာ ၁၃ | နိုဝင်ဘာ ၁၄ | နိုဝင်ဘာ ၁၅ |
| ၁ | မြစ်ကြီးနား | ၅၀၆၂ | ၄၉၆၀ | ၄၉၆၀ | ၄၈၉၆ | ၄၈၉၆ | ၅၁၆၆ | ၅၁၂၅ | ၅၁၂၅ | ၅၀၈၅ | ၅၀၈၅ |
| ၂ | လားရှိုး | ၄၈၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ |
| ၃ | ကျိုင်းတုံ | ၅၉၈၅ | ၅၉၈၅ | ၅၉၈၅ | ၅၉၈၅ | ၅၉၈၅ | ၆၁၂၀ | ၆၁၂၀ | ၆၁၂၀ | ၆၁၂၀ | ၆၁၂၀ |
| ၄ | တောင်ကြီး | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၅၀ |
| ၅ | လွိုင်ကော် | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ |
| ၆ | ဘားအံ | ၄၅၄၅ | ၄၄၇၇ | ၄၄၇၇ | ၄၃၆၅ | ၄၃၂၀ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ |
| ၇ | မော်လမြိုင် | ၄၉၅၀ | ၄၉၂၇ | ၄၈၃၇ | ၄၈၃၇ | ၄၈၀၅ | ၅၀၄၀ | ၅၀၀၇ | ၅၀၀၇ | ၄၉၉၅ | ၅၀၄၀ |
| ၈ | ထားဝယ် | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၇၄၇ | ၄၇၄၇ | ၅၁၅၂ | ၅၁၅၂ | ၅၁၅၂ | ၅၀၉၈ | ၅၀၉၈ |
| ၉ | မြိတ် | ၄၇၉၃ | ၄၇၄၈ | ၄၇၄၈ | ၄၇၄၈ | ၄၇၄၈ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၈၆၄ | ၄၈၆၄ | ၄၈၆၄ | ၄၈၆၄ | ၄၈၆၄ |
| ၁၁ | ပုသိမ် | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၈၅၀ | ၄၈၅၀ |
| ၁၂ | စစ်တွေ | ၄၄၈၀ | ၄၄၈၀ | ၄၄၈၀ | ၄၄၈၀ | ၄၄၈၀ | ၄၈၀၀ | ၄၈၀၀ | ၄၇၆၀ | ၄၇၆၀ | ၄၇၆၀ |
| ၁၃ | ဟားခါး | ၅၃၈၀ | ၅၂၄၀ | ၅၂၄၀ | ၅၂၄၀ | ၅၂၄၀ | ၅၂၃၀ | ၄၉၄၀ | ၄၉၄၀ | ၄၉၄၀ | ၄၉၄၀ |
| ၁၄ | မုံရွာ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၅ | မန္တလေး | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၆ | ပခုက္ကူ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ |
| ၁၇ | မကွေး | ၄၇၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၀၇၀ | ၅၀၂၃ | ၅၀၂၃ | ၅၀၂၃ | ၅၀၂၃ |
| ၁၈ | ပြည် | ၄၇၀၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၀၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၀၀ |
| ၁၉ | ပဲခူး | ၄၆၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၂၀ | ပျဉ်းမနား | ၄၇၂၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၉၅၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ |
| ၂၁ | နေပြည်တော် | ၄၇၂၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၉၅၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ |
| ၂၂ | ကလေး | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၀၅၀ | ၅၀၅၀ | ၅၃၀၀ | ၅၃၀၀ | ၅၃၀၀ | ၅၂၅၀ | ၅၂၅၀ |

Source : DOCA-Domestic

နိုဝင်ဘာ ၁၀ ရက်တွင် အောက်တိန်း (95) တစ်လီတာလျှင် ကျပ် ၁၀၃၅၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀၇၀ နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၁၀၇၅ ကျပ် ဈေးရှိခဲ့ပါသည်။ အဆိုပါ စက်သုံးဆီများသည် အောက်တိုဘာလကုန်မှစတင်၍ ဈေးကျဆင်းလာပြီး တစ်လီတာလျှင် ၂၅ ကျပ်မှကျပ် ၅၀ အထိ ကျဆင်းခဲ့ပါသည်။ အောက်တိန်း (95) သည် နိုဝင်ဘာ ၁၀ ရက်တွင် တစ်လီတာလျှင် ကျပ် ၃၀ ကျဆင်းပြီး ဒီဇယ်ဆီနှစ်မျိုးသည် ဈေးနှုန်းအပြောင်းအလဲမရှိခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ စက်သုံးဆီဈေးနှုန်းကျဆင်းရေးနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း နိုဝင်ဘာ ၆ ရက်တွင် စက်သုံးဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ကြပါသည်။ ထိုသို့တွေ့ဆုံမှုမပြုလုပ်မီကတည်းက ပြည်တွင်းစက်သုံးဆီဈေး ကျဆင်းနေခဲ့ပြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီးနောက်ပိုင်းတွင် ဆက်လက်ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ပြည်တွင်းစက်သုံးဆီ ရန်ကုန် အထိုင်ဈေးကို မကြာမီ တစ်လီတာလျှင်ကျပ် ၁၀၀၀ အောက်ရောက်ရှိ နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရေနံစိမ်းဈေးကွက်တွင်ဈေးနှုန်းဆက်လက်ကျဆင်းမှုနှင့်အတူ ကမ္ဘာ့ပျမ်းမျှ ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများပါ လိုက်ပါကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ဥရောပနိုင်ငံများတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း၊ တောင်အမေရိက နိုင်ငံများတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၈ ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန် နိုင်ငံတွင် ၂ရာခိုင်နှုန်း၊ ဩစတြေးလျတွင် ၄ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ Global Petrol Price Website တွင်ဖော်ပြချက်အရ ယခုတစ်ပတ်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံပေါင်း ခြောက်နိုင်ငံတွင်သာ ဈေးနှုန်း မြင့်တက်ခဲ့ပြီး နိုင်ငံပေါင်း ၄၇ နိုင်ငံတွင် ဈေးနှုန်းကျဆင်းခဲ့ကြောင်းနှင့် ကျန် ၅၈ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ကြောင်း ဖော်ပြပါရှိခဲ့ပါသည်။ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ရိုမေးနီးယား၊ ပနားမားနှင့် Guatemala နိုင်ငံတို့တွင် စက်သုံးဆီ ဈေးနှုန်း ၄ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း တွေ့ရှိရသဖြင့် ယခုတစ်ပတ်အတွင်း ကမ္ဘာ့စက်သုံးဆီဈေးနှုန်း ကျဆင်းခဲ့မှုနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း လိုက်ပါကျဆင်းခဲ့ကြောင်း တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း . . . မှအဆက်

ဟားခါးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာ ကျပ် ၁၈၀၀ အမြင့်ဆုံးဖြ စ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက် ဖြစ်ပေါ်နေသောဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) နိုဝင်ဘာ ၉ | နိုဝင်ဘာ ၁၂ | နိုဝင်ဘာ ၁၃ | နိုဝင်ဘာ ၁၄ | နိုဝင်ဘာ ၁၅ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၁ ဒသမ ၄၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဧည့်မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၃၃၅၈ ကျပ်မှ ၂၃၅၈၇ ကျပ်ထိပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းသွားကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိက တင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၈၇၅ သန်း၊ US သုည ဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင် ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၂ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းများ အတက်အကျအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း ၉.၁၁.၂၀၁၈ | ၁၂.၁၁.၂၀၁၈ | ၁၃.၁၁.၂၀၁၈ | ၁၄.၁၁.၂၀၁၈ | ၁၅.၁၁.၂၀၁၈ |
|---|---|---|---|---|---|---|---|
| ၁ | ဗီယာ | ၅ | ၂၀၅၀၀ | ၂၁၀၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၀၀၀ |
| ၂ | ဗီယာ | ၁၀ | ၁၉၈၀၀ | ၂၀၄၀၀ | ၂၀၇၀၀ | ၂၀၇၀၀ | ၂၁၀၀၀ |
| ၃ | ဗီယာ | ၂၅ | ၁၉၀၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၄၀၀ | ၁၉၅၀၀ |
| ၄ | ဗီယာ | ၃၅ | ၁၈၇၀၀ | ၁၈၈၀၀ | ၁၉၁၀၀ | ၁၉၁၀၀ | ၁၉၂၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၀၀၀ | ၂၀၆၀၀ | ၂၀၈၀၀ | ၂၀၈၀၀ | ၂၁၀၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၁၉၄၀၀ | ၂၀၂၀၀ | ၂၀၃၀၀ | ၂၀၃၀၀ | ၂၀၅၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၀၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၄၀၀ | ၁၉၅၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၇၀၀ | ၁၈၈၀၀ | ၁၉၁၀၀ | ၁၉၁၀၀ | ၁၉၂၀၀ |
| ၉ | ငစိန် | ၅ | | | | | |
| ၁၀ | ငစိန် | ၂၅ | | | | | |
| ၁၁ | ငစိန် | ၃၅ | | | | | |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၄၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့ပါသည်။ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့တို့တွင် ကျပ် ၁၂၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) ၉.၁၁.၂၀၁၈ | ၁၂.၁၁.၂၀၁၈ | ၁၃.၁၁.၂၀၁၈ | ၁၄.၁၁.၂၀၁၈ | ၁၅.၁၁.၂၀၁၈ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၆ | ဘားအံ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၈ | ထားဝယ် | ၁၃၅၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၉ | မြိတ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၃ | ဟားခါး | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၁၇ | မကွေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၈ | ပြည် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၉ | ပဲခူး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၀၀၀ |
| ၂၁ | နေပြည်တော် | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ | ၁၀၅၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-DOCA-Domestic

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၃၇ ရာခိုင်နှုန်းမြင့်တက်သွားခဲ့သည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

Vol: 18, No.46 Monday November 19 2018



# အမျိုးအစား အရည်အသွေးကောင်းမွန်မှုက ဦးဆောင်နေသည့်
# ပြည်ပပို့ကုန် ဖရဲနှင့်သခွားစျေးကွက်

**ခင်လေးယု**

တရုတ်နိုင်ငံ၏ ဖရဲ၊သခွား ရာသီသည် အောက်တိုဘာလတွင် ကုန်ခဲ့ပြီ။ မြန်မာနိုင်ငံတွင်လည်း မိုးဖရဲသီးများ၊ သခွားမွှေးသီးများ လှိုင်လှိုင်ပေါ်လာပေပြီ။ နိုဝင်ဘာလမှ မေလကုန်ခန့် အထိ တရုတ်စျေးကွက်ကိုတင်ပို့မယ့် မြန်မာ့ဖရဲ၊သခွား ရာသီ ကိုရောက်လာပြီပဲ ဖြစ်ပါတယ်။ ဖရဲနဲ့သခွားဟာ တရုတ်ဝယ်လက်များ အလွန်နှစ်သက်တာကြောင့် တရုတ်နိုင်ငံ၏ ဖရဲနှင့် သခွားစျေးကွက်ကို ရာသီချိန်တင်ပို့မည့် မြန်မာ့ဖရဲနှင့် သခွားမွှေးက စျေးကွက်၏ ၈၀ ရာခိုင်နှုန်းခန့်ကို လွှမ်းမိုးထားတယ်လို့ စျေးကွက်သတင်းအရ သိရပါတယ်။

စက်တင်ဘာလကုန်ခန့်မှစပြီး ဖရဲသီးနှင့် သခွားမွှေးများ၏ စျေးများကလည်း တရိပ်ရိပ်တက်နေကာ တရုတ်ဝယ်လက်လိုက်လာသဖြင့် တင်ပို့မှုများကလည်း မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုများလည်း စည်ကားနေကာ တောင်သူရောကုန်သည်ပါ အလုပ်များနေကြကြောင်း တွေ့မြင်ကြားသိနေရပါ တယ်။ အောက်တိုဘာ ၁ ရက်မှစတင်ပြီး မြန်မာဘက်မှာ အရောင်းအဝယ်စတင်ခဲ့တဲ့ဖရဲသီးဟာ အစပိုင်းမှာ အသီးနုကာအရည်အသွေးသိပ်မပြည့်ဝတာရယ်၊ မိုးမိတာရယ်၊ ရာသီဥတုနဲ့ တရုတ်ဖရဲတွေရဲ့စျေးကွက် အခြေအနေကြောင့် အရောင်းထိုင်းထိုင်းနဲ့ စျေးမကောင်းခဲ့ပေမယ့် နောက်ပိုင်းကာလမှာတော့ စျေးကောင်းရလာပြီး ဒေသအသီးသီးက ဖရဲတွေကလည်း ဝင်လာမဆဲ တသဲသဲလို့ဆိုရမှာပါ။ စျေးအမျှော်ကြီးမျှော်နေတဲ့ ဖရဲစိုက်တောင်သူတွေကလည်း စျေးကောင်းလေ ပြုံးပျော်လေပါပဲ။ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ တရုတ်နိုင်ငံဘက်အခြမ်း ဝမ်တိန်ကွင်းမှာ ဖရဲသီး အရောင်းအဝယ်ပြုလုပ်ခဲ့ကြပြီး အောက်တိုဘာ ၁ရက်ကစတင်ကာ မြန်မာနိုင်ငံဘက် မူဆယ် ၁၀၅ မိုင်မှာ ပြန်လည်ရောင်းချတယ်လို့လည်း စျေးကွက်သတင်းများအရ သိရပါတယ်။ ဖရဲရောင်းချသူတွေရဲ့ အဆိုအရတော့ မိမိဘက်အခြမ်းရောင်းချမှုသာ အားသာမှုရှိတယ်လို့လည်း သိရပါတယ်။ တစ်ဖက်နိုင်ငံရဲ့ကွင်းမှာ ရောင်းရတဲ့အခါ ဖရဲစျေးအတက်အကျအလိုက် အတက်စျေးနဲ့ ဝယ်ထားတဲ့ဖရဲကို အသီးများလွှဲပြောင်းတဲ့နေ့မှာ စျေးကျနေခဲ့ရင် ကျစျေးနဲ့တရုတ်ကုန်သည်တွေက စျေးပေးလိုကြောင်း၊ တရုတ်နိုင်ငံဘက်မှ ကုန်သည်တချို့ဟာလည်း ငွေအကျေမပေးချေမှုများရှိနေတာကြောင့် နာမည်ပျက်စာရင်း (Black List) မှာ ထည့်သွင်းသတ်မှတ်သင့်ကြောင်းကိုလည်း ဖရဲသီးလောကမှာ ကျယ်ကျယ်လောင်လောင် ပြောနေသံတွေလည်း ထွက်ပေါ်လျက်ရှိပါတယ်။ မည်သို့ပင်ဖြစ်စေ ဖရဲ၊ သခွားရာသီစတင်လာပြီမို့ စျေးကွက်မှာ ရောင်းသူဝယ်သူများဖြင့် စည်ကားနေသည်ကတော့ အမှန်ပင်ဖြစ်ပါတယ်။ စိုက်ပျိုးသူတောင်သူများကလည်း မိမိတို့တယုတယစိုက်ပျိုးထားတဲ့ဖရဲသီးခင်းထဲက ဖရဲသီးတွေ စျေးကောင်းလည်းရ၊ ခရီးလမ်းတစ်လျှောက် မပျက်မစီးဘဲ လျောလျောလျူလျူ ဝယ်သူလက်ထဲအရောက်ပို့နိုင်ဖို့ စိုင်းပြင်းနေကြသလို ဝယ်သူတွေကလည်း အရည်အသွေးကောင်းတဲ့ဖရဲသီးတွေ လက်ဝယ်ရောက်ဖို့အရေး ရွေးချယ်စျေးပေးနေကြပါတယ်။

မိမိတို့နိုင်ငံမှာ သခွာမွှေးသီးများကို ရွှေသခွား၊ ဖရဲသခွား၊ ပိုက်ကွက်သီးဟူ၍ အမျိုးအစားစုံ စိုက်ပျိုးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ သခွားမွှေးကို တရုတ်၊ အိန္ဒိယနဲ့ စင်ကာပူနိုင်ငံများမှ အလွန်နှစ်သက်ကြောင်းကိုလည်း သိရပါတယ်။ အဆိုပါ နိုင်ငံများသည် အတွင်းသားဖြူစိမ်းသည့် Sky Rocket၊ Jade Beautyနှင့် အတွင်းသား လိမ္မော်နီရောင်ရှိသည့် New Century၊ Sun Rise၊ Sun Lady တို့ကို မှာယူမှုများပြားကြောင်း လည်း သိရပါတယ်။ သခွားမွှေးကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြောင်း၊ ပြည်ပတင်ပို့သည့်အခါ ပိုးမွှားကင်းစင်ရန်လိုအပ်ကာ အလုံးလှပြီး အလေးချိန် ၃ ကီလိုရှိသည့် အသီးများသည် စျေးကောင်းရရှိကြောင်းကိုလည်း သခွားမွှေးတင်ပို့ရောင်းချသူများထံမှ သိရပါတယ်။

တရုတ်နိုင်ငံရဲ့ ဝယ်လိုအားများလှတဲ့ ဖရဲ၊ သခွားဟာ ယခုအခါမှာ မြန်မာနိုင်ငံ နေရာအနှံ့မှာ စိုက်ပျိုးလျက်ရှိပါတယ်။ အထူးသဖြင့် ဖရဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်အပြင် ဒေသအသီးသီးတို့မှာ မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးလျက်ရှိပါတယ်။ ခရမ်း၊ သုံးခွ၊ လှည်းကူး၊ ပဲခူးတိုင်း၊ ဟင်္သာတ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ သာစည်၊ မြစ်သား၊ မြင်းခြံ၊ ကျောက်ဆည်၊ တံတားဦး၊ စစ်ကိုင်း၊ ကသာ၊ ထီးချိုင့်ဒေသတွေမှာ အများအပြား စိုက်ပျိုးနေပါတယ်။ ထိုသို့စိုက်ပျိုးတဲ့အခါမှာ ဖရဲမျိုးစေ့များကို တရုတ်နိုင်ငံမှ တင်သွင်းစိုက်ပျိုးတယ်လို့ စိုက်ပျိုးသူတောင်သူများထံမှ သိရှိရပါတယ်။ လက်ရှိမှာတော့ ဖရဲနဲ့ သခွားမွှေးကို တောင်သူလယ်သမားများ၊ မြေယာငှားရမ်းစိုက်ပျိုးသည့် ကုမ္ပဏီများနှင့် နိုင်ငံခြားသားများက စိုက်ပျိုးနေကြောင်း၊ မျိုးမှာတူသော်လည်း စိုက်ပျိုးမှုနည်းပညာ ကွာခြားတာကြောင့် အထွက်နှုန်းနဲ့ အရည်အသွေးမတူညီကြောင်း၊ နိုင်ငံခြားသားစိုက်ပျိုးသူများအနေနဲ့ ပြည်ပစျေးကွက် ခိုင်မာမှုလည်းပိုမိုရှိနေကြောင်း သိရှိရပါတယ်။ ဖရဲ၊ သခွားစိုက် တောင်သူများဟာ တရုတ်မျိုးစေ့များကို ပွဲရုံများမှ ဝယ်ယူနေရတယ်လို့ဆိုပါတယ်။ သို့ပေမယ့်လည်းမျိုးမှားလို့ ဆုံးရှုံးခဲ့ရင်တော့ တာဝန်ခံမယ့်လူလည်း ပျောက်ကွယ်နေတယ်လို့ တောင်သူများထံမှ သိရပါတယ်။ ဒီကြားထဲ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစတဲ့ သွင်းအားစုများကလည်း စျေးမြင့်တက်နေတာကြောင့် စိုက်ပျိုးသူများအတွက် အရင်းအနှီးများနေတဲ့အခြေအနေမို့ တင်ပို့တဲ့အခါ အရင်းမရှုံးရစေရေး ပွဲရုံများနဲ့ချိတ်ဆက်ရောင်းနေကြပါတယ်။ မြန်မာနိုင်ငံဘက် အရောင်းစျေးကွက်ဖြစ်နေတဲ့ မူဆယ် ၁၀၅ မိုင်မှာဆိုရင် သစ်သီးရောင်းကွင်း နှစ်ခုရှိပြီး အရှေ့မြောက်တံခါး ကုမ္ပဏီပိုင်ကွင်းနဲ့ မြန်မာတံခွန်ကုမ္ပဏီပိုင်ကွင်းတို့ဖြစ်ပါတယ်။ နိုဝင်ဘာ ၁ ရက်မှစတင်ကာ အရှေ့မြောက်တံခါးကုမ္ပဏီမှ လာရောက်ရောင်းချတဲ့သစ်သီးကားများကို ကွင်းကြေး ကောက်ခံနေကြောင်းနဲ့ ကောက်ခံမယ့် ကွင်းကြေးနှုန်းထားများမှာ PE ၁၅၀ ယွမ်၊ CD ၁၀၀ ယွမ် DN 60 ယွမ်၊ LT/HL ၃၀ ယွမ် တို့ဖြစ်ကြောင်းကို သစ်သီးပွဲရုံများ၏သတင်းများမှသိရပါတယ်။

အောက်တိုဘာလခန့်ကတော့ ရင့်မှည့်မှုမရှိသေး တဲ့ဖရဲများကို တင်ပို့မှုများရှိခဲ့တာရော၊ ခူးဆွတ်ချိန်မှာမိုးမိထားတဲ့ ဖရဲများကိုတင်ပို့ခဲ့တဲ့အတွက် ဖရဲစျေးကွက် လှုပ်ခတ်ခဲ့တာကြောင့် စျေးကွက်ကို ခိုင်မာစေရေး အရည်အသွေးထိန်းသင့်ကြောင်း ဖရဲ၊သခွား ကျွမ်းကျင်သူများက သုံးသပ်သတိပေးခဲ့သလို ခုတော့ ရင့်မှည့်ပြီး အရည်အသွေးမီတဲ့ ဖရဲ၊ သခွားတွေ စျေးကွက်ကို ဝင်လာတာကြောင့် ရော၊ တရုတ်ဘက်က ရာသီကုန်တာကြောင့်ပါ မြန်မာဘက်ကစျေးကောင်းလာတာပါဟု ဖရဲကုန်သည်တစ်ဦးက ဆိုပါတယ်။ “အရည်အသွေးမမီတဲ့ ဖရဲ၊သခွားတွေကြောင့် အရည်အသွေးကောင်းတဲ့ ဖရဲ၊ သခွားတွေပါ ရောပြီးစျေးနှိမ်ခံရတယ်။ ကြားဝင်ဖြေရှင်းပေးမယ့်လူလည်း မရှိတော့ တောင်သူတွေနစ်နာခဲ့ရတယ်”ဟု တောင်သူတစ်ဦးကလည်း ဆိုပါတယ်။ ဖရဲသီးဟာ တရုတ်နိုင်ငံရဲ့ အဓိကသွင်းကုန်အမယ်တစ်မျိုးဖြစ်တဲ့အပြင် တရုတ်နိုင်ငံအနေနဲ့ ရုရှားကိုလည်း တင်ပို့နေတဲ့ အမယ်တစ်မျိုးဖြစ်ပါတယ်။ တရုတ်ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဟာ ပြည်တွင်းစားသုံးမှုကိုတောင် မဖြည့်တင်းနိုင်တာကြောင့် မြန်မာနိုင်ငံဘက်ကိုပါ လာရောက်စိုက်ပျိုးနေရလို့ စျေးကွက်လိုအပ်ချက်များပြားတယ်ဆိုတာ ထင်ရှားလှပါတယ်။ ဖရဲ၊ သခွားမွှေးဟာ အပူပိုင်းရာသီနဲ့ သင့်တော်တာကြောင့် မြန်မာနိုင်ငံကို မျက်စိကျနေခြင်းဖြစ်သလို တရုတ်နိုင်ငံမှာလည်း ဒီသီးနှံအမယ်များအတွက် သတ်မှတ်ထားတဲ့ စိုက်ပျိုး မြေနည်းပါးတာက တစ်ကြောင်း၊ နည်းပညာ အသုံးပြုစိုက်ပျိုးခြင်းထက် တင်သွင်းစားသုံးမှုက ပိုမိုတွက်ခြေကိုက်နေ တာကြောင့် တစ်ကြောင်း တရုတ်နိုင်ငံအနေနဲ့ တင်သွင်းစားသုံးမှုကို အလေးထားဆောင်ရွက်တာလည်းဖြစ်ပါတယ်။ သို့ပေမယ့်လည်း တင်သွင်းတဲ့အခါမှာ လုံခြုံစိတ်ချရမှုနဲ့ ဓာတုဓာတ်ကြွင်း ကျန်များနည်းပါးမှုရှိစေရေးတို့အတွက် အထူးသတ်မှတ် ဆောင်ရွက်နေတာမို့ စိုက်ပျိုးတင်ပို့သူများအနေနဲ့ သတိပြုရမှာလည်းဖြစ်ပါတယ်။

ဖရဲသီးသီးနှံဟာ ကမ္ဘာ့စျေးကွက်ရောင်းဝယ်မှုမှာ ၂၀၁၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့် ရောင်းဝယ်မှုရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကတည်းက စုစုပေါင်းကမ္ဘာ့ဖရဲတင်ပို့မှု တန်ဖိုးဟာကျဆင်းနေပြီး ပျမ်းမျှအားဖြင့် ၁ ဒသမ ၆ ရာခိုင်နှုန်းခန့် နှစ်စဉ်ကျဆင်းနေတယ်လို့ ကမ္ဘာ့စျေးကွက်စောင့်ကြည့်သူများက ဆိုပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကျဆင်းမှုဟာ ၁၃ ဒသမ ၁ ရာခိုင်နှုန်းအထိ ရှိတယ်လို့ Worldtopexport.com မှာ ဖော်ပြပါရှိပါတယ်။ ကမ္ဘာ့တိုက်ကြီးများဖြတ်ကျော် တင်ပို့မှုမှာတော့ ဥရောပနိုင်ငံများဟာ တွက်ခြေကိုက်အမြတ်များခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တစ်နှစ်တည်းတွင်ပင် ဖရဲကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၁ ဒသမ ၃ မီလီယံရှိခဲ့ပြီး ကမ္ဘာ့သစ်သီး ကုန်သွယ်တင်ပို့၏ ၄၆ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ အမေရိကန်၏တင်ပို့မှုမှာ ၂၆ ဒသမ ၁ ရာခိုင်နှုန်း၊ အာရှတိုက်မှတင်ပို့မှုမှာ စုစုပေါင်းတင်ပို့မှု၏ ၉ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ အာဖရိက၏တင်ပို့မှုမှာ ၇ ဒသမ ၅ ရာခိုင်နှုန်းရှိကာ အိုရှန်းနီးယားနိုင်ငံများ၏ တင်ပို့မှုမှာ သုည ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်းကို အဆိုပါဝက်ဘ်ဆိုဒ်မှာ ဖော်ပြပါရှိပါတယ်။ ၂၀၁၇ ခုနှစ်တွင် ဖရဲအများဆုံးတင်ပို့ခဲ့သည့် ကမ္ဘာ့နိုင်ငံများ၏ အဆင့်သတ်မှတ်ချက်၊ တင်ပို့သည့် တန်ဖိုးနှင့် ရာခိုင်နှုန်းများကို အောက်ပါအတိုင်း တွေ့ရှိ ရပါတယ်။

| Rank | Exporter | 2017 Watermelons Exports | % World Total |
|---|---|---|---|
| 1. | Spain | US$364.6 million | 25.3% |
| 2. | Mexico | $253.7 million | 17.6% |
| 3. | United States | $121.9 million | 8.5% |
| 4. | Netherlands | $82.2 million | 5.7% |
| 5. | Italy | $81.6 million | 5.7% |
| 6. | Morocco | $78.5 million | 5.5% |
| 7. | Greece | $50.9 million | 3.5% |
| 8. | Brazil | $36.3 million | 2.5% |
| 9. | Vietnam | $31.6 million | 2.2% |
| 10. | China | $31.4 million | 2.2% |

မြန်မာ့ဖရဲသခွားစျေးတွေဟာ အောက်တိုလကုန်ခန့်မှစတင်၍ စျေးမြင့်တက်လာခဲ့ပါတယ်။ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၃၁ ရက်က ဖြစ်ပေါ်ခဲ့တဲ့ စျေးနှုန်းများအရ ဖရဲသီးတစ်တန်စျေးမှာ ယွမ် ၂၀၀၀ မှ ၃၅၀၀ အကြား ဖြစ်ပေါ်ခဲ့ပေမယ့် နိုဝင်ဘာ ၂ရက်နေ့မှာ ယွမ် ၁၅၀၀ မှ ၃၂၀၀ ကိုကျဆင်းသွားခဲ့ပါတယ်။ ရှေ့ကာလတစ်လျှောက်မှာ စျေးကောင်းရခဲ့ပေမယ့် အရည်အသွေးမပြည့်မီတဲ့ အသီးတွေ များလာတာကြောင့် စျေးကျလာခြင်းဖြစ်တယ်လို့ ကုန်သည်အသိုင်းအဝိုင်းထံမှ သိရပါတယ်။ ဒါကြောင့် စိုက်ပျိုးတင်ပို့သူများအနေနဲ့ ရင့်မှည့်ပြီး အရည်အသွေးမီတဲ့ အသီးတွေတင်ပို့မှုကို လုပ်ဆောင်ပြီး စျေးကွက်ကို ထိန်းသိမ်းရမှာဖြစ်ပါတယ်။ နိုဝင်ဘာ ၃ ရက်မှာတော့ အသီးနုပြီး အရည်အသွေးမပြည့်မီတဲ့ ဖရဲသီးတွေ ဝယ်ယူပါရှိသွားတာကြောင့် တရုတ်ဘက်မှအရည်အသွေးစိစစ်မှု မြင့်တက်လာကြောင်း ဖရဲသီးရောင်းဝယ်တဲ့ အသိုင်းအဝိုင်းထံမှ သတင်းရရှိပါတယ်။ ဖရဲစျေးကျလာပြီး အရည်အသွေးကောင်းတဲ့ ဖရဲတွေစျေးနာသွားပါတယ်။ ဖရဲသီးတစ်တန် အနိမ့်ဆုံးစျေး ယွမ် ၁၄၀၀ မှ ယွမ် ၃၀၀၀ အထိ စျေးပြန်ကျလာကာ အညံ့သီးတွေ ကားစီးပြတ် ရောင်းချနေကြရပါတယ်။ နိုဝင်ဘာ ၄ ရက်မှစတင်ကာ ဖရဲသီးအဝင်နည်းပါးလာတာကြောင့် စျေးပြန်တက်လာကာ အနိမ့်ဆုံး ၁၈၀၀မှ ၃၂၀၀ စျေးကို ရခဲ့တာကြောင့် ဖရဲစျေးကွက် စျေး လှုလှုနဲ့ အရောင်းပြန်သွက်နေပါတယ်။

**စာမျက်နှာ ၃၁ သို့**

စာမျက်နှာ ၃၁ သို့

# MT မျိုးသိန်း
## အီလက်ထရောနစ်







Japan, Korea, China, Thai နိုင်ငံအစရှိသော နိုင်ငံများမှ
Electronic ပစ္စည်းများအား လက်လီလက်ကား ဈေးနှုန်းမှန်၊ ပစ္စည်းမှန်ကန်စွာဖြင့်ရရှိနိုင်ပါသည်။




ရန်ကုန် ➡ အမှတ် (၁၂၇/၁၂၉)၊ သိမ်ဖြူလမ်း(သိမ်ဖြူဈေးမှတ်တိုင်ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၃၂၀၃၊ ၂၀၃၀၃၁
အမှတ် (၂၀၄)၊ ပန်းဆိုးတန်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၈၁၂၀၂၊ ၀၉-၄၀၂၅၇၄၄၄၉
အမှတ် (၂၁၈/၂၂၀)၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁- ၈၃၉၈၅၀၇၊ ၀၁-၈၃၉၈၅၆၀
မန္တလေး ➡ အမှတ် (၁၇၇)၊ ၂၉လမ်း နှင့် ၈၃လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂-၃၅၃၃၂၊ ၃၄၀၂၃၆၁၆၆
Block(6).Unit(1,2)၊ ၇၃လမ်း၊ မင်္ဂလာမန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉-၇၉၇၃၀၀၁၁၁၊ ၇၉၃၀၀၂၂၂



# always
SYSTEMGEAR GROUP

Japan Product / Japan Design / Japan Quality





ဆန်းသစ်လှပသော ဒီဇိုင်း၊ နှစ်သက် စွဲမက်ဖွယ်သင်းရနံ့၊ ထူးခြားကောင်းမွန်သော အရည်အသွေး တို့ နှင့် ဂျပန်နိုင်ငံ၏ နံပါတ်တစ် Car Fragrance, Car Wax, Car Shampoo, Car Deodorant များအား လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။



Elecom အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော PC & Mobile Accessories များအား လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
facebook Link : www.facebook.com/elecom.myanmar




Service Supported by : SYSTEMGEAR MYANMAR CO.,LTD.
Distributed by : SG NEXT CO.,LTD.
No.86, Sett Hmu 4th Street, Myittar Nyunt Quarter, Tamwe Township, Yangon Region, Myanmar.
Call us : 09 - 250 597 132, 09 - 250 597 156, 09 - 450 694 470.
Email : info.sgnext@gmail.com

# ကုန်သွယ်ရေး (မြိတ်) တွင် Speed Boat ရေယာဉ်သွင်းကုန်လိုင်စင် လုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီးသည် သဘာဝအလှအပများဖြင့် စုဖွဲ့လျက်ရှိနေပြီး မြိတ်ကျွန်းစုရှိ ကျွန်းများသည်လည်း Virgin Island များစွာရှိ၍ လှပရှည်လျားသော သဲတန်းဖြူများ၊ ကြည်လင်စိမ်းလန်းသော ရေပြင်၊ လှပသော ရေအောက်ရှုခင်းများ၊ သန္တာကျောက်တန်းများ၊ မျိုးစိတ်ပေါင်းများစွာသော ရေနေသတ္တဝါများ၊ ကမ္ဘာကျော် မြန်မာ့ပုလဲထွက်ရှိရာ ပုလဲမွေးမြူရေးလုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စား ဆွဲဆောင်မှုရှိသော ပါပန့်ကျွန်း (Smant Island) ကို ခရီးသွားဇုန်ဖော်ဆောင်ရန် စီစဉ်နေကြောင်း သိရှိရပါသည်။

ပါပန့်ကျွန်း (Smant Island) သည် ဧရိယာ ၅၄၅ ဒသမ ၀၆ ဧကခန့်နှင့် တောတောင်ထူထပ်၍ ကျွန်း၏ မြောက်ဘက်ပိုင်းတွင် ပေ ၄၀၀၀ ခန့် ရှည်လျားသော ကျောက်စရစ်ကမ်းခြေ (၁) ခုနှင့် တောင်ဘက်တွင် ပေ ၆၀၀ ခန့်ရှည်လျားသော သဲဖြူကမ်းခြေ (၃) ခုရှိနေပြီး မြိတ်မြို့မှ ရေမိုင် ၅၆ မိုင်ခန့်ကွာဝေးပါသည်။ မြိတ်မြို့ဆိပ်ကမ်းရေပြင်မှ Speed Boat စီး၍ မြန်မာ့ကမ်းရိုးတန်းရေပြင်ပင်လယ်ကိုဖြတ်ကာ၊ လေကောင်းလေသန့်များရှူ၍ Speed Boat ၏ဝဲယာကျွန်းကြီး၊ ကျွန်းငယ်အသွယ်သွယ်ပေါ်ရှိ စိမ်းလန်းသော တောတောင်၊ ကြည်လင်သောရေပြင်ကို တွေ့မြင်ခံစားရင်း၊ (၂) နာရီခန့်ဝန်းကျင် မောင်းနှင်ပြီး ဆိုက်ကပ်သောကမ်းခြေတို့တွင် ရေလှိုင်းပုတ်မှုကြောင့် ကျောက်စရစ်ကြားမှ သာယာငြိမ့်ညောင်းသော သံစဉ်ထွက်ပေါ်နေသည်မှာ ကြားရသူအတွက် စိတ်ကြည်နူးဖွယ် ကောင်းလှပေသည်။

ယခုအခါတွင် ကုန်စည်ကုန်သွယ်မှုများ၊ ဝန်ဆောင်မှုကုန်သွယ်မှုများကို နိုင်ငံတကာနှင့် ဆောင်ရွက်ခြင်း (International) နှင့် ပြည်တွင်းဒေသအချင်းချင်းဆောင်ရွက်ခြင်း (Demostic) များ တိုးတက်လျက်ရှိနေရာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိက စီးပွားရေးအခန်းကဏ္ဍမြှင့်တင်ရေးနှင့် SME လုပ်ငန်းများ အောင်မြင်လာစေရေးတို့အတွက် ပြည်သူအခြေပြု အလုပ်ရုံဆွေးနွေးပွဲများ၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ အားပေးဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်ရေး (မြိတ်) စခန်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေး ဦးစီးဌာနတို့၏ ဆောင်ရွက်လျက်ရှိသော ကုန်သွယ်ရေးတိုးမြှင့်ရေး၊ ကုန်သွယ်မှု လွယ်ကူလျင်မြန်ရေး၊ ကုန်သွယ်မှု ချောမွေ့ရေး၊ ကုန်သွယ်မှုပညာပေးရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်လုပ်ဆောင်ပေးလျက်ရှိရာတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်များတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံလုပ်ငန်းရှင်များ တင်သွင်းလိုသည့် Speed Boat ရေယာဉ်များကို ဖော်ပြပါ သွင်းကုန်လိုင်စင်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိကာ ထားဝယ်ဒေသအခြေစိုက် ဒေသခံကုမ္ပဏီများမှ လိုက်နာလျှောက်ထားလျက်ရှိကြောင်း သိရသည်။

(က) Speed Boat ရေယာဉ်တင်သွင်းလိုသည့် ကုမ္ပဏီအနေဖြင့် Sale Contract, Invoice တို့တွင် ရေယာဉ်၏ အချက်အလက်များ (ဥပမာ- Brand Name, Model Year, Engine Power, Size, Weight, Seater, Country of Origin) စသည်ဖြင့် ပြည့်စုံစွာ ဖော်ပြ၍ ရေယာဉ်၏ ရှေ့၊ နောက်၊ ဘေး၊ ဘယ်၊ ညာ၊ အတွင်းပိုင်းမှတ်တမ်း ဓာတ်ပုံများဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ လိပ်မူ၍ ထောက်ခံချက်ရရှိရန် ကုမ္ပဏီ Letter Head ဖြင့်လျှောက်ထားရမည်ဖြစ်ပါသည်။

(ခ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) ၏ ရေယာဉ်နှင့်ပတ်သက်သည့် ထောက်ခံချက်ရရှိပါက ထောက်ခံချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန် ဌာနခွဲတွင် သွင်းကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီ Letter Head ဖြင့် သွင်းကုန်လိုင်စင်လျှောက်လွှာ၊ Sale Contract, Invoice တင်သွင်းလိုသည့် နယ်စပ်ကုန်သွယ်ရေး စခန်းပေါက်အား ဖော်ပြလျက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးရုံး၏ ထောက်ခံချက်၊ ရေယာဉ်၏ မှတ်တမ်း ဓာတ်ပုံများ ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် လက်မှတ် (ထသက) ရှိရမည်ဖြစ်ပါသည်။

(ဃ) စစ်ဆေးမှု ခံယူပြီးပါက အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးချက်မှတ်တမ်းများရေးသား၍ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ မှတ်တမ်းဓာတ်ပုံများနှင့်အတူ အကောက်ခွန်စည်းကြပ်တန်ဖိုးသတ်မှတ်နိုင်ရေးဆောင်ရွက်၍ စိစစ်ပေးသော အကောက်ခွန်စည်းကြပ်အခွန်အား ပေးဆောင်ရမည်ဖြစ်ပါသည်။

(င) ကုမ္ပဏီအနေဖြင့် သွင်းကုန်လိုင်စင်ကြေး ကျပ် ၅၀၀၀၀ နှင့် Online လိုင်စင်ကြေး ကျပ် ၂၅၀၀၊ လိုင်စင်ပုံစံကြေး ကျပ် ၃၀၀ တို့အား ပေးသွင်းရမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ သွင်းကုန်လိုင်စင်လျှောက်ထားသည့်အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိပါက နေ့ချင်းအပြီး သွင်းကုန် လိုင်စင်ထုတ်ပေးလျက်ရှိပါသည်။ ရေယာဉ်ရောက်ရှိပါက ခရိုင်အလိုက် ဖွဲ့စည်းထားသော Speed Boat လုပ်ငန်းလိုင်စင် ကြီးကြပ်ရေးအဖွဲ့တို့ဖြင့် စစ်ဆေးမှု ခံယူရမည်ဖြစ်ပါသည်။

(စ) စစ်ဆေးခံပြီး၊ အပြီးသတ်စည်းကြပ်အခွန်၊ အခများပေးဆောင်ခြင်းတို့ ဆောင်ရွက်ပြီးပါက ရေယာဉ်ပြေးဆွဲခွင့် လုပ်ငန်းလိုင်စင်ရရှိရန်အတွက် သက်ဆိုင်ရာရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ **MTK(မြိတ်)**

# ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ကုန်သွယ်မှုအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ရန် ကောင်းသော အစီအစဉ်များ

ထိုင်းနိုင်ငံတွင် အခြေခံအဆောက်အဦများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ဖော်ထုတ်ပြသသည့်အနေဖြင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်ရန် ကနဦးရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဖြင့် ထိုင်းမှ လုပ်ငန်းစဉ်များစတင်ခဲ့ရာ အခြေခံအဆောက်အဦများ၏ အကျိုးကျေးဇူးများသည် သီးနှံများ ရိတ်သိမ်းသကဲ့သို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ကုန်သွယ်မှု တိုးတက်စေရန် ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းအား မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံလုံး၏ စီးပွားရေးအတွက် မရှိမဖြစ် အရေးပါခြင်းကြောင့် ထိုင်းနိုင်ငံအနေဖြင့် သိသာထင်ရှားသည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဖြစ်သော ရေနက်ဆိပ်ကမ်းများ ဆောက်လုပ်ပြီး (Leam Chabang) မီးရထားလမ်းများ၊ Ma Tar Phut ဆိပ်ကမ်းနှင့် Sattahip ဆိပ်ကမ်းများ ချိတ်ဆက်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်စေရန် ကုန်စည်များ လွှဲပြောင်းရေးအား အရှိန်မြှင့်တင်မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းစဉ်သည် ပိုမိုအကျိုးရှိ၍ ကုန်ကျစရိတ်ထိရောက် သက်သာစေမည့်အပြင် ကုမ္ပဏီများ၏ ပြောင်းရွှေ့ထုတ်ကုန်များအတွက်လည်း အသုံးပြုနိုင်ပြီး အိန္ဒိယသမုဒ္ဒရာနှင့် မလက္ကာရေလက်ကြားတို့အား ရှောင်ကွင်းသွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ DFT မှ စီစဉ်ထားသော စီမံကိန်းသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် အဆိုပါ DFT နှစ်နိုင်ငံကုမ္ပဏီများအနေဖြင့် အပြန်အလှန် လက်မှတ်ရေးထိုးကာ နှီးနှောဖလှယ်ပွဲများ ကျင်းပပြီး ကုန်းတွင်းဆိပ်ကမ်းများ၊ ကွန်တိန်နာဝင်းများနှင့် ထရပ်ကား ဆိပ်ကမ်းများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ထိုင်းနိုင်ငံ၏ ဗျူဟာမြောက် အရှေ့တောင်အာရှတွင် တည်ရှိနေခြင်းသည်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲနေသော ကမ္ဘာကြီးအတွင်း သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးမှာ Arkhom Termpittayapaisith များအပေါ် အရေးပါသော အခန်းကဏ္ဍဖြစ်၍ အရေးကြီးကြောင်း ထိုင်းပို့ဆောင်ရေးဝန်ကြီးမှ အသိအမှတ်ပြုရှင်းလင်းပြောကြားခဲ့ရာတွင် "ထောက်ပံ့ပို့ဆောင်ရေးတွင် လက်ရှိထိုင်းနိုင်ငံ၏ GDP ခန့်မှန်းခြေ ၁၄ ရာခိုင်နှုန်းမှ ထောက်ပံ့ပို့ဆောင်ရေးကုန်ကျစရိတ် ၇ ဒသမ ၅ ရာခိုင်နှုန်းသည် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်ဖြစ်သည့်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရေးကိရိယာများထဲမှ တစ်ခုအဖြစ်" ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနှင့်ထိုင်းနိုင်ငံတို့၏ ပတ်သက်မှုသည် ယခုနှစ်စောစောပိုင်းမှစတင်ခဲ့ရာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအတွက် ကုန်သွယ်မှု လမ်းကြောင်းများနှင့် ခွဲဝေမှု Data များ တိုးတက်အောင် လမ်းကြောင်းသစ်များ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အာရုံစူးစိုက်သည့်အနေဖြင့် အထူးစီးပွားရေးဇုန် (SEZ) ကို ဖန်တီးဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံလုံးအနေနှင့် မလုပ်မဖြစ် လိုအပ်သည့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းအား ထိုင်းနိုင်ငံမှ ၂၀၁၅ ခုနှစ်မှ စတင်၍ ၎င်းတို့၏ကိုယ်ပိုင်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အခြေခံအဆောက်အဦများ တည်ဆောက်မည့်နေရာ(၁၀)ခုအား သတ်မှတ်ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ၎င်းတို့ ချမှတ်ခဲ့သည့် အစီအစဉ်များသည် မူဝါဒနှင့် ကတိကဝတ်များ ခိုင်မာမှုကို ဆိုလိုကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှာ ပိုမိုကြီးထွားလာနေရာ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်မှုတွင် တရုတ်နိုင်ငံနှင့် ၈၇ ရာခိုင်နှုန်းရှိပြီး ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုတွင် ၁၂ ရာခိုင်နှုန်း၊ ကျန် အိန္ဒိယနှင့် သုည ဒသမ ၈ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်နှင့် သုည ဒသမ ၂ ရာခိုင်နှုန်းရှိနေကြောင်း ထိုင်းနိုင်ငံ၏ Asean Today (အာဆီယံ ဘောဂဗေဒ၊ စီးပွားရေးနှင့်နိုင်ငံတကာရေးရာ Daily သတင်းစာ) တွင် ရေးသားဖော်ပြခဲ့ပါသည်။

**ကျော်ဆန်းထွန်း**

# စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် (၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၃၁ ရက်က ကျင်းပပြုလုပ်ခဲ့ရာ သက်ဆိုင်ရာဌာန အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား)၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းနှင့် ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းခြင်း၊ လိမ်လည်လှည့်ဖျားမှုများကို ရှင်းလင်းခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ အောက်တိုဘာလ ၂၇ ရက် ထုတ်မြန်မာ့အလင်းသတင်းစာတွင် ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း ပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည် များတွင် မြန်မာဘာသာဖြင့်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း၊ စားသုံးသူပြည်သူများနှင့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာထားကြောင်း၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ ၆ လပြည့်မြောက်သည့်နေ့တွင် စတင်အာဏာသက်ရောက်စေမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ(၁၉)အရ အရေးယူခံရမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ဈေး၊ ကျောင်း၊ ရပ်ကွက်၊ စားသုံးသူရေးရာ အဖွဲ့ငယ်များ ဖွဲ့စည်း၍ ပူးပေါင်း ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ဆက်လက်၍ အဖွဲ့ဝင်ဖြစ်သော FDA ဌာနမှ ကျောင်းမုန့်ဈေးတန်းနှင့် ပတ်သက်၍ ဗဟိုကော်မတီက ညွှန်ကြားထားသည်များလည်းရှိကြောင်း၊ မြန်မာစာ အညွှန်းမပါသည်ကို တွေ့ရှိပါက မိမိတို့ဌာနအနေဖြင့် ထောက်ခံချက်ထုတ်ပေးမည်မဟုတ်ကြောင်း ဆွေးနွေးခဲ့ပြီး အစည်းအဝေးတက်ရောက်သူများမှ စားသုံးသူရေးရာကိစ္စရပ်များအား အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးသီတာလင်း(မုံရွာ)**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရသည့် ဝန်ဆောင်မှုဌာနဖြစ်သည်

**မောင်လွင်ပြင်**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ၁၉၈၈ ခုနှစ်နောက်ပိုင်းအသစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြန်လည်ဖွဲ့စည်းကြောင်းကြေညာခဲ့သည့် ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၇ ရက်ကို ဦးစီးဌာန၏ နှစ်ပတ်လည်နေ့အဖြစ်သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ယခုအခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သက်တမ်းသည်အနှစ်၃၀ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သို့သော် ယင်းဌာနအလုပ်တာဝန်ဝတ္တရားများ ထမ်းဆောင်မှုကတော့ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည်ပြည်ထဲရေးဝန်ကြီးဌာနအတွက် အရေးကြီးသော ဦးစီးဌာနဖြစ်သလို မြန်မာနိုင်ငံအုပ်ချုပ်ရေးဆိုင်ရာအပိုင်းတွင်လည်း အရေးကြီးသောတာဝန်ဝတ္တရားများကို ထမ်းဆောင်နေသော ဌာနတစ်ခုလည်းဖြစ်သည်။ ဌာန၏ထူးချွန်ပြောင်မြောက်သော အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများသည် နိုင်ငံတော်အစိုးရအတွက် များစွာအကျိုးသက်ရောက်မှုရှိစေသည်။ ပြည်သူလူထုကိုလည်း အကျိုးသက်ရောက်စေသည်။

နိုဝင်ဘာ ၇ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ် ၃၀ မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ ဟိုတယ်မက်စ်၌ ကျင်းပခဲ့သည်။ တိုင်းရင်းသားရေးရာ၊ ပြည်သူ့စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေနှင့်ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးခင်မောင်တင်၊ ဦးလှမော်ဦး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်ဖွဲ့နှင့်ဦးစီးဌာနများ၏ အရာထမ်း၊ အမှုထမ်းများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်ဟု သိရသည်။ အခမ်းအနားတွင် ဒုတိယသမ္မတက ဦးစီးဌာနနှင့်ပတ်သက်သော အရေးကြီးအမှာစကားများ ပြောကြားခဲ့သည်။ ယင်းအမှာ စကားများ ပြည်သူတို့သိထားသင့်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့နေရသော ပြည်သူ့ဝန်ဆောင်မှုဌာနဖြစ်၍ဖြစ်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သော မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလမ်းပြမြေပုံလမ်းကြောင်း အစီအစဉ်အကြမ်းဖျင်းကို ပြောကြားသည်။ယနေ့ကာလသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်များဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက်အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ ထို့အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးကို ဦးစွာခိုင်မာအောင် တည်ဆောက်ရမည်။ ငြိမ်းချမ်းရေးရရှိမှသာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်မည်။ ငြိမ်းချမ်းရေး မတည်ဆောက်နိုင်လျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအောင်မြင်အောင်ဆောင်ရွက်နိုင်မည်မဟုတ်။ ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အမျိုးသားရင်ကြားစေ့ရေး တစ်နည်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး စိတ်ဓာတ်ကို အခြေခံပြီး ယုံကြည်မှုတည်ဆောက်ကြရမည်ဟုလည်း ပြောကြားခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြန်လည်စွန့်လွှတ်သည့်လယ်ယာမြေများကို မူလအစစ်အမှန် တောင်သူများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ပေးအပ်နိုင်ရေးဆောင်ရွက်လျက်လည်းရှိသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများသည် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်နေကြသည်။ သိမ်းဆည်းခံလယ်ယာမြေပြဿနာများကို တည်ဆဲဥပဒေများနှင့်အညီ တရားမျှတမှုရရှိအောင် စေတနာ၊ ကရုဏာနှင့်ကိုယ်ချင်းစာစိတ် အရင်းခံပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်းဆုံးဖြတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဟုလည်း မှာကြားသည်။ ထို့ပြင် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည်နှင့် အညီအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းတို့သည် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ပိတ်ပင်သလိုမဖြစ်စေဘဲ အခြေခံဥပဒေပါ အခွင့်အရေးများကို နည်းမှန်လမ်းမှန်ဖြင့် ပြည်ထောင်စုအကျိုးစီးပွား၊ လူမှုအဖွဲ့အစည်းများ၏အကျိုးစီးပွားများမထိခိုက်စေဘဲ ကျင့်သုံးနိုင်ရေးနှင့်ကူညီထိန်းကျောင်းပေးရေးအတွက်လည်း လိုအပ်မည်ဟုဆိုသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟူသည် ပြည်သူတို့၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုဌာနတစ်ခုဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ဝန်ဆောင်မှုရုံးများကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် ဖွင့်လှစ်ထားသည်။ ယခုအခါ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) ပေါင်း ၃၁၆ ရုံးဖွင့်လှစ်ထားပြီးဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုရုံးများသည် စုပေါင်းပါဝင်ထမ်းဆောင်မှုပုံစံဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပြုလုပ်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်ထားရခြင်း ရည်ရွယ်ချက်များက ပြည်သူ့အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများ တားမြစ်ပြီး၊ ထိရောက်သည့် ဝန်ဆောင်မှုအလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရန်၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်၊ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြစ်သည်။ ထို့ကြောင့် ဆောင်ပုဒ်ကိုလည်း "ပြည်သူ့အတွက် OSS" ဟုပေးထားသည်။

OSS ရုံးများနှင့်ပတ်သက်၍ ဒုတိယသမ္မတက ပြည်သူ့ဝန်ဆောင်မှုရုံးများသည် ပြည်သူကိုဝန်ဆောင်မှုပေးရသည့် ရုံးများဖြစ်သည့်အတွက် ပြည်သူလူထုနှင့်ဝန်ထမ်းများအကြား နားလည်ယုံကြည်မှုတိုးတက်ခိုင်မာလာစေမည့် အခွင့်အလမ်းတစ်ခုဖြစ်သည့်အတွက် ပြည်သူများအားကိုးရသည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန် မိမိတို့တတ်စွမ်းသမျှ ကြိုးပမ်းသွားရမည်ဖြစ်သည်ဟု မှာကြားသည်။ ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းအားလုံးသည် အုပ်ချုပ်ရေးယန္တရားစနစ်တကျလည်ပတ်နိုင်ရေး စီမံခန့်ခွဲနေကြရသူများဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဟူသည် ဦးစီးဌာန၏မျှော်မှန်းချက်ဖြစ်သည်။ ယင်းမျှော်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းနယ်ပယ်အလိုက်တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှုဟူသည့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပေးအပ်သည့်တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ကြရမည်ဟုလည်း ဆိုထားသည်။

ထို့ပြင် ဒုတိယသမ္မတက ယင်းဦးစီးဌာန၏ အရာထမ်း၊ အမှုထမ်းအားလုံးကို အထူးတိုက်တွန်းချက်ကိုလည်း မှာကြားခဲ့ပါသေးသည်။ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဆန္ဒာဂတိဟူသော မိမိချစ်ခင်သူဘက်က မျက်နှာလိုက်၍ အမှားအမှန်သိလျက်ဖြင့် အမှန်ဟုဆုံးဖြတ်ခြင်း၊ ဒေါသာဂတိဟူသည့် မိမိမုန်းသူဖြစ်သည့်အတွက် အမှန်ကိုအမှားဟုဆုံးဖြတ်ခြင်း၊ ဘယာဂတိဟူသည့် လာမည့်ဘေးကို တွေးကြောက်၍ မိမိအားရန်ရှာနိုင်သူကို ဘက်လိုက်ဆုံးဖြတ်ခြင်း၊ မောဟာဂတိဟူသည့် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိသည့်အတွက် အမှန်ကိုအမှား၊ အမှားကိုအမှန်ဆုံးဖြတ်ခြင်း စသည့် အဂတိလေးပါးကို ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုပပျောက်ရေးအတွက် မိမိတို့၏ အတ္တများကို ရှေ့တန်းမတင်ဘဲ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ တရားသဖြင့် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် အထူးတိုက်တွန်းပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ဌာနဖြစ်သည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များ အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အခြားဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရသည့်ဌာနဖြစ်သည့်အတွက် ဦးစီးဌာန၏ဝန်ထမ်းများသည် စံနမူနာပြဝန်ထမ်းများ ဖြစ်စေရန်စဉ်ဆက်မပြတ် ကြိုးပမ်းလေ့ကျင့်တည်ဆောက်ကြရမည်ဟု ပြောကြားခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

## ကျပ်(၂၆)သိန်းကျော်တန်ဖိုးရှိ စားသုံးရန် မသင့်စားသောက်ကုန်များ ကျိုင်းတုံတွင် မီးရှို့ဖျက်ဆီး

ကျိုင်းတုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး၏အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် (စက်တင်ဘာ ၂၉ ရက် မှ နိုဝင်ဘာ ၆ ရက်အထိ)စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရ အရေးယူသိမ်းဆည်းထားသော ကျပ် ၂၆၉၂၁၅၀ ခန့်ရှိ ကုန်စည်များအား နိုဝင်ဘာ ၉ ရက်က ကျိုင်းတုံမြို့၌ မီးရှို့ ဖျက်ဆီးခြင်း အခမ်းအနား ကျင်းပခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများတက်ရောက်ခဲ့ကြပါတယ်။

အခမ်းအနားသို့တက်ရောက်လာသူများအား ကျိုင်းတုံခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကျိုင်းတုံခရိုင်ဦးစီးမှူး ဦးသန်းစိုးက သိမ်းဆည်းဖျက်ဆီးသည့်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ကုန်စည်တစ်မျိုးချင်းစီ၏တန်ဖိုး၊ သိမ်းဆည်းရသည့် အကြောင်းရင်း၊ ဘေးထွက်ဆိုးကျိုးများကို အသေးစိတ်ရှင်းလင်းပြီး ကျိုင်းတုံခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်မှ ယနေ့ထိ သိမ်းဆည်းအရေးယူဆောင်ရွက်ခဲ့သည့် ကုန်ပစ္စည်းများ၏ ကာလတန်ဖိုး ၈၆၇၅၈၅၆၈ ကျပ်ခန့် ရှိပြီဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်ဟုသတင်းရရှိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းပြုလုပ်ရာတွင် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသော ကုန်စည်ကိုးမျိုး၏ သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပါရှိရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်း မရှိပါက ၂၀၁၉ ခုနှစ် ဧပြီလ ၂၆ ရက်နောက်ပိုင်း အရေးယူခံရမည်ကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

ရန်နောင် (ကျိုင်းတုံ)



## မွန်ပြည်နယ်တွင် မြန်မာ့ဆန်စပါးကဏ္ဍ- မဟာဗျူဟာမြောက် ဈေးကွက်ဖော်ဆောင်ခြင်းဆိုင်ရာ ဖိုရမ်ကျင်းပ

မြန်မာ့ဆန်စပါး ပို့ကုန်ဈေးကွက်ဖော်ဆောင်နိုင်ရန်၊ ဆန်စပါးစိုက်ပျိုးရေး နည်းပညာဖလှယ်ပြီး အဆင့်မြင့်လုပ်ဆောင်နိုင်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ ဒေသထွက်ကုန်နှင့် ဒေသအခြေပြု ဆန်စပါးဆိုင်ရာ လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းရှင်များ၊ ဆက်စပ်ကဏ္ဍများမှလိုအပ်မှုရှိသည်များကို အချင်းချင်း ပေါင်းစပ်ညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍ National Enlightenment Institute (NEI) ၏ အဓိကပံ့ပိုးမှုဖြင့် 'မြန်မာ့ဆန်စပါးကဏ္ဍ-မဟာဗျူဟာမြောက် ဈေးကွက် ဖော်ဆောင်ခြင်းဆိုင်ရာ ဖိုရမ်'ကို မော်လမြိုင်မြို့၊ ဆန်းရှိုင်းဟိုတယ်၌ နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဖိုရမ်သို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက တက်ရောက် အမှာစကား ပြောကြားခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဦးထွန်းငွေးက မွန်ပြည်နယ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် အဆင့်မြင့် လယ်ယာမြေ ဖော်ထုတ်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက မြန်မာ့ဆန်စပါး ကုန်သွယ်မှုနှင့် ပတ်သက်သည့် အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက မြန်မာ့ဆန်စပါးနှင့် ပတ်သက်သည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်ဒုဥက္ကဋ္ဌဦးအောင်သန်းဦးက မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေအနေများကိုလည်းကောင်း၊ Business Institute of Yangon မှဦးမျိုးသန်းထွန်းက ဆန်စပါးအခြေပြု နှိုင်းယှဉ်သုံးသပ်ခြင်းနှင့် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးမှုကိုဖော်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ CB Bank မှ Mr. SovanKumer Ganguly မှ CB Bank မှဆန်စပါး ပို့ကုန်ကဏ္ဍကိုပံ့ပိုးကူညီပေးနိုင်သည့် အခြေအနေကိုလည်းကောင်း၊ AYA Bank မှ ဒါရိုက်တာ ဦးသူရစိုးမှ AYA Bank မှ ဆန်စပါးဖွံ့ဖြိုး တိုးတက်ရေးအတွက် ချေးငွေထောက်ပံ့ပေးနိုင်သည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ထို့ပြင် စကားဝိုင်းဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ရာ 'မြန်မာ့ ဆန်စပါးကုန်သွယ်မှုနှင့် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးရန်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ 'မွန်ပြည်နယ်အတွင်းရှိ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ကဏ္ဍများကို ဆွေးနွေးခြင်း'ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဖိုရမ်သို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မွန်ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ် ဆန်စပါး ကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ဆန်စပါးကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲတွင် ဆွေးနွေး ဖော်ထုတ်ချက် (၄၃) ချက်အား ဖော်ထုတ်ရရှိခဲ့ပြီး ဖော်ထုတ်ချက်များကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် အသင်းချုပ်တို့ထံ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (မွန်)**

## အလုပ်အကိုင်အခွင့် အလမ်းပြပွဲကျင်းပ လူငယ်များ လျှောက်ထားမှုများပြား

အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(မန္တလေး)ကို Job Netcom.mm က ကြီးမှူး၍ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်ရှိHilton Hotel ခန်းမတွင် နိုဝင်ဘာ ၁၁ ရက်က ကျင်းပရာ ကိုရီးယားနိုင်ငံအခြေစိုက် အသေးစားငွေကြေးလုပ်ငန်းကုမ္ပဏီ KEB Han Microfinance မှ မန်နေဂျာရာထူးနှင့် အလုပ်သင်ဝန်ထမ်း ခေါ်ယူခြင်းများ ထိပ်တန်းတယ်လီကွန်ကုမ္ပဏီ Huawei၊ စားသောက်ကုန်လုပ်ငန်း Coca Cola ကုမ္ပဏီ၊ MEGA ဆေး ကုမ္ပဏီ၊ ဂျပန်အခြေစိုက်စက်ပစ္စည်းကုမ္ပဏီ အပါအဝင်ပြည် တွင်းပြည်ပကုမ္ပဏီများနှင့် စက်ရုံ၊ အလုပ်ရုံများမှတိုက်ရိုက်လာရောက်၍အလုပ်လျှောက်ထားသူများအား ကိုယ်ရေး ရာဇဝင်ဖြည့်ခြင်း၊ အရည်အချင်းသတ်မှတ်ချက်များစစ်ဆေး ခြင်း၊ ပဏာမစစ်ဆေးခြင်း အင်တာဗျူးများဆောင်ရွက်ပေးခဲ့ရာ စိတ်ဝင်စားသူဘွဲ့ရ လူငယ်များ လာရောက်လျှောက်ထားကြသည်။

အထက်မြန်မာနိုင်ငံ စက်ရုံအလုပ်ရုံနှင့်ကုမ္ပဏီများအတွက် အရည်အသွေးမြင့် ကျွမ်းကျင်အဆင့် အလုပ်သမား ရှာဖွေရေးအတွက်JobNet.com.mmမှ ချိတ်ဆက်ကြော်ငြာပေးထားသဖြင့် လူငယ်များသိရှိကာ အလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ လာရောက်လျှောက်ထားမှုများပြားပြီး လူငယ်များ ဝါသနာပါရာ အလုပ်အကိုင်အခွင့်အလမ်းများ ရွေးချယ်နိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## နိုင်ငံတကာ ရော်ဘာဈေးကျသော်လည်း တင်ပို့မှုပိုမို



နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၆ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၉၁၀ ကျော်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်မှ RSS-1 အမျိုးအစား ၆၆ တန် ကျော်နဲ့ RSS-3 အမျိုးအစား ၁၃၃ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၁၇၁၁ တန် ကျော် တင်ပို့ခဲ့ပြီး၊ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၉၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၆၈၂ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နိုဝင်ဘာလ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၈ သန်း တန်ဖိုးရှိ ရော်ဘာ ၁၁၁၂ တန်နီးပါး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မလေးရှား၊ တရုတ်နဲ့ ပါကစ္စတန်နိုင်ငံများသို့ တင်ပို့ပြီး မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၉၇ တန်နဲ့ MSR-20 အမျိုးအစား တန်ချိန် ၂၁၀၊ တရုတ်နိုင်ငံသို့ Synthetic Rubber ၇၆၉ တန် ခန့်နဲ့ ပါကစ္စတန်နိုင်ငံသို့ RSS-5 အမျိုးအစား ၃၆ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် ၂၇၀ ပိုမို တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၅၀ ကျော် ကျဆင်းသွားကြောင်းနဲ့ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ကျသွားကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

| | |
|---|---|
| RSS-1 တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၀၀ |
| RSS-2 တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| RSS-3 တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| RSS-4 တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| RSS-5 တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| Crepe Rubberတစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| Synthetic Rubber တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| (99% RSS-3, 1% SBR 1502) | |

**ယဉ်ယဉ်အေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | စူဇူကီး (ဆွဖ်)(၂၀၁၁) | M | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၂) | L | ၁၉၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | နီဆန်း/တီဒါဆလွန်း (၂၀၁၁) | G | ၁၇၅ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မတ်(စ်)တူး(၂၀၀၃) | J | ၂၈၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဝုရှ် (၂၀၁၂) | ယာယီ | ၄၃၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၁) | M | ၂၅၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၂၂၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား | - | ၁၁၅ သိန်း | အသင့်စီးနိုင် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ် ၊ မယ်ညိုလမ်း | (၃၀ x ၅၀ )ပေ | RC (၁) ထပ် | ၂၁၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ် ၊ ဟသာၤလမ်း | (၈၀ x ၅၀ )ပေ | RC (၁) ထပ် (၂) လုံး | ၄၈၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ (တောင်) ရပ်ကွက် ပိုးမခလမ်း | ၆၀၀ စ/ပေ | (၄) လွှာ | ၂၉၅ သိန်း | | ၀၉/၉၇၆၁၂၂၂၁၂၃ |
| ၄။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ | ၁၂ သိန်း | ၁ လ ငှားနှုန်း ဓါတ်လှေခါးပါ | ၀၉/၅၁၁၇၂၆၂ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀ )ပေ | ( ပ ) လွှာ | ၁၄ သိန်း | ၁ လ ငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၆။ | ကွန်ဒို | မင်္ဂလာတောင်ညွန့်၊ ဂျိုးဖြူကွန်ဒို | ၁၅၀၀ စ/ပေ | MB (1), BR (2) | ၂၃၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၇။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဂန္ဓမာလမ်း | (၁၃ x ၅၀ )ပေ | ဟောလ် (၄) လွှာ | ၃၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်၊ ပြည်တော်သာ (၄) လမ်း | (၃၀ x ၅၀)ပေ | လုံးခြင်း | ၁၃၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့၊ ညောင်နီရွာ | (၃၀ x ၅၀)ပေ | မြေသီးသန့် | ၁၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |

## တောင်သူအကျိုးပြု ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာ အရောင်းမြှင့်တင်ရေး သရုပ်ပြအခမ်းအနားကျင်းပ



မအူပင်ခရိုင်၊ မအူပင်မြို့နယ် ငါးကျီးဂရက်ကျေးရွာ မအူပင်ရေလဲကားလမ်းဘေးရှိ တောင်သူဦးကြီး ဦးချစ်တင်၏ လယ်ယာမြေပေါ်တွင် စိမ်းရောင်စိုထုတ်လုပ်မှုကုမ္ပဏီလီမိတက်နှင့် yanmar ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် တောင်သူအကျိုးပြု ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်နှင့်လယ်ယာသုံးစက်ကိရိယာ အရောင်းမြှင့်တင်ရေး သရုပ်ပြအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသိန်းအောင်သန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်လှဲ့လှဲ့ဦးနှင့် ဝန်ထမ်းများ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများသာမက တောင်သူ ၈၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

စိမ်းရောင်စို ထုတ်လုပ်မှု ကုမ္ပဏီမှ MD ဦးကျော်ဝင်းက ကုမ္ပဏီအကြောင်း၊ ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်နှင့် လယ်ယာသုံး စက်ပစ္စည်းများ အကြောင်းကို အကျယ်တဝင့် အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ၊ ပြည်တွင်းကုန်သွယ်ရေးကဏ္ဍ၊ တောင်သူများ အကျိုးအမြတ်ရရှိရေးနှင့် သီးနှံအရည်အသွေး မြင့်မားလာရေးတို့ကို ကဏ္ဍအလိုက် အစီအစဉ်အတိုင်း ဆွေးနွေးပြောကြားကြပြီး ရိတ်သိမ်းခြွေလှေ့စက်နှင့် လယ်ထွန်စက်များကို ဦးချစ်တင်၏ လယ်ယာမြေပေါ်တွင် စိုက်ပျိုးထားသည့် ရင့်မှည့်နေသော စပါးများကို လက်တွေ့ခြွေလှေ့မောင်းနှင်ပြသခြင်းနှင့် လယ်ထွန်စက်များဖြင့် မြေယာလွတ်တွင် စမ်းသပ်သရုပ်ပြ ထွန်ယက်ပြသခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**Consumer MT**

## EU နိုင်ငံများသို့ ပဲတီစိမ်းများ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး တောင်သူများသို့ GAP/GHP သင်တန်းပို့ချလျက်ရှိ



ဥရောပသမဂ္ဂ နိုင်ငံများသို့ Beans Sprouting အတွက် ပဲတီစိမ်းများ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပဲတီစိမ်းတင်ပို့သည့် ကုမ္ပဏီများစုပေါင်း၍တောင်သူများသို့ GAP/GHP သင်တန်းများပို့ချခြင်းကို ၂၀၁၄ ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ပဲတီစိမ်းရာသီအတွက် ပဲစိုက် တောင်သူများသို့ သင်တန်းပို့ချခြင်းအား နိုဝင်ဘာ ၁၂ ရက်တွင် ကျောက်တန်းမြို့ ကျောက်စိမ်းရတနာခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ကျောက်တန်းမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာမှ ပဲစိုက် တောင်သူ ၂၉၁ ဦး တက်ရောက်ခဲ့ပြီး၊ နိုဝင်ဘာ ၁၃ ရက်တွင် သန်လျင်မြို့နယ်၊ မင်္ဂလွန်းကျေးရွာ၌ ဆက်လက်ပြုလုပ်သည့် သင်တန်းသို့ ကျေးရွာ ၅ ရွာမှ တောင်သူ ၃၇၉ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ သင်တန်းအား ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ကျောက်တန်း၊ သန်လျင်၊ သုံးခွ၊ ခရမ်းမြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ သနပ္ပင်၊ ကဝမြို့နယ်များအတွင်း နှစ်စဉ်ပို့ချပေးခဲ့ရာ ၂၀၁၇-၂၀၁၈ အထိ ပဲစိုက်တောင်သူ ၆၂၁၅ ဦးအား သင်တန်းပို့ချပေးနိုင်ပြီး အသိအမှတ်ပြု လက်မှတ်များ ပေးအပ်နိုင်ခဲ့ပါသည်။ EU ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးနိုင်မှုကြောင့် EU ဈေးကွက်သို့ ပဲတီစိမ်းတင်ပို့မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၇၇၅၅ ဒသမ ၂၅ တန်၊ ၂၀၁၆ ခုနှစ်တွင် ၇၁၆၃ ဒသမ ၃၇ တန်၊ ၂၀၁၇ ခုနှစ်တွင် ၁၀၉၁၄ ဒသမ ၀၇ တန်နှင့် ၂၀၁၈ ခုနှစ်တွင် အောက်တိုဘာလအထိ ၇၈၃၅ ဒသမ ၂၅ တန် တင်ပို့နိုင်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အဆိုပါသင်တန်းအား သန်လျင်၊ သုံးခွ၊ ခရမ်း၊ ပဲခူးနှင့် ကဝမြို့နယ်များ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များမှ ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သိန်းနိုင် (သန်လျင်)**

## သာပေါင်းမြို့နယ်တွင် သီဟိုဠ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း အစည်းအဝေးပြုလုပ်

သာပေါင်းမြို့နယ်တွင် ပြည်တွင်းကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သီဟိုဠ်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း အစည်းအဝေးကို နိုဝင်ဘာ ၈ ရက်က သာပေါင်းမြို့ စားသုံးသူ ရေးရာဦးစီးဌာနရုံးတွင် ပြုလုပ်ရာ မြို့နယ်တာဝန်ခံ ဦးထွန်းမင်းလတ်၊ သီဟိုဠ်စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူး ဦးထွန်းဝင်း၊ ဘဏ္ဍာရေးမှူး ဦးစံထွန်းအောင်၊ သီဟိုဠ်စိုက်ပျိုးထုတ်လုပ်သူခြံရှင်၊ လုပ်ငန်းရှင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သီဟိုဠ် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းကို ၂၀၁၇ ခုနှစ်တွင် သာပေါင်းမြို့ ပြည်သူ့လွှတ်တော်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြို့နယ် အုပ်ချုပ်ရေးမှူးတို့မှကြီးကြပ်၍ ဒေသခံကုန်သည်/လုပ်ငန်းရှင် ၁၂၀ ဦးနှင့် စတင်ဖွဲ့စည်းခဲ့ရာ ယခုအချိန်အသင်းသားဦးရေ ၄၈၆ ဦးအထိ ရှိလာပြီဖြစ်ပြီး သီဟိုဠ်အသင်းဥက္ကဋ္ဌဦးတင်ဦးမှတောင်သူများ၏ စိုက်ပျိုးမြေယာများ ခိုင်ခိုင်မာမာ ရရှိရေး၊ မျိုး၊ သွင်းအားစု၊ နည်းပညာ၊ ဈေးကွက်အခြေအနေ၊ အသင်း၏ အားသာချက်၊ အားနည်းချက်များနှင့် ပတ်သက်၍ အသင်းသားများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး သီဟိုဠ်စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးတက်ညီလက်ညီ ကြိုးစားဆောင်ရွက်ရန် မြေယာကိစ္စများနှင့် ပတ်သက်၍ အသင်းမှ တာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်ပေးရန်အသင်းသားများမှ သိလိုသည်များကိုမေးမြန်းခဲ့ရာ တာဝန်ရှိသူများမှ ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **ရောမြေ(ပုသိမ်)**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com


### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

### ၁၉-၁၁-၂၀၁၈ မှ ၂၅-၁၁-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ရေထွက်ပစ္စည်းများ ထုတ်လုပ် ရောင်းဝယ်ခြင်း၊ စီးပွားရေးကံကောင်းနေတတ် ပါသည်။ ရေမှဖြစ်သော ထွက်ကုန်ပစ္စည်းများ အကျိုးပေးမည်။ စိတ်ပျော်ရွှင်မှု ရရှိတတ်သည်။ အိုး၊ အိမ်၊ ယာဉ်ကား၊ ပိုင်ဆိုင်မှုအားကောင်းလိမ့်မည်။ အချစ်ရေးတွင် မမျှော်လင့်သော ချစ်သူရရှိတတ်သည်။ အိမ်ထောင်ရေး သုခရှိနေမည်။ ကျန်းမာရေးအနည်းငယ်ချူချာနေတတ်သည်။ အထူးသဖြင့် မျက်စိ၊ နား၊ နှာခေါင်း ဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ကုံကော်ညွန့်လှူပါ။**



**တနင်္လာသားသမီးများအတွက်** ခရီးသွားလုပ်ငန်းကောင်းနေတတ်သည်။ ဒေသန္တရဗဟုသုတရှာဖွေသော လုပ်ငန်းများ ပိုမိုဖြစ်ထွန်းမှုအားကောင်းနေတတ်ပါသည်။ ဝင်ငွေ/ထွက်ငွေမျှနေမည့်ကာလဖြစ်သည်။ ဟိုတယ်လုပ်ငန်းများလည်း အကျိုးဖြစ်ထွန်းနေတတ်ပါသည်။ အချစ်ရေးတွင် နှလုံးသားခံစားချက်ပြင်းထန်နေတတ်သည်။ မမျှော်လင့်ဘဲ အိမ်ထောင်ပြုရလိမ့်မည်။ ကျန်းမာရေးကောင်းမွန်နေပါသည်။ ရောဂါဖြစ်လာလျှင်လည်း လွယ်ကူစွာ ဆေးကုသပျောက်ကင်းစေတတ်ပါသည်။ **ယတြာ။ ။ ခရေညွန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ယှဉ်ပြိုင်လုပ်ရသော စီးပွားရေးလုပ်ငန်းတို့တွင် မိမိက အောင်မြင်မှုရရှိလိမ့်မည်။ ဆောက်လုပ်ရေး လုပ်ငန်းမှဝင်ငွေကောင်းလိမ့်မည်။ အကျိုးဆောင်လုပ်ငန်းများ တွင်ကျယ်နေမည်။ ခရီးသွားလာမှုများနေလိမ့်မည်။ ခရီးသွားများခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှု ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေးတွင် မိမိမျှော်လင့်သလိုမဖြစ်နိုင်ပါ။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေး ကိုယ်ခံအား လျော့နည်းသောဝေဒနာ ဖြစ်တတ်ပါသည်။ **ယတြာ။ ။ ဇီးညွန့်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အလှပြုပြင်ခြင်းလုပ်ငန်း၊ မိတ်ကပ်၊ ဆံပင်ဆိုင်ဖွင့်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခြင်းလုပ်ငန်းတို့မှ ဝင်ငွေကောင်းလိမ့်မည်။ တပည့်သားသမီးများစွာကို ထိန်းချုပ်ရသည်ကလည်း မလွယ်လှဖြစ်တတ်သည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ရေး စိတ်တိုင်းကျမှုများရှိနေမည်။ ကျန်းမာရေးတွင် အကြောရောဂါ၊ ဝမ်းရောဂါတို့ကို သတိထားသင့်သည့်ကာလဖြစ်သည်။ **ယတြာ။ ။ရွက်လှညွန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ဂတ်စ်ဆိုင်၊ ဆီဆိုင်၊ ဓာတ်ငွေ့ဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိတတ်ပါသည်။ ၎င်းလုပ်ငန်းဖြင့် ကြီးပွားချမ်းသာနိုင်ပါသည်။ ပညာရေးကံအားကောင်းမွန်နေသည်။ အချစ်ရေး တွင် ရွေးချယ်ရခက်နေတတ်သည်။ အိမ်ထောင်ရေးသာယာနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသော ရောဂါအဖျားကြီးခြင်းတို့ ဖြစ်တတ်ပါသည်။ **ယတြာ။ ။မြေမြို့ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** ယာဉ်စက်ပစ္စည်းဆိုင်ဖွင့်ခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတို့ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ခရီးသွားလာခြင်းဖြင့်လည်း စီးပွားဖြစ်ထွန်းနေတတ်သည်။ ချစ်ခင်သူဝိုင်းရံလျက်ရှိနေမည်။ ချစ်သူ၏ ရွေးမှားတတ်သည်ကို သတိရှိသင့်ပါသည်။ အိမ်ထောင်ရေး သင့်တင့်ကောင်းမွန်နေမည်။ ကျန်းမာရေးတွင် အဆီပိတ်ဝေဒနာခံစားရတတ်သည်။ သွေးတိုးခြင်း၊ ဆီးချိုရောဂါဂရုစိုက်ပါ။ **ယတြာ။ ။ သစ္စာပန်းလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အခြေခံစားသောက်ကုန်လုပ်ငန်း လုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်ပါသည်။ ဆေးကုသခြင်းလုပ်ငန်း၊ ဆေးဆိုင်ဖွင့်ခြင်းလုပ်ငန်းများ အကျိုးပေးပါသည်။ အချစ်ရေးတွင် ချစ်သူဟောင်းနှင့် ပြန်လည်ဆုံတွေ့ရတတ်သည်။ အိမ်ထောင်ရေးသင့်တင့် နေမည်။ ကျန်းမာရေးတွင် လေ၊ အကြော၊ ရောဂါတို့ ဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ အင်ကြင်းပန်းလှူပါ။**

## မကွေးမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် (၁၀/၂၀၁၈) ကြိမ်မြောက် မကွေးခရိုင်စားသုံးသူအငြင်းပွားမှု အစည်းအဝေးကျင်းပ

မကွေးခရိုင်အတွင်းရှိ စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ၊ ဘေးကင်းလုံခြုံသော ကုန်စည်များ အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် လစဉ်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်တွင် မကွေးမြို့၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် (၁၀/၂၀၁၈)ကြိမ်မြောက် မကွေးခရိုင် စားသုံးသူအငြင်းပွားမှု အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

ထိုအစည်းအဝေးတွင် မကွေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဒေါ်တင်တင်လှက ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း မကွေးခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကွင်းဆင်းစစ်ဆေးဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက်တက်ရောက်လာသည့် အဖွဲ့ဝင်များမှ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများအပေါ် အားနည်းချက်/အားသာချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့် ထုတ်ပြန်ကြေညာထားသော အမိန့်ကြော်ငြာစာများအား ဖတ်ကြားပြီး မကွေးခရိုင်အတွင်း စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ကြား၍ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ရန်၊ ကျေးရွာများရှိ ဈေးဆိုင်များအထိ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေးရန်၊ နတ်မောက်နှင့် တောင်တွင်းကြီးမြို့ပေါ်ရှိ FDA ထောက်ခံချက်မရရှိသေးဘဲ ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်စက်များအား ပိတ်ပင်ရန်၊ MIKO တံဆိပ် ချယ်ရီသီးများအား တွေ့ရှိပါက တစ်ခါတည်းသိမ်းဆည်းရန်၊ စားသောက်ဆိုင်များရှိ မီးဖိုချောင်များသို့ အဖွဲ့စုံဖြင့် ကွင်းဆင်းစစ်ဆေးနိုင်ရန်၊ စားသုံးသူတို့အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးမှုများ များများပြုလုပ်ရန် စသည့် ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

မကွေးခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်း မကွေးခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးနိုင်မှု ၂၇ ကြိမ်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်း စစ်ဆေးနိုင်မှု ၅ ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့မှု ၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း သိရှိရပါသည်။ **စန္ဒာစိုးလွင် (မကွေး)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၊ သီပေါမြို့နယ်တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် နိုဝင်ဘာလ ၂ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ခန်းမဆောင်တွင် ပညာရေးဌာနတို့နှင့် ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမဆောင်တွင် ကျင်းပပြုလုပ်သော စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲ တွင် ပြန်/ဆက်ဦးစီးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာရီမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာကျင့်သုံးရမည့်တာဝန်များနှင့် တားမြစ်ချက်များအကြောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့်အချက်များ၊ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ဆက်သွယ်တိုင်ကြားနိုင်မည့် နည်းလမ်းများ၊ တိုင်ကြားရာတွင် ပါဝင်ရမည့်အချက်များနှင့် ကျောင်းသားကျောင်းသူများ အစားအသောက်များ စားသုံးရာတွင် အန္တရာယ်ဖြစ်စေမည့် စားသုံးရန်မသင့်သော မုန့်များ၊ ရက်လွန် မှိုတက်မုန့်များ၊ ထုတ်လုပ်ရက်စွဲ/ကုန်ဆုံးရက်စွဲမပါသော မုန့်များအား စားသုံးခြင်းမပြုရန်နှင့် ကျန်းမာရေး ညီညွတ်သော အာဟာရပြည့်ဝသော အစာအစားများအား ဝယ်ယူစားသုံးကြရန် စသည်ဖြင့် အစားအစာနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ဟောပြောပွဲသို့ ဆရာ/ဆရာမနှင့် ကျောင်းသား/သူ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

## လေးမျက်နှာမြို့ အောင်မင်္ဂလာဈေးတွင် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့၊ အမှတ်(၄) ရပ်ကွက်ရှိ အောင်မင်္ဂလာဈေး၌ နိုဝင်ဘာ ၁၃ ရက်က ဟင်္သာတခရိုင် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာ တိုးဝေအောင် ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာန လေးမျက်နှာမြို့နယ်တာဝန်ခံ ဦးဇော်လင်းအောင်၊ မြို့နယ်ထွေ/အုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန် ရှိသူများ ပါဝင်သောအဖွဲ့သည် အစားအသောက်များတွင် တာရှည်ခံဆေးများ၊ ခွင့်မပြု ဆိုးဆေးများ သုံးစွဲ ခြင်းရှိ/ မရှိကို ရှောင်တခင် စစ်ဆေးခြင်း ပြုလုပ်ခဲ့ပါသည်။ ဈေးအတွင်းရောင်းချသော မုန့်ဖတ်ဆိုင် (၂) ဆိုင်၊ ပဲပြားဆိုင် (၃) ဆိုင်၊ မှျင်ငါးပိဆိုင် (၁) ဆိုင်၊ အရောင်တင်မုန့် ဆိုင်(၂) ဆိုင်တို့မှ နမူနာများကို ကောက်ယူခဲ့ပါသည်။ ကောက်ယူရရှိသော အစားအသောက်နမူနာ (၁၁) မျိုးမှ (၅) မျိုးကို လေးမျက်နှာမြို့နယ် စည်ပင်သာယာရုံးတွင် Rapid Test Kit ဖြင့် ဖော်မလင်သုံးစွဲခြင်း ရှိ/မရှိ ကို စစ်ဆေးခဲ့ရာ T နှင့် N အမှတ်တံဆိပ် ပဲပြားများတွင် ဖော်မလင်သုံးစွဲထားကြောင်း တွေ့ရှိရသဖြင့် ရောင်းချသူများကို ဖော်မလင်သုံးစွဲထားသော ပဲပြားများ မရောင်းချရေး ဝန်ခံကတိလက်မှတ်ရေးထိုး၍ တားမြစ်သတိပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ **မောင်မောင်မြတ်ခိုင်၊ ဇော်လင်းအောင်**

## မွေးမြူရေးအစာများ ဈေးနှုန်းတက်လာ၍ သားငါးဈေးနှုန်းများတက်လာ

ယခုတစ်ပတ် ပဲခူးမြို့ သား/ငါး လက်လီဈေးကွက်တွင် နေ့စဉ် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိနေပြီး ဝက်သားတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ အမဲသားတစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ကြက်သား (CP) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ကြက်သား (ဒေသ တောကြက်) တစ်ပိဿာလျှင် ကျပ်၁၀၀၀၀၊ ငါးသလောက် တစ်ပိဿာ ၁၀၀၀၀၀ ကျပ်၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငါးကြင်းဖြူတစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဖြင့် ဈေးနှုန်း အတက်အကျမရှိဘဲ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါသည်။ **သန်းသန်း (ပဲခူး)**

# သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်စရာ သီးနှံမျိုးစေ့ပြဿနာ

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာမှု၏ မြန်မာနိုင်ငံအပေါ် အဖျားခတ်ခံလာရခြင်း အကျိုးဆက်ကြောင့် နှစ်စဉ်ရေဘေးဒုက္ခ၊ လေဘေးဒုက္ခနဲ့ ကြုံလာခဲ့ရသည်မှာ (၄) နှစ်ခန့်ပင်ရှိပြီဖြစ်ပါတယ်။ ပြည်သူလူထုအပေါင်းလည်း အနိဋ္ဌာရုံ ဒုက္ခကြီးခံခဲ့ရတာ နှစ်စဉ်မိုးရာသီရောက်တိုင်း ဆိုသလိုပါပဲ။

ခန့်မှန်းလို့မရနိုင်တဲ့ ရာသီဥတုက မုန်တိုင်းထန်ချင်ထန်လိုက်တယ်။ သဲကြီးမဲကြီး မိုးရွာချင်ရွာလိုက်တယ်။ ရွာပြန်ရင်လည်း ရေအိုးသွန်ချသလို ရွာချင်ရွာပစ်လိုက်တယ်။ တစ်ပတ်နှစ်ပတ်မိုးမစဲဘဲ စွေပြီးရွာချင်လည်း ရွာနေပြန်တာ တွေ့ရတယ်။ ဒီအဖြစ်အပျက်တွေအားလုံးဟာ နောက်ဆုံးတော့ မြို့၊ ရွာ အိုးအိမ်တွေ ရေအောက်ဝါးမျိုခံလိုက်ရတယ်။ သက်ရှိသတ္တဝါတွေရဲ့ အသက်ခန္ဓာသွေးတွေ မုန်တိုင်းထဲ ရေထဲ စတေးခံလိုက်ကြရတယ်။ တောင်သူလယ်သမားကြီး များ စိုက်ပျိုးထားတဲ့ သီးနှံတွေ၊ မွေးမြူထားတဲ့ ကြက်၊ ဝက်၊ ဆိတ်၊ ကျွဲ၊ နွားတွေ ရေအောက်မှာ မွမွကြေ ပျက်စီးသွားခဲ့ရတဲ့ ရင်နင့်ဖွယ် အဖြစ်ဆိုးကြီးများပဲ ပြန့်ကျဲ ကျန်ရစ်ခဲ့ပါတယ်။

ဒီလောက်ဆိုရင် မြန်မာနိုင်ငံရဲ့ သဘာဝဘေးအန္တရာယ်ကို ရိပ်စားမိသင့်ပြီဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ တိမ်တောင်သဖွယ် မင်းရေကြွယ်သကဲ့သို့ဆိုပေမဲ့ "လာမယ့်ဘေးကိုတော့ ပြေးတွေ့ထားဖို့ "လိုပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ သဘာဝဘေးတစ်ခုဖြစ်တဲ့ မုန်တိုင်းဒဏ်နဲ့ ရေဘေးဒဏ်ခံကြရတဲ့ အဖြစ်သနစ်ဆန်းစစ်ကြည့်ရင် တစ်နှစ်နဲ့ တစ်နှစ်၊ တစ်ဒေသနဲ့ တစ်ဒေသ ဖြစ်ပျက်တာခြင်းမတူတာ တွေ့ရတယ်။ မုန်တိုင်းရေဘေးခံခဲ့ရတဲ့ (၄) နှစ်မှာ ပထမနှစ်နှစ်က မြန်မာနိုင်ငံအနောက်ဘက်ခြမ်း စစ်ကိုင်း၊ ချင်း၊ ရခိုင်၊ မကွေး၊ မန္တလေး၊ ပဲခူး(အနောက်)၊ ဧရာဝတီ၊ ရန်ကုန် ဒေသတွေမှာ ပိုမိုခံစားခဲ့ရတာ တွေ့ရပါတယ်။ ယခု (၄) နှစ်မြောက်နှစ်မှာတော့ မြန်မာနိုင်ငံအရှေ့ဘက်ခြမ်း ကချင်၊ ရှမ်း၊ မန္တလေး၊ ပဲခူး(အရှေ့)၊ မွန်၊ ကရင်၊ တနင်္သာရီဒေသတွေဟာ ပြန်းဆို မမျှော်လင့်ပဲ အတော်ကြီးကို မရှုမလှ ခံလိုက်ရပါတယ်။ အဆိုးဆုံးကတော့ စစ်တောင်းမြစ်၊ သံလွင်မြစ်ရေများရဲ့ လျှံတက်မှုဟာ စိုးရိမ်ရေမှတ်အထက်မှာ ရက်အကြာကြီး တက်နေခြင်းပါပဲ။ တော်တော်နဲ့ ရေပြန်မကျတဲ့အတွက် ရေအောက်ရောက်နေတဲ့ မြို့တွေ၊ ရပ်ကွက်တွေ၊ ကျေးရွာတွေ၊ သီးနှံစိုက်ခင်းတွေဟာ နာလန်မထူနိုင်တော့တဲ့ ဒုက္ခကြုံနေရခြင်းပါပဲ။

သဘာဝရေကြီးနစ်မြုပ်အန္တရာယ် ကြုံတွေ့ခံစားပြီးတဲ့ နောက်ကွယ်မှာတော့ လုပ်ငန်းကြီးနှစ်ရပ်ကို အဓိကထား စီမံရတော့တာပါပဲ၊ အဲဒါကတော့ (၁) မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများရဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းနဲ့ (၂) ရေနစ်မြုပ်ပျက်စီးသွားတဲ့ သီးနှံစိုက်ခင်းများ အချိန်မီ ပြန်လည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါတယ်။

စာရေးသူမီးမောင်းထိုးဆွေးနွေးချင်တဲ့ အချက်ကတော့ ရေနစ်မြုပ်ပျက်စီးသွားတဲ့ သီးနှံစိုက်ခင်းများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ ရေနစ်မြုပ်ပျက်စီးသွားတဲ့ သီးနှံစိုက်ခင်းများကို လေ့လာကြည့်ရင် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းနဲ့ ဟင်းသီးဟင်းရွက်သီးနှံများ ဖြစ်တာကို တွေ့ရှိရပါတယ်။ ဧကသိန်းနဲ့ချီပြီး ရေနစ်မြုပ်မှုဒဏ်ခံကြရတာ မျက်မြင်အတွေ့ပါပဲ။

ရေကြီးနစ်မြုပ်ခံရလို့ ပျက်စီးသွားတဲ့ သီးနှံစိုက်ခင်းတွေကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးလုပ်ငန်းမှာ အဓိကလုပ်ငန်းကြီး (၄) ရပ်ကို သော့ချက်ထား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ (၁) ရေကြီး နစ်မြုပ်ခံရတဲ့အတွက် လယ်၊ ယာမြေတွေအပေါ်မှာ ဖုံးလွှမ်းသွားတဲ့ သဲ၊ နုန်းထုကြီးကို သီးနှံစိုက်ပျိုးလို့ရတဲ့ အဆင့်ထိ ဖယ်ရှားခြင်းလုပ်ငန်း (၂) လယ်၊ ယာ မြေများကို သီးနှံပြန်လည်စိုက်ပျိုးနိုင်အောင် မြေယာပြုပြင်ထွန်ယက်ပေးခြင်းလုပ်ငန်း၊ (၃) သီးနှံမျိုးစေ့ ပျိုးပင်များ ပြန်လည် စုဆောင်းခြင်းလုပ်ငန်း၊ (၄) ရေကြီးနစ်မြုပ်ခံရ၍ ပျက်စီးသွားသော လယ်၊ ယာ မြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးခြင်း လုပ်ငန်းများ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီး (၄) ခုကို တစ်ခုနဲ့တစ်ခု ချိတ်ဆက်စီမံပြီး တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်မှသာ အချိန်မီ အပြည့်အဝ ပြန်လည်စိုက်ပျိုး ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။

အထက်ပါလုပ်ငန်းကြီး (၄) ခုတွင် သဲနုန်းဖယ်ရှားခြင်း လုပ်ငန်းမှာလို စက်ယန္တရားဖြင့် ဝီရိယစိုက်ထုတ်လုပ်မည်ဆိုလျှင် အခက်အခဲ

**| အောင်ဆန်း (စိုက်ပျိုးရေး) |**

မရှိပြီးစီးသွားနိုင်ပါတယ်။ သီးနှံပြန်လည်စိုက်ပျိုးနိုင်ရန် မြေယာပြုပြင်ထွန်ယက်ခြင်း လုပ်ငန်းသည်လည်း စက်ယန္တရား များဖြင့် စီမံချက်ချ၍ ပုံအော ဆောင်ရွက်လိုက်မည်ဆိုလျှင် အချိန်တိုအတွင်းမှာပင် ပြီးစီးသွားနိုင်မှာ ဖြစ်ပါတယ်။ သီးနှံမျိုးစေ့များ အလုံအလောက်ရရှိအောင် ပြန်လည်စုဆောင်းခြင်းလုပ်ငန်းများမှာ အလွန်ပင်ခဲယဉ်းလှသော လုပ်ငန်းဖြစ်ပါတယ်။ သီးနှံမျိုးစေ့ပွားများ ထုတ်လုပ်ခြင်းလုပ်ငန်းဟာ နှစ်ရာသီ၊ သုံးရာသီအချိန်ယူပွားများ စီမံလျှင်တောင်မှ မလွယ်လှပါ။ ပြန်လည်စိုက်ပျိုးရန် စုဆောင်းရမည့် သီးနှံများမှာလည်း စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်း၊ နေကြာမျိုးများ ဖြစ်နေပါတယ်။ မျိုးစေ့မှ မျိုးစေ့အချိုး (Seedo Seed Ratio) များသော မျိုးစေ့ဆိုလျှင် မြန်မြန်မျိုးစေ့ပွားများနိုင်သော်လည်း (Seedo Seed Ratio) အချိုးနည်းသော မျိုးစေ့များဆိုလျှင် မြန်မြန် မျိုးပွားရန် ခက်ခဲပါတယ်။

ကရင်ပြည်နယ်မှ ရေကြီးနစ်မြုပ်ခံရ၍ စပါးခင်းပျက်စီးသွားသော လယ်သမားကြီးတစ်ဦးနှင့် ဆွေးနွေးကြည့်ရာတွင် "စပါးခင်းပျက်တာက ဧကသိန်းနဲ့ချီပျက်သွားတာ၊ စပါးမျိုးထောက်ပံ့ပေးတာက တင်း ၁၀၀၀ လောက်ဆိုတော့ ဆင့်ပါးစပ်နှမ်းပတ်သလိုပဲ၊ ဘယ်လိုပြန်စိုက်နိုင်မလဲဆရာ"လို့ ဆိုပါတယ်။

သူပြောတာလည်း မှန်ပါတယ်။ သီးနှံပျက်စီးဆုံးရှုံးတာက တစ်ဧက၊ နှစ်ဧကမှမဟုတ်တာ၊ ဧကသိန်းနဲ့သောင်းနဲ့ချီပျက်စီးခဲ့တာဆိုတော့ လိုအပ်လာမယ့် မျိုးစေ့ကလည်း တစ်တင်းနှစ်တင်း မဟုတ်ပါ။ မျိုးစေ့တင်းသိန်းနဲ့ချီလိုအပ်မှာ ဖြစ်ပါတယ်။ ပြန်လည်စဉ်းစားကြဖို့တော့ လိုနေပြီ ဖြစ်ပါတယ်။ ဒီလိုဆိုလျှင် မပြေးသော် ကံရာရှိဆိုသလို သဘာဝဘေးအန္တရာယ်လာပေဦး မှာပဲ ဆိုပြီး မျှော်မှန်း၍ ရေဘေးအတွက် ကြုံနေရအုံးမဲ့ သီးနှံပျက်စီးဆုံးရှုံးသည့်ဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်လာမဲ့ သီးနှံမျိုးစေ့ ပြဿနာများကို ကြိုတင် အဖြေရှာ စီမံထားဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။

စာရေးသူတို့ ငယ်ငယ်တုန်းက အညာဒေသမိုးခေါင်လေ့ရှိတဲ့အတွက် ယာသီးနှံ (ဥပမာ-မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ) များဟာ တစ်ခါပြန်နှစ်ခါပြန် ပြန်စိုက်ပျိုးကြရတဲ့အတွက် တောင်သူလယ်သမားကြီးများရော စိုက်ပျိုးရေးဌာနကပါ သဘောဝဘေး အရန်မျိုးဆိုပြီး လှောင်ထားလေ့ရှိကြပါတယ်။

ရှေးလူကြီးသူများထံမှ အလွန်နမူနာယူစရာကောင်းတဲ့ စနစ်ကလေးထက် ခုလိုတွေးမြင်မိပါတယ်။ ဒီနမူနာကောင်းလေးကို အတုယူပြီး ယခုကြုံတွေ့နေရတဲ့ သဘာဝဘေး ရေကြီးနစ်မြုပ်အန္တရာယ်ကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးကြ၍ ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်စီမံကြရတဲ့ ဒေသများမှာ တောင်သူလယ်သမားကြီးများ၏ အစီအစဉ်နဲ့ ရေအမြင့် လွတ်ကင်းတဲ့နေရာမှာ၊ တချို့ကုန်းမြင့်မှာ ကျေးရွာသီးနှံ သိုလှောင်ရုံ(စီ) များ တည်ဆောက်ပြီး သဘောဝဘေး အရန်သီးနှံများ သိုလှောင်ထားသည့် အစီအမံများ ဆောင်ရွက်သင့်ပါတယ်။ အဆိုပါအစီအမံများအတွက် လိုအပ်တဲ့ ငွေကြေးကို တချို့နိုင်ငံတော်ပိုင်းမှ သဘာဝဘေးအန္တရာယ်ရန်ပုံငွေမှလည်းကောင်း၊ တောင်သူလယ်သမားကြီးများအား နိုင်ငံတော်မှ နှစ်ရှည်ချေးငွေဖြင့်လည်းကောင်း ဆောင်ရွက်ပေးသင့်ပါတယ်။

တိုင်း/ပြည်နယ်ဒေသကြီး အစိုးရအဖွဲ့များမှလည်း တိုင်းဒေသကြီး ပြည်နယ်အစိုးရပိုင် သဘာဝဘေးအန္တရာယ်သီးနှံအရန် သိုလှောင်ရုံ တည်ထောင်၍ အရန်သီးနှံများ ကြိုတင်စီမံထားသင့် ပါတယ်။ အကယ်၍သဘာဝဘေးအန္တရာယ် မဖြစ်ပေါ်ခဲ့လျှင်လည်း သိုလှောင်ထားသော အရန်သီးနှံကို ပေါက်ဈေးဖြင့် ထုတ်ရောင်းလျှင်ပင် အရှုံးမရှိနိုင်ပါ။

သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်အတွက် သီးနှံမျိုးစေ့ သီးသန့်ပွားများသည့် အစီအမံများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များနှင့် ချိတ်ဆက်စီမံဆောင်ရွက်သင့်ပါတယ်။ သဘာဝဘေးအန္တရာယ် ရေကြီးနစ်မြုပ်မှုကြုံရချိန်မှာ ပမာဏများများ မျိုးစေ့လိုအပ်ချက်ကို ချက်ချင်းရှာရန် မလွယ်ကူလှပါ။ သို့ပါ၍ ကြိုတင်အစီအမံများဖြင့်သုံးလျှင် လယ်သမားများလည်း အကျိုးရှိမှာဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ် ရေကြီးနစ်မြုပ်ခံရလို့ ပြန်လည် စိုက်ပျိုးကြရမယ့် လယ်၊ ယာသီးနှံများဟာ ရေကျသွားပြီးမှ ပြန်လည် စိုက်ပျိုးကြရမှာဖြစ်တဲ့အတွက် သက်တမ်းတို့ မျိုးတွေကို ရွေးချယ် စိုက်ပျိုးရမှာ ဖြစ်ပါတယ်။ စပါးဆိုလျှင် အသက်ရက် (၁၀၀) ဝန်းကျင်မျိုးများဖြစ်တဲ့ ရက် (၉၀)၊ ရတနာအောင်၊ ရေဆင်း (၂) သီးထပ်ရင်၊ ရေဆင်း (၃) ဧည့်မထစတဲ့ မျိုးတွေ၊ မြေပဲမျိုးတွေဆိုရင် မကွေး (၁၀) (၁၁)(၁၂)၊ ဆင်းပဒေသာ (၁)၊ ဆင်းပဒေသာ (၇)၊ သိပ္ပံ (၁၂၁) မျိုးတွေ၊ နှမ်းမျိုးတွေဆိုလျှင် ဆင်းရတနာ (၂)၊ ဆင်းရတနာ (၄)၊ ဆင်းရတနာ (၁)၊ မယ်တော်လက်သဲ၊ ဂွတစ်ရာ၊ ဂွကျော်နက်၊ မကွေး ၇/၉၊ နှမ်းနီ ၂၅/၁၆၀ စတဲ့ မျိုးတွေ၊ နေကြာမျိုးတွေဆိုလျှင် နေကြာစပ်မျိုး၊ ဆင်းရွှေကြာ-၂၊ မလှိုင်ရွှေကြာ စတဲ့မျိုးတွေ၊ ပဲတီစိမ်းမျိုး ဆိုရင် ရေဆင်း (၂)၊ စိုက်ပျိုးရေး (၁)၊ ရေဆင်း (၈)၊ ရေဆင်း (၉)၊ ရေဆင်း (၆) စတဲ့မျိုးတွေ၊ မတ်ပဲမျိုးဆိုလျှင် ရေဆင်း (၃)၊ ရေဆင်း (၅) စတဲ့ မျိုးတွေကို သဘာဝဘေးအန္တရာယ် အရန်သီးနှံနှုန်းအဖြစ် လှောင်ထားသင့်တဲ့ မျိုးအတွက် ဖြစ်ပါတယ်။ အခြားသင့်တော်တဲ့ မျိုးတွေလည်း များစွာရှိပါသေးတယ်။

■

Commerce ကာတွန်း



# နိုင်ငံတော်အဆင့် စားသောက်ကုန် ဘေးကင်း လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ ပြုလုပ်

ပြည်တွင်းစားသုံးသူများအတွက် သာမက ပို့ကုန်တိုးမြှင့်ရေးအတွက်ပါ အကျိုးပြုသော နိုင်ငံတော်အဆင့် စားသောက်ကုန် ဘေးကင်းလုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ (National Seminar on Food Safety) ကို နိုဝင်ဘာ ၉ ရက်က ရန်ကုန်မြို့ရှိမြန်မာနိုင်ငံကုန်သည်စက်မှု အသင်းချုပ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦးမှ Food Safety and Challenges in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ IFC မှ စားသောက်ကုန်ဘေးကင်းလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူ Mr.Yuriy Zvazhenko မှ IFC`s Global Food Safety Work Around the Globe ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"စားသောက်ကုန် ဘေးကင်း လုံခြုံစိတ်ချရတဲ့ Food Safety ပညာပေး အစီအစဉ်တွေ၊ ပညာပေးလုပ်ငန်းတွေ၊ သင်တန်းတွေကို IFC နဲ့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပြီး မြန်မာနိုင်ငံမှာ Food Safety နဲ့ ပတ်သက်လို့ Private Public Partnership အဖြစ် ပထမဆုံးပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် Food Safety နဲ့ စပ်လျဉ်းပြီး နိုင်ငံတကာက အတွေ့အကြုံတွေ၊ ကျင့်သုံးနေတဲ့စနစ်တွေကိုပြန်လည်ဝေမျှပေးတာဖြစ်ပါတယ်။ ဒီအစီအစဉ်က ပြည်တွင်းမှာရှိတဲ့ စားသုံးသူတွေအတွက် အကျိုးရှိစေရုံသာမက ပို့ကုန်တိုးမြှင့်ရေးအတွက်ပါ အကျိုးပြုပါတယ်" ဟု မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်၊ ဒုဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

မြန်မာနိုင်ငံ ကုန်သည်စက်မှု အသင်းချုပ်နှင့် ကမ္ဘာ့ဘဏ်အုပ်စု အဖွဲ့ဝင်ဖြစ်သော IFC တို့ စားသောက်ကုန်ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှု စာချွန်လွှာကိုစက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး လယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊ ပြည်တွင်းဈေးကွက် ရောင်းဝယ် ဖြန့်ဖြူးခြင်းများကို ပညာပေး အစီအစဉ်များ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်အောင်**

■

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များအတွက် ကူညီထောက်ပံ့ရန် အူရီဒူးနှင့် UNDP တို့ပူးပေါင်း

ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်ပြည့်မီမှု ရရှိရန်အတွက် ဒစ်ဂျစ်တယ် နည်းပညာကို အသုံးပြု၍ လှုပ်ရှားမှုများ ပူးတွဲဆောင်ရွက်ရန် ၂ နှစ်သက်တမ်းရှိ မိတ်ဖက်သဘောတူ စာချွန်လွှာကို အူရီဒူးမြန်မာနှင့်ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) တို့မှ နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ရှိ The Strand Hotel တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

"နည်းပညာ ဆင့်ကဲပြောင်းလဲမှုနဲ့ ဆန်းသစ်တီထွင်ခြင်းတွေဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်တွေအတွက် အဓိကမောင်းနှင်အားတွေ ဖြစ်တယ်လို့ အသိအမှတ်ပြုထားကြပါတယ်။ မြန်မာနိုင်ငံမှာ ဒီရည်မှန်းချက်တွေအတွက် နည်းပညာဆန်းသစ်ပြောင်းလဲခြင်းတွေရဲ့ စွမ်းရည်ကို အပြည့်အဝကိုင်တွယ်အသုံးပြုနိုင်ဖို့ UNDP နဲ့ ပူးပေါင်းကာ သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ အမျိုးသမီးများနဲ့ လူငယ်များအတွက် လုပ်ပိုင်ခွင့် ပိုမိုလွှဲပြောင်းပေးအပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍ စတဲ့ နယ်ပယ်တွေမှာ အပြည့်အဝပံ့ပိုးထောက်ပံ့မှုတွေကို ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု အူရီဒူးမြန်မာ၏အမှုဆောင်အရာရှိချုပ် Mr.Vikram Sinha က ပြောသည်။

UNDP ၏ ဌာနေကိုယ်စားလှယ် Mr.Knut Ostby က "အခုလို မိတ်ဖက်ပြုခြင်းဟာ လူငယ်တွေနဲ့နည်းပညာတို့ရဲ့ အင်မတန်အလားအလာရှိတဲ့ စွမ်းရည်တွေကို အသုံးပြုပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်တွေရဲ့မျှော်မှန်းချက်တွေ ဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ဖို့၊ ဘယ်သူမှ နောက်ကျကျန် မနေရစ်ဖို့နဲ့၊ လူတိုင်း လူ့အခွင့်အရေးတွေ ရရှိဖို့ကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ အခုလိုမျိုး အော်ရီဒူးအနေနဲ့ UNDP နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ကတိကဝတ်ပြုမှုအတွက် ကျေးဇူး အထူးတင်ပါတယ်" ဟု ပြောသည်။

မိုဘိုင်းအခြေပြု အက်ပလီကေးရှင်းများ၊ စက်ပစ္စည်းကိရိယာများနှင့် ကိုင်တွယ်ဖြေရှင်းနည်းများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ် သက်သာပြီး ထိရောက်သော ကိုင်တွယ်ဖြေရှင်းနည်းများဖြင့် အစားထိုး လုပ်ဆောင်နိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# တရုတ်နိုင်ငံမှ ပိတ်စအမျိုး ပေါင်း တစ်သိန်းကျော် ပါဝင်မည့် ကုန်စည်ပြပွဲ ပြုလုပ်မည်

တရုတ်နိုင်ငံမှ ပိတ်စအမျိုးပေါင်း တစ်သိန်းကျော် ပါဝင်မည့် Myanmar International Textile Expo 2018 ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကျင်းပရခြင်းမှာ ပြည်တွင်းမှ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပြည်ပသို့ သွားရောက်ရန်မလိုဘဲ အချိန်ကုန်ငွေကုန်သက်သာစေရန်၊ ဘာသာစကားအခက်အခဲ ကြုံတွေ့ရမှုကို ကျော်လွှားနိုင်စေရန်နှင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလိုသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲကို အထည်အလိပ် လုပ်ငန်းရှင်တွေရော စိတ်ဝင်စားသူတွေပါ လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်။ နောက်ပြီး တရုတ်နိုင်ငံကနေ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံစေချင်တဲ့အပြင် Export လည်း ပြုလုပ်နိုင်အောင်လို့ လုပ်ပေးတာပါ။ ပစ္စည်းအများကြီးကို တစ်နေရာထဲမှာ ဝယ်လို့ရမယ့်အပြင် ပြည်ပကိုသွားစရာမလိုဘဲ ဒီမှာပဲ ဝယ်လို့ရမှာဖြစ်တဲ့အတွက် လာရောက်အားပေးဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်" ဟု Myanmar International Textile Expo မှ တာဝန်ရှိသူ




တစ်ဦးက ပြောသည်။ ပြပွဲတွင် တရုတ်နိုင်ငံမှ စက်ရုံပေါင်း ၁၅၀ ကျော်နှင့် ပိတ်စအမျိုးပေါင်း တစ်သိန်းကျော် ပါဝင်ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ရှိ Myanmar Convention Centre တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ပထမအကြိမ်ကို တပ်မတော်ခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် ထပ်မံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ချောစု**

# မြန်မာ့ အပြည်ပြည်ဆိုင်ရာ ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ စက်ပစ္စည်းပြပွဲ ကျင်းပမည်

မြန်မာ-နိုင်ငံတကာဆိုင်ရာ ချည်မျှင်နှင့် အထည်ချုပ်ဆိုင်ရာ စက်မှုလက်မှုပြပွဲကြီးကို လာမည့်လဆန်းပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည်အလိပ် လုပ်ငန်းရှင်များအသင်း (MTMA) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ နည်းပညာအသစ်များ၊ ဖြတ်စက်များ၊ စက်ချုပ်စက်များ၊ ပုံနှိပ်စက်များ၊ ပန်းထိုးစက်များ၊ ဖိစက်များ၊ ချည်ခင်၊ ကြိုးလွန်းများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"MTG အနေနဲ့ ပြည်တွင်းဈေးကွက်အတွက် ကောင်းမွန်စွာချိတ်ဆက်နိုင်ဖို့နဲ့ ထိရောက်သော ဆက်သွယ်ရေးပလက်ဖောင်းကို တည်ဆောက်လိုပါတယ်။ အဲဒါကြောင့် TAJIMA, MGMA နဲ့ MTMA ရဲ့ စီစဉ်သူတွေနဲ့ ပူးတွဲအားထုတ်ပြီး ဆောင်ရွက်ခဲ့တာပါ။ ဒီပွဲမှာ နောက်ဆုံးပေါ် နည်းပညာနဲ့ အသိပညာတွေကိုလည်း ဝေမျှပေးသွားမှာပါ"ဟု MTMA မှ ဒေါ်အေးအေးဟန်က ပြောသည်။

ပြပွဲတွင် တရုတ်၊ ဂျာမနီ၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်း၊ ဗီယက်နမ်နှင့် ချက်သမ္မတနိုင်ငံ စသည့် နိုင်ငံပေါင်း ၁၂၀ မှ လာရောက်ပြသမည်ဖြစ်ပြီး အထည်ချုပ်ပစ္စည်းများ၊ စက်ချုပ်ပစ္စည်းသစ်များနှင့် နာမည်ကျော် အမှတ်တံဆိပ်များကိုပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို လာမည့်ဒီဇင်ဘာလ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# Yangon Water Bus စီးနင်းသူများ Viber အသုံးပြုကာ ခရီးစဉ်သတင်း အချက်အလက်များသိရှိနိုင်ပြီဖြစ်

ရေကြောင်းပို့ဆောင်ဆက်သွယ်ရေး ဝန်ဆောင်မှုအသုံးပြုနေသော ခရီးသည်များအနေဖြင့် နောက်ဆုံးရသတင်း အချက်အလက်များသိရှိနိုင်ရန်နှင့် စီးနင်းသူခရီးသည်အချင်းချင်း ချိတ်ဆက်ကာ ဝေဖန်အကြံပြုချက်များဝေမျှနိုင်မည့် Yangon Water Bus Viber Community ကို Rakuten Viber နှင့် Yangon Water Bus တို့ ပူးပေါင်း၍ နိုဝင်ဘာ ၁၂ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။

အသစ်မိတ်ဆက်လိုက်သော Yangon Water Bus Viber Community သည် လိုက်ပါစီးနင်းသူခရီးသည်များအနေဖြင့် မိုဘိုင်းလ်ဖုန်းအသုံးပြုကာ တစ်ရက်တာ သတင်းအချက်အလက်များကို နေ့စဉ်လွယ်ကူစွာ ရယူနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးစီးပွားရေးမြို့တော်ရှိ ရေလမ်းသွားလာရေးစနစ်ကို အသုံးပြုရာတွင် အတွေ့အကြုံကောင်းများ ပိုမိုရရှိစေရေး အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့နေ ပြည်သူတွေအတွက် ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးပြီး နေ့စဉ်အသုံးပြုနိုင်မယ့် ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းသစ်တစ်ခု ပေးအပ်ဖို့နဲ့ ရန်ကုန်မြို့ရေလမ်းသွားလာရေး စနစ်ကို အသစ်ပြန်လည် မွမ်းမံပေးဖို့ရာ ဒီ Yangon Water Bus ကို တည်ထောင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ Water Bus ၁၁ စီးရှိသလို တစ်စီးချင်းအနေနဲ့ တစ်နေ့ကို ၁၂ ကြိမ်အထိ ဆိပ်ကမ်း ၁၁ ခုကို ပြေးဆွဲပေးနေပါတယ်။ အနာဂတ်မှာလည်း လမ်းကြောင်းအသစ်တွေကို ထပ်မံတိုးချဲ့သွားဖို့ ရည်ရွယ်ထားပါတယ်။ ဒီ Viber Community ကနေ အမြဲတမ်းပေးပို့ပေးနေမယ့် နောက်ဆုံးရသတင်းအချက်အလက်တွေကို ရယူနိုင်ဖို့ Water Bus ကို လက်ရှိအသုံး ပြုနေကြတဲ့သူတွေရော၊ စမ်းသပ်သုံးစွဲဖို့ ရည်ရွယ်နေကြသူတွေပါ ချိတ်ဆက်အသုံးပြုနိုင်ကြပါတယ်"ဟု Tint Tint Myanmar ကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်ကပြောသည်။

အများသုံးရေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုတွင် ဆယ်စုနှစ်တာဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကောင်းများကို အသုံးချခြင်းဖြင့် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးစနစ်သစ်တစ်ခု ဖန်တီးရန်အတွက် ရန်ကုန်တိုင်းအစိုးရနှင့် Tint Tint Myanmar Group of Companies တို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ်တွင် Yangon Water Bus စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

**စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာငွေ . . . မှအဆက်**

ရွှေချောင်း၊ ရွှေတုံးများ တင်သွင်းရန် ဗဟိုဘဏ်သို့ စာတင်ထားပါသော်လည်း အကြောင်းမပြန်သေးပါသဖြင့် ရွှေတင်သွင်းခြင်းလုပ်ငန်းများ မစတင်နိုင်သေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရှိရပါသည်။


ရွှေတုံးများကို ပြည်ပနှင့် တင်သွင်းခြင်း၊ တင်ပို့ခြင်း ပြုလုပ်ရာ၌ ရွှေတင်ပို့ခြင်းထက် ရွှေတင်သွင်းခြင်းများပြားလာလျှင် ဒေါ်လာဈေးတက်ပြီး ပြဿနာဖြစ်လာနိုင်ခြင်းကြောင့် နိုင်ငံတကာ၌ ဗဟိုဘဏ်ဥပဒေအတွင်း ထည့်သွင်းကိုင်တွယ်ရလေ့ရှိကြောင်းနှင့် ရွှေတင်သွင်းခြင်းကိစ္စကို လွယ်လွယ်ဖြင့် ခွင့်ပြုပေးခြင်း မရှိကြောင်းကို သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ရွှေနှင့် လက်ဝတ်ရတနာပစ္စည်းများ တင်ပို့၊ တင်သွင်းခြင်းကို စက်တင်ဘာလမှစတင်၍ One Stop Service ဖြင့် ဆောင်ရွက်နေသော်လည်း ရွှေလုပ်ငန်းရှင်များသည် ရွှေတင်ပို့ခြင်းထက် တင်သွင်းခြင်းကို လုပ်ဆောင်ရန်လိုလားသဖြင့် ဗဟိုဘဏ်ခွင့်ပြုမိန့်ကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်းကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌထံမှ သိရှိရပါသည်။

ပြည်တွင်းအခေါက်ရွှေဈေးသည် ယခုအပတ်အတွင်း ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့သော်လည်း အမြင့်နှုန်းဖြစ်သည့် တစ်ကျပ်သားလျှင် ကျပ် ၁၀၃၀၀၀၀ ခန့်တွင် ပေါက်ဈေးရှိနေပြီး ကမ္ဘာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် တစ်အောင်စလျှင် ၁၂၀၀ ဒေါ်လာခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ လေ့လာသိရှိရပါသည်။ စက်တင်ဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၁၄ ရက်နေ့ အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁၀.၂၀၁၈ | ၉၇၀၀၀၀ | ၁၁၈၇ |
| ၂ | ၂.၁၀.၂၀၁၈ | ၉၇၃၀၀၀ | ၁၁၈၈ |
| ၃ | ၃.၁၀.၂၀၁၈ | ၉၇၅၀၀၀ | ၁၂၀၃ |
| ၄ | ၄.၁၀.၂၀၁၈ | ၉၇၇၀၀၀ | ၁၂၀၀ |
| ၅ | ၅.၁၀.၂၀၁၈ | ၉၈၅၀၀၀ | ၁၂၀၀ |
| ၆ | ၆.၁၀.၂၀၁၈ | ၉၉၁၀၀၀ | ၁၂၀၃ |
| ၇ | ၇.၁၀.၂၀၁၈ | ၉၉၀၀၀၀ | ၁၂၀၃ |
| ၈ | ၈.၁၀.၂၀၁၈ | ၉၉၆၀၀၀ | ၁၁၉၄ |
| ၉ | ၉.၁၀.၂၀၁၈ | ၁၀၀၀၀၀၀ | ၁၁၉၀ |
| ၁၀ | ၁၀.၁၀.၂၀၁၈ | ၁၀၁၁၀၀၀ | ၁၁၈၇ |
| ၁၁ | ၁၁.၁၀.၂၀၁၈ | ၁၀၁၅၀၀၀ | ၁၁၉၇ |
| ၁၂ | ၁၂.၁၀.၂၀၁၈ | ၁၀၁၇၀၀၀ | ၁၂၂၁ |
| ၁၃ | ၁၃.၁၀.၂၀၁၈ | ၁၀၁၂၅၀၀ | ၁၂၁၈ |
| ၁၄ | ၁၅.၁၀.၂၀၁၈ | ၁၀၂၀၀၀၀ | ၁၂၃၁ |
| ၁၅ | ၁၆.၁၀.၂၀၁၈ | ၁၀၂၂၅၀၀ | ၁၂၂၉ |
| ၁၆ | ၁၈.၁၀.၂၀၁၈ | ၁၀၂၀၀၀၀ | ၁၂၂၃ |
| ၁၇ | ၁၉.၁၀.၂၀၁၈ | ၁၀၂၂၀၀၀ | ၁၂၂၉ |
| ၁၈ | ၂၀.၁၀.၂၀၁၈ | ၁၀၂၃၀၀၀ | ၁၂၂၇ |
| ၁၉ | ၂၂.၁၀.၂၀၁၈ | ၁၀၂၂၀၀၀ | ၁၂၂၃ |
| ၂၀ | ၂၃.၁၀.၂၀၁၈ | ၁၀၂၁၅၀၀ | ၁၂၂၄ |
| ၂၁ | ၂၆.၁၀.၂၀၁၈ | ၁၀၂၄၀၀၀ | ၁၂၃၃ |
| ၂၂ | ၂၇.၁၀.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၃၃ |
| ၂၃ | ၂၉.၁၀.၂၀၁၈ | ၁၀၃၆၅၀၀ | ၁၂၃၁ |
| ၂၄ | ၃၀.၁၀.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၃၁ |
| ၂၅ | ၂.၁၁.၂၀၁၈ | ၁၀၄၂၅၀၀ | ၁၂၃၂ |
| ၂၆ | ၃.၁၁.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၃၃ |
| ၂၇ | ၅.၁၁.၂၀၁၈ | ၁၀၄၀၀၀၀ | ၁၂၃၁ |
| ၂၈ | ၈.၁၁.၂၀၁၈ | ၁၀၃၇၅၀၀ | ၁၂၂၄ |
| ၂၉ | ၉.၁၁.၂၀၁၈ | ၁၀၃၃၀၀၀ | ၁၂၂၀ |
| ၃၀ | ၁၂.၁၁.၂၀၁၈ | ၁၀၂၆၀၀၀ | ၁၂၀၇ |
| ၃၁ | ၁၃.၁၁.၂၀၁၈ | ၁၀၂၆၅၀၀ | ၁၁၉၇ |
| ၃၂ | ၁၄.၁၁.၂၀၁၈ | ၁၀၂၈၅၀၀ | ၁၁၉၉ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator % ဖော်ပြချက်များအရ GDP Growth 6.8 %၊ Annual Rate of Inflation 5.94 %၊ Year on Year Inflation က 8.59 % ရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ယခင်တစ်ပတ်အတွင်း ကမ္ဘာ့နိုင်ငံအများစုတွင် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ ကျဆင်းခဲ့သော်လည်း ယခုအပတ်တွင် အတက်ဘက်ပြန်လည်ရောက်ရှိခဲ့ကြောင်း တွေ့ရှိရပြီး မြန်မာနိုင်ငံတွင်လည်း ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုညဒသမ ၅၇၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်း ကျပ်ငွေတန်ဖိုး တည်ငြိမ်ရန် အစိုးရက တရားမဝင်ငွေလဲလုပ်ကိုင်သူများကို ဖမ်းဆီးအရေးယူခြင်း၊ ဗဟိုဘဏ်မှလည်း ဘဏ်များနှင့် ငွေလဲကောင်တာများ ဒေါ်လာဈေး ကစားခြင်း မပြုရန် ညွှန်ကြားချက်ထုတ်ပြန်ပြီး နိုင်ငံခြားငွေလုပ်ငန်းဆိုင်ရာ လိုင်စင်ထုတ်ပေးထားသော အဖွဲ့အစည်းများကို ဒေါ်လာဈေးမကစားရန် ပွင့်လင်းမြင်သာစွာ အသိပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိုသို့ဆောင်ရွက်သည့် ရက်အနည်းငယ်အတွင်း၌သာ ဈေးနှုန်းကျဆင်းခဲ့ပြီး ရက်ကြာမြင့်ပါက ဈေးနှုန်းအတက်ဘက်သို့ ပြန်လည်ဦးလှည့်လာကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၉-၁၁-၁၈ | ၁၂-၁၁-၁၈ | ၁၃-၁၁-၁၈ | ၁၄-၁၁-၁၈ | ၁၅-၁၁-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၆၅ | ၁၅၆၈ | ၁၅၇၂ | ၁၅၇၄ | ၁၅၇၄ | ၀.၅၇၅ | ↑ |
| ၂ | Thai Baht | THB | ၃၃.၀၁၀ | ၃၃.၀၁၀ | ၃၃.၁၅၀ | ၃၂.၉၀၀ | ၃၂.၈၆၀ | -၀.၄၅၄ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၇၆ | ၁.၃၇၉ | ၁.၃၈၅ | ၁.၃၇၉ | ၁.၃၇၈ | ၀.၁၄၅ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၇၆ | ၄.၁၈၂ | ၄.၁၉၅ | ၄.၁၉၀ | ၄.၁၉၅ | ၀.၄၅၅ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၆၄၀ | ၁၄၇၇၂ | ၁၄၈၆၀ | ၁၄၇၇၅ | ၁၄၇၄၀ | ၀.၆၈၃ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၉၃၅ | ၆.၉၅၇ | ၆.၉၆၃ | ၆.၉၅၆ | ၆.၉၅၀ | ၀.၂၁၆ | ↑ |
| ၇ | Indian Rupee | INR | ၇၂.၃၈၀ | ၇၂.၄၇၈ | ၇၂.၈၅၉ | ၇၂.၆၁၅ | ၇၂.၃၁၁ | -၀.၀၉၅ | ↓ |
| ၈ | Japanese Yen | JPY | ၁၁၃.၉၀၀ | ၁၁၃.၉၅၃ | ၁၁၃.၇၃၂ | ၁၁၃.၉၄၂ | ၁၁၃.၆၄၆ | -၀.၂၂၄ | ↓ |
| ၉ | Austrialia Dollar | AUD | ၁.၃၇၉ | ၁.၃၈၃ | ၁.၃၉၃ | ၁.၃၈၄ | ၁.၃၇၅ | -၀.၂၉၀ | ↓ |
| ၁၀ | Euro | EUR | ၀.၈၈၀ | ၀.၈၈၃ | ၀.၈၉၁ | ၀.၈၈၅ | ၀.၈၈၃ | ၀.၃၄၁ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၆ | ၀.၇၇၃ | ၀.၇၇၈ | ၀.၇၆၉ | ၀.၇၇၀ | ၀.၅၂၂ | ↑ |

## အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားပြည်နယ်တွင် နှင်းဒဏ်ကြောင့် လာမည့်နှစ်တွင် ပန်းသီးအထွက် ကျဆင်းနိုင်

မကြာသေးမီအချိန်က အိန္ဒိယနိုင်ငံကက်ရှ်မီးယားချိုင့်ဝှမ်းဒေသတွင် အချိန်အခါမဟုတ် နှင်းများကျဆင်းမှုကြောင့်စိုက်ပျိုးရေးခြံအများအပြား ပျက်စီးခဲ့သဖြင့်လာမည့်နှစ် ပန်းသီးထုတ်လုပ်မှုမှာလည်း ဆက်လက်ကျဆင်းနိုင်ကြောင်း Kashmirtimes သတင်းတွင်ဖော်ပြသည်။ ပြီးခဲ့သည့်သီတင်းပတ်က ချိုင့်ဝှမ်းဒေသတွင် ဆီးနှင်းကျဆင်းသည့်အတွက် လုပ်ငန်းရပ်များရပ်ဆိုင်းခဲ့ရုံသာမက သစ်သီးထုတ် လုပ်ရေးလုပ်ငန်းကို အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ရသည်။

လယ်သမားများအား အစိုးရက လျော်ကြေးပေးရန်ကြေညာထားပြီးဖြစ်သော်လည်း ဥယျာဉ်ခြံမြေများ ပျက်စီးမှုအခြေအနေကို အာဏာပိုင်တို့က လေ့လာဆန်းစစ်မှုမလုပ်နိုင်သေးကြောင်း သိရသည်။ သို့သော်လည်း ပန်းသီးပင်များ၏ ထိခိုက်မှုအခြေအနေကိုကြည့်ပါက လာမည့်နှစ်များတွင် ထုတ်လုပ်မှုကို ဆိုးရွားစွာထိခိုက်နိုင်မည်ကိုတွေ့ရသည်။

တောင်ပိုင်းကက်ရှ်မီးယားဒေသရှိ အာနန်နက်၊ ပူဝါမာ၊ ကူဂမ်နှင့် ရှိုပီယန်ဒေသ စသည့် ခရိုင်လေးခုမှာ အဆိုးဆုံးထိခိုက် ခံရသောဒေသများဖြစ်သည်။ နှင်းများကျဆင်းသည့်အတွက် အသီး သီးနေဆဲအပင်များကိုထိခိုက်စေရုံသာမက ဆွတ်ခူးတော့မည့် အပင်များကိုလည်း ထိခိုက်မှုရှိခဲ့သည်။ ဥယျာဉ်ခြံမြေများ ပျက်စီးမှုအခြေအနေကို လေ့လာဆန်းစစ်နေဆဲဖြစ်ကြောင်း အာနန်နက်ဒေသဥယျာဉ်ခြံမြေစိုက်ပျိုးရေးအရာရှိချုပ် မိုဟာမက်ရာရှင်က ပြောသည်။

"ပဏာမစစ်ဆေးချက်အရ အပျက်အစီး ၃၀ ရာခိုင်နှုန်းရှိပါတယ်။ ပုံမှန်စစ်ဆေးပြီးရင်တော့ အပျက်အစီးက ဒီထက်များနိုင်ပါတယ်"ဟု သူကပြောသည်။

သို့သော်လည်း အသီးသီးနေဆဲအပင်များကိုထိခိုက်မှုကြောင့် လာမည့်နှစ်များတွင် ပန်းသီးထုတ်လုပ်မှုကို ထိခိုက်နိုင်ကြောင်းနှင့် လာမည့် ၂၀၁၉ ခုနှစ်တွင် ထုတ်လုပ်မှုမှာ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း သူကခန့်မှန်းသည်။

နှစ်စဉ် သစ်သီးတန်ချိန် ၁၇ သန်းထုတ်လုပ်လျက်ရှိသော ချိုင့်ဝှမ်းဒေသတွင် သစ်သီးထုတ်လုပ်မှုအတွက် အသုံးပြုသော မြေဧရိယာစုစုပေါင်းမှာ ၁၄၄ ၈၂၅ ဟက်တာရှိသည်။ **NT**

# ဆောင်းရာသီ သဘာဝဓာတ်ငွေ့ လုံလောက်ရေးအတွက် တရုတ်နိုင်ငံ အသင့်ပြင်

ယခင်နှစ် ဆောင်းရာသီက သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုပြတ်လပ်ပြီး ဈေးနှုန်းများမြင့်တက်ခဲ့သည့်အတွက် ယခုနှစ်ဆောင်းရာသီတွင် တရုတ်နိုင်ငံကကောင်းစွာပြင်ဆင်ထားကြောင်း Wood Mackenzie အေဂျင်စီမှ အကြီးတန်းဈေးကွက်အတိုင်ပင်ခံ ဝင်ဝမ်းက ပြောကြားသည်ကို kall-anishenergy သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက စက်မှုသုံးနှင့် အပူပေးရန် ဓာတ်ငွေ့ဝယ်လိုအား အသင့်အတင့်သာ တိုးတက်လိမ့်မည်ဟု တွက်ဆကာအလားအလာကို ခန့်မှန်းခဲ့ခြင်းဖြစ်သည်။ ခန့်မှန်းတွက်ချက်ရာတွင် ပါဝင်သော အခြေခံစံနှုန်းများတွင် ပြည်တွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမြင့်တက်ခြင်း၊ ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့တင်သွင်းမှုမြင့်တက်ခြင်းနှင့် စောစောပိုင်းက မြေအောက်သိုလှောင်မှု၊ ဖြည့်ဆည်းထားနိုင်မှု အခြေအနေတို့ကို ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်။

၎င်းအခြေအနေများကြောင့် စက်တင်ဘာတွင် သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှု ကျဆင်းခဲ့သည်။ အောက်တိုဘာတွင်လည်း အလားတူဖြစ်လိမ့်မည်ဟု ဝမ်ကခန့်မှန်းထားသည်။ တချို့သော တရုတ် အမျိုးသားကုမ္ပဏီများက ဆောင်းရာသီအတွက် ဝယ်လှောင်ထားသောကုန်များကို လက်ငင်းဈေးကွက်တွင် ပြန်လည်ရောင်းချနေကြောင်း ဝမ်က ပြောသည်။

စက်တင်ဘာမှာ ဓာတ်ငွေ့ရည်တင်သွင်းမှုက ၂၇ ရာခိုင်နှုန်းမြင့်တက်ပြီး မက်ထရစ်တန် ၄ ဒသမ ၄ သန်းအထိ ရောက်ခဲ့တဲ့အတွက် ယခုနှစ်ပထမရှစ်လက ပျမ်းမျှရရှိခဲ့တဲ့၄၈ ရာခိုင်နှုန်းရဲ့ ထက်ဝက်ကျော်ခန့်ရှိခဲ့ပါသည်။ ပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ တင်သွင်းမှု ၃၀ ရာခိုင်နှုန်းမြင့်တက်ပြီး ထုတ်လုပ်မှုက ရှစ်ရာခိုင်နှုန်းမြင့်တက်ခဲ့တဲ့အတွက် သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုက ကျဆင်းခဲ့ရတာဖြစ်ကြောင်း Kallanish Energy အတိုင်ပင်ခံအဖွဲ့ကပြောပါတယ်။ **NT**

# ညောင်နှစ်ပင်စစ်မှုထမ်းဟောင်းသင်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ သင်ခန်းစာပို့ချဆွေးနွေး



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ စစ်မှုထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်) ညောင်နှစ်ပင်၌ ဖွင့်လှစ်လျက်ရှိသော စည်းရုံးရေးမွမ်းမံသင်တန်းအမှတ်စဉ် (၃/၂၀၁၈) တွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ သင်ခန်းစာအား သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ၂၀၁၄ ခုနှစ်၌ပြဋ္ဌာန်းခဲ့သော စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် လက်တွေ့ဘဝတွင် စားသုံးသူများကြုံတွေ့နေရသော အခြေအနေများ၊ နစ်နာမှုများအတွက် စားသုံးသူများ၏ တိုင်ကြားလာမှုများနှင့် ဖြေရှင်းဆောင်ရွက်ပေးနေမှုများ၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) များ ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေများနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ကြေငြာခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ၏ 'ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း'အချက်နှင့် ပတ်သက်၍ ဆွေးနွေးပို့ချခြင်း၊ အဆိုပါအမိန့်ကြော်ငြာတွင် ပါရှိသော စီးပွားရေးလုပ်ငန်းရှင်များမှ ဆောင်ရွက်ရမည့် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုး စသည့်ဖော်ပြချက်များ ပါရှိရေးနှင့် စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် တားမြစ်ချက်များအား အကျယ်တဝင့် ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသားများ၏ မေးမြန်းချက်များအား ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပါသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား (၅၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာလ ၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်မာဌေး**

# ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

ကချင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းကို နိုဝင်ဘာ ၁၂ ရက်က ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ရုံးတွင်းလုပ်ငန်းများဖြစ်သည့် စီမံရေးရာဌာနခွဲနှင့် ငွေစာရင်းဌာနခွဲ၏ လုပ်ငန်းများကို ကျွမ်းကျင်မှုရှိစေရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ဈေးကွက် စောင့်ကြည့်လေ့လာစစ်ဆေးခြင်း၊ စားသုံးသူအငြင်းပွားမှုတိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးခြင်းအပြင် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိ၍ ပိုမိုထိရောက်အောင် ထမ်းဆောင်နိုင်ရန်နှင့် စွမ်းဆောင်ရည်မြင့်မားပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

သင်တန်းတွင် စီမံရေးရာဘာသာရပ်၊ ငွေစာရင်းဘာသာရပ်၊ စားသုံးသူရေးရာ ဘာသာရပ်၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဘာသာရပ်၊ မူဝါဒလေ့လာရေးနှင့် စီမံကိန်းစာရင်းအင်းဘာသာရပ်နှင့် သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဘာသာရပ်များကို သင်ကြားပို့ချခြင်း၊ သရုပ်ပြ ရှင်းလင်းဆွေးနွေးခြင်း၊ သင်တန်းသားနှင့် လက်တွေ့ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ပို့ချသွားမည်ဖြစ်ပါသည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းသို့ ပြည်နယ်ဦးစီးမှူးရုံး၊ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်တို့မှ ဝန်ထမ်း ၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခွာညို (မနောမြေ)**

# ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် ပန်းဘဲတန်းမြို့နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၊ အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ရာတွင် မြန်မာ့အာမခံလုပ်ငန်းမှ ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများနှင့် ရုံးချုပ်မှလာရောက်လေ့လာသည့် ဦးစီးအရာရှိဝန်ထမ်းများ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းမေသက်နိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းရသည့်ရည်ရွယ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း ပေါ်ပေါက်လာပုံနှင့်ဥပဒေပါပြဋ္ဌာန်းချက်များ၊ ပြဋ္ဌာန်းချက်ပါ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များအကြောင်း၊ စားသုံးသူများက မိမိတို့အခွင့်အရေးများကို သိရှိနားလည်ပြီး အခွင့်အရေးများကို တောင်းဆိုရယူနိုင်မှု၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်နှင့်တားမြစ်ချက်များ၊ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် အရေးယူနိုင်မည့်ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဖွဲ့စည်းထားရှိမှု၊ စားသုံးသူများ၏ အငြင်းပွားမှုများကို ဖြေရှင်းပေးရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီနှင့်ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့များဖွဲ့စည်းထားရှိမှု၊ စားသုံးသူများ၏ နစ်နာမှုရှိလာပါက တိုင်ကြားနိုင်ရန် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးများကို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ခရိုင်(၄) ခုတွင် ဖွင့်လှစ်ထားရှိပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို လက်ခံဖြေရှင်းဆောင်ရွက်လျှက်ရှိသည့်အခြေအနေ၊ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်၊ စားသုံးသူများဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ယခုဟောပြောပွဲမှ စားသုံးသူများ သိသင့်သိထိုက်တာများကို သိရှိပြီးဖြစ်၍ သိရှိသည်များကို လိုက်နာကြစေလိုကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် အသိပညာပေးမှုများ ထိရောက်အောင်မြင်လာသည့်အတွက် မိမိတို့နစ်နာဆုံးရှုံးမှုများကို သိရှိလာပြီး တိုင်ကြားမှုများလည်းများလာသည်ဖြစ်၍ တစ်နှစ်ထက်တစ်နှစ်တိုင်ကြားမှုများ တိုးတက်လာပါကြောင်း၊ လက်ရှိမြေပြင် တွင် ဖြစ်ပေါ်နေသည့် တိုင်ကြားစာများဖြစ်သော စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်များကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ ဟောပြောဆွေးနွေးပွဲတက်ရောက်သူ ဒုတိယအထွေထွေမန်နေဂျာ ဦးလွင်ဦးက စားသုံးသူများအနေဖြင့် ကုန်စည်များကို ကိုင်တွယ်စမ်းသပ်ခွင့်ဆိုသည်မှာ မည်သည်ကိုဆိုလိုကြောင်း၊ စားသောက်ကုန်များကို ဝယ်ယူစားသုံး၊ သုံးစွဲရာတွင် ဆုံးရှုံးနစ်နာမှုရှိခဲ့လျှင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း၊ ကုန်စည်များကို ကြော်ငြာရာတွင် အလွန်အကျူးကြော်ငြာထားသော ကုန်စည်များကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ မည်ကဲ့သို့ အရေးယူနိုင်မှုရှိသည်ကို သိရှိလိုကြောင်းတို့ကို မေးမြန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**လဲ့လဲ့ဌေး (စားသုံးသူ)ရန်ကုန်**

# ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနတွင် တိုင်းအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ လစဉ်အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ (၂)တွင် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လစဉ်အစည်းအဝေးကို နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့ရာ တိုင်းအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်နှင့် ဌာနခွဲမှူးများ၊ အဖွဲ့ဝင် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်၊ ဥပဒေပညာရှင်၊ ယာဉ်ထိန်းတပ်ဖွဲ့၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် တိုင်းစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ယခုလိုတိုင်းအငြင်းပွား အစည်းအဝေးကို လစဉ်မပျက်မကွက် ကျင်းပရခြင်းဖြစ်ပြီး ဗဟိုကော်မတီအစည်းအဝေးက ချမှတ်ထားသည့် မူဝါဒလမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာမိတ်ဖက်ဌာနဆိုင်ရာများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)အရစီးပွားရေးလုပ်ငန်းရှင်များအား ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူဘေးကင်းလုံခြုံစေရေးအတွက်ကုန်စည်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမှာဖြစ်ပြီး ထုတ်ပြန်သည့်နေ့မှ (၆)လပြည့် မြောက်သည့်နေ့တွင် အာဏာသက်ရောက်မည်ဖြစ်သောကြောင့် တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေး ဆောင်ရွက်ရန်ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများနှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းဖတ်ကြား၍ တက်ရောက်လာသူ အဖွဲ့ဝင်များမှလည်း အသီးသီး တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေဖော်ပြခြင်း အမိန့်ကြော်ငြာစာအား အသိပေးရှင်းလင်း

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်တွင် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြခြင်း အမိန့်ကြော်ငြာစာအား အသိပေးရှင်းလင်းခြင်း အခမ်းအနားကို စားသုံးသူရေးရာ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်ကယားပြည်နယ်အတွင်း ကုန်စည်(၉)မျိုးအား တင်သွင်း၊ ထုတ်လုပ် ဖြန့်ဖြူးရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ပါတယ်။

အခမ်းအနားတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမော်မော်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အသိပေး ရှင်းလင်းခြင်း အခမ်းအနားရဲ့ အဓိကရည်ရွယ်ချက်ကတော့ စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ(၃၁)၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်း လုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာနှင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိအမိန့်ကြော်ငြာစာ ပါကုန်စည်(၉)မျိုးကို ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသော လုပ်ငန်းရှင်များကလည်း အမိန့်ကြော်ငြာစာပါ အချက်များကို လိုက်နာစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ကယားပြည်နယ်အတွင်းရှိ အစားအသောက်များ၊ အိမ်သုံးပစ္စည်းများ၊ ကလေး အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့်ဖြည့်စွက်စာများ၊ ဓာတုဗေဒပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများ စတဲ့ကုန်စည်(၉)မျိုးကို ထုတ်လုပ်၊ တင်သွင်း၊ လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အမိန့်ကြော်ငြာစာပါ သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးစတဲ့ အချက်တွေကို မြန်မာဘာသာနှင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမှာဖြစ်ပါတယ်။ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ ၆ လပြည့်မြောက်သည့်နေ့တွင် စတင် အာဏာ သက်ရောက်မှာဖြစ်၍ ၆ လပြည့်မြောက်ပြီးနောက်ပိုင်းမှာ လိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ(၁၉)အရ အရေးယူဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယခုလို လုပ်ငန်းရှင်များအားခေါ်ယူ အသိပေးရခြင်းဖြစ်ကြောင်း စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ(၁၉)ကိုလည်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသောလုပ်ငန်းရှင်များကလည်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရီ (စားသုံးသူ၊ ကယား)**

## စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်၊ ခရိုင်ဦးစီးမှူးရုံးမှ ထုတ်ကုန်လုံခြုံစိတ်ချ ရမှုရှိစေရေးအတွက် လယ်ဝေးမြို့ အေလာဈေးတွင် ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်၊ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်း ဦးဆောင်၍ ဒက္ခိဏခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ ၊ ဈေးမိဈေးဖများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် လယ်ဝေးမြို့နယ်၊ အေလာဈေးတွင် စားသုံးသူ အန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် နိုဝင်ဘာ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ သက်တမ်းလွန်မုန့်များ၊ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော ဝေဖာအရောင်စုံအထုပ်များ စိုက်ပျိုးရေးဦးစီးဌာနမှ သုံးစွဲရန်မသင့်ဟု ထုတ်ပြန်ထားသော ကျင်းထုံအမှတ်တံဆိပ် ခြင်ဆေးခွေများကို ဌာနဆိုင်ရာ အဖွဲ့များ၏ ရှေ့တွင် သိမ်းဆည်းခဲ့ပြီး အေလာဈေးတာဝန်ခံရုံးအနီး မြေကွက်လပ်တွင် မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း၊ ရောင်းချသူများကို နောင်တွင် သတ်မှတ်ချက်နှင့် မကိုက်ညီသော ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုရန် ဝန်ခံ ကတိလက်မှတ်ရေးထိုးစေ၍ ထပ်မံရောင်းချခြင်းပြုပါက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် စားသောက်ကုန်များတွင် မြန်မာစာနှင့်ဖြစ်စေ၊ အခြားဘာသာနှင့် မြန်မာစာတွဲ၍ဖြစ်စေ ဖော်ပြပါရှိသော စားသောက်ကုန်များကိုသာ ရောင်းချစေရေး အသိပေးကြေညာထားကြောင်းနှင့် လုပ်ငန်းရှင်များ၊ လက်လီလက်ကား ရောင်းချသူများအနေဖြင့် လိုက်နာဆောင်ရွက်နိုင်ရန် ဆွေးနွေးအသိပညာပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးငြိမ်း (နေပြည်တော်)**

## ကလေးမြို့နယ် ပျဉ်ခုံလေးကျေးရွာရှိအလက(ခွဲ)ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့နှင့်အတူ နိုဝင်ဘာ ၁၃ ရက်တွင် ကလေးမြို့နယ် ပျဉ်ခုံလေး ကျေးရွာရှိအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၁၀၉ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက စားသုံးသူရေးရာ ပေါ်ပေါက်လာပုံနှင့် ဌာန၏ မျှော်မှန်းချက်(vision)ဖြစ်သည့် စားသုံးသူများလုံခြုံစိတ်ချမှုရှိစေရန်၊ ရည်မှန်းချက် (Mission) ဖြစ်သည့် စားသုံးသူ အခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေး ဆောင်ရွက်ရန်၊ အစားအသောက်များတွင်ပါဝင်သည့် ဓာတုဆိုးဆေးများ၏ ဆိုးကျိုးများအကြောင်းရှင်းလင်းပြောကြားပြီး၊ မိမိတို့ဌာနတွင် ဖွင့်လှစ်ထားရှိသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်တန်းမှုလက်ခံဆောင်ရွက်ရေးစင်တာ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပြီး စားသုံးသူတို့၏ အခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများကြုံတွေ့လာပါက လာရောက်တိုင်ကြားနိုင်ကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန်းထိုက်အောင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒေါ်သိမ့်သိမ့်ထွန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးကြဲဒေါင်းတို့က ဟောပြောခဲ့ပြီး ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ်များ ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။

**သန်းသန်းဝင်း (ကလေးမြို့)**

## မအူပင်ခရိုင်၊ မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ(အ. ထ. က) ကျောင်းတွင် စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မအူပင်ခရိုင်၊ မအူပင်မြို့နယ် ရေလဲကလေး(အ. ထ. က) ကျောင်း အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၁၄ ရက်က စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် အစီအစဉ်(၆)ရပ်ဖြင့် ကျင်းပခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးလှဌေးမှ အဖွင့်အမှာစကား ပြောကြား၍ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူများဘေးအန္တရာယ် ကင်းရှင်းစွာ နေထိုင်စားသောက်တတ်ရန် ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက ကုလသမဂ္ဂ လူ့အခွင့်အရေး အကြောင်းများနှင့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် လက်ခံဆောင်ရွက်ရေးစင်တာအကြောင်းများကိုအကျယ်တဝင့် ဆွေးနွေး ပြီး၊ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ မူဝါဒလေ့လာရေးနှင့် စာရင်းအင်းဌာနခွဲမှူး ဒေါ်မြစန်းမှ ကမ္ဘာ့စားသုံးသူများနေ့ဖြစ်ပေါ်လာပုံနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်းကိုဆရာ/ဆရာမနှင့် ကျောင်းသား/ကျောင်းသူများအား အသေးစိတ် ဟောပြော ဆွေးနွေးခဲ့ပါသည်။

အခမ်းအနားသို့ ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ ၄၂၅ ဦး တက်ရောက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**Consumer MT**

## မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ (၁၀/၂၀၁၈)လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၀/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း/အမှုထမ်းများ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်သူနှင့် ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ အောင်မြင့်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး ဦးမြင့်ဇော်ဦးမှ ယခင်(၉/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ (၁/၂၀၁၈)ဖြင့် ထုတ်ပြန်ကြေညာခဲ့သော ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကုန်စည်များတွင် မြန်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပါရှိရန် ဆွေးနွေး တင်ပြခဲ့ခြင်း၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်များမှလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ပြီး၊ ဆွေးနွေးမှုများအပေါ် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူမှ ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

**သီတာဝင်း (စားသုံးသူ၊ မန္တလေး)**



## ဇီဒန်းကို နည်းပြအဖြစ် ခန့်အပ်ရန် မန်ယူနှင့် ဘိုင်ယန်တို့ အပြိုင်ဖြစ်လာ

လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေသည့် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းကို နည်းပြအဖြစ်ခန့်အပ်ရန် မန်ယူအသင်းနှင့်အပြိုင် ဘိုင်ယန်မြူးနစ်အသင်းကလည်း ကြိုးပမ်းနေကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိနည်းပြ မော်ရင်ဟိုကို ထုတ်ပယ်ပြီး ဇီဒန်းကို အစားထိုးခန့်အပ်မည်ဟု သတင်းများ ပေါ်ထွက်နေချိန်တွင် ဇီဒန်းကလည်း မန်ယူအသင်းကို ကိုင်တွယ်လိုကြောင်း သတင်းများ ပေါ်ထွက်ခဲ့ဖူးသည်။

လက်ရှိအချိန်တွင် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ရလဒ်ပိုင်း ဆိုးရွားနေခြင်းကြောင့် အသင်းနည်းပြ နီကိုကိုဗက်ကို ထုတ်ပယ်ပြီး ဇီဒန်းကို အစားထိုးခန့်အပ်ရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ဘိုင်ယန်မြူးနစ်အသင်း၏ ဇီဒန်းအပေါ် စိတ်ဝင်စားလာခြင်းမှာ တစ်ဖက်တွင် မန်ယူအသင်းနည်းပြ မော်ရင်ဟိုအတွက် နည်းပြထိုင်ခုံနေရာကို ပိုလုံခြုံစေလာခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြ အပြောင်းအလဲကို အမြန်ဆုံးပြုလုပ်လာဖွယ်ရှိနေကြောင်းကိုလည်း ဂျာမန်မီဒီယာများက ရေးသားဖော်ပြနေကြသည်။

နီကို ကိုဗက်သည် ဘိုင်ယန်မြူးနစ်အသင်းကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ နီကို ကိုဗက်လက်ထက်တွင် ဘိုင်ယန်မြူးနစ်အသင်းမှာ ရလဒ်ပိုင်း ဆိုးရွားနေပြီး ပွဲစဉ်(၁၁)အပြီးတွင် ပထမနေရာမှ ဒေါ့မွန်အသင်းနှင့် ခုနစ်မှတ်အကွာ အဆင့်(၅)တွင် ရောက်ရှိနေခြင်းကြောင့် အသင်းတာဝန်ရှိသူများက ၎င်းကိုထုတ်ပယ်ပြီး ဇီဒန်းကို အစားထိုး ခန့်အပ်သွားရန် ပြင်ဆင်နေခြင်းဖြစ်သည်။



## ပရီးမီးယားလိဂ်တွင် လာမည့်ရာသီ၌ VAR စနစ်ကိုအသုံးပြုရန် အတည်ပြု

အင်္ဂလန်ပရီးမီးယားလိဂ်တွင် လာမည့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမှ စပြီး VAR (ဗွီဒီယိုလက်ထောက်ဒိုင်) စနစ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း အတည်ပြုလိုက်ပြီဖြစ်သည်။ ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် VAR စနစ်ကိုအသုံးပြုခဲ့ရာ ဝေဖန်မှုအချို့ရှိခဲ့သော်လည်း အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုအတိုင်းအတာတစ်ခု ရရှိခဲ့သည့် VAR စနစ်ကို ယခုနှစ် ဘောလုံးရာသီတွင် ဂျာမန်ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲနှင့် အီတလီစီးရီးအေတို့တွင် အသုံးပြုနေပြီဖြစ်သည်။ လာမည့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲနှင့် အင်္ဂလန်ပရီးမီးယားလိဂ်ပြိုင်ပွဲတို့တွင် VAR စနစ်ကို အသုံးပြုရန် လျာထားလျက်ရှိရာ ယခုအချိန်တွင် အင်္ဂလန်ပရီးမီးယားလိဂ်၌ VAR စနစ်ကို အသုံးပြုသွားရန် မဲပေးဆုံးဖြတ်ကာ အတည်ပြုချက်ရယူလိုက်ပြီဖြစ်သည်။

ဘောလုံးပြိုင်ပွဲများတွင် VAR စနစ်ကိုအသုံးပြုလာခြင်းကြောင့် ဘောလုံးပရိသတ်များအတွက် ဘောလုံးရသ ပျောက်ဆုံးလာရသည်ဟု ဝေဖန်မှုများ ပေါ်ထွက်နေသော်လည်း ဘောလုံးပြိုင်ပွဲများတွင် တိကျသည့် အဖြေများကို ရရှိခြင်းကြောင့် VAR စနစ်ကို ဆက်လက်အသုံးပြုသွားရန် သက်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်များက ဆုံးဖြတ်လာကြခြင်းဖြစ်သည်။

## မန်စီးတီးအသင်း ဂျူနီယာဖာပိုကို ခေါ်ယူရန် ပြင်ဆင်




မန်စီးတီးအသင်းသည် ဘက်တစ်အသင်းမှ စပိန်ယူ-၂၁ ကစားသမား ဂျူနီယာဖာပိုကိုခေါ်ယူရန် ပြင်ဆင်နေကြောင်းသိရသည်။ အသက်(၂၂) နှစ်ရှိ ဂျူနီယာဖာပိုသည် ဘက်တစ်အသင်း၏ ဘယ်နောက်ခံနေရာတွင် ခြေစွမ်းပြနေသူဖြစ်ပြီး တိုက်စစ်ပိုင်းကို လိုက်ပါပံ့ပိုးမှု အထူးကောင်းမွန်သူဖြစ်သည်။

လက်ရှိအချိန်တွင် မန်စီးတီးအသင်း နောက်ခံကစားသမား မန်ဒီမှာ ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရခြင်းကြောင့် နည်းပြ ဂွါဒီယိုလာအတွက် အခက်တွေ့နေခြင်းဖြစ်သည်။ မန်ဒီသည် မန်စီးတီးအသင်း၏ ဘယ်နောက်ခံနေရာတွင် အထူးခြေစွမ်းပြနေပြီးအသင်းဖော်များ ဂိုးသွင်းယူနိုင်ရေးအတွက်လည်း များစွာအထောက်အကူပေးနေသူဖြစ်သည်။ သို့သော် မန်ဒီမှာ မကြာခဏ ဒဏ်ရာပြဿနာ ကြုံတွေ့နေရခြင်းကြောင့် ၎င်းမကစားနိုင်သည့်အချိန်များတွင် ၎င်းနှင့် ခြေစွမ်းညီကစားသမားတစ်ဦးကိုအစားထိုးနိုင်ရန်လိုအပ်နေသည်။ ထို့ကြောင့် နည်းပြဂွါဒီယိုလာအနေဖြင့် ဘက်တစ်အသင်းတွင် ခြေစွမ်းပြနေသည့် ဂျူနီယာဖာပိုကိုခေါ်ယူရန် အပူတပြင်း ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ဂျူနီယာဖာပိုကို ခေါ်ယူမည်ဆိုပါက ပေါင် ၄၄ သန်းပေးရမည်ဖြစ်သည်။



## ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ အီမာဆင်ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်း

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် အက်သလက်တီကိုမီနိုင်ရိုအသင်းမှ ဘရာဇီးလူငယ်ကစားသမား အီမာဆင်ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

အသက်(၁၉)နှစ်သာရှိသေးသည့် အီမာဆင်သည် ဗဟိုခံစစ်ကစားသမားတစ်ဦးဖြစ်ပြီး အက်သလက်တီကိုမီနိုင်ရိုအသင်းတွင် ခြေစွမ်းပြကစားနေခြင်းကြောင့် ဥရောပဘောလုံးကင်းထောက်များ၏ မျက်စိကျခြင်းကို ခံလာရသူဖြစ်သည်။

အီမာဆင်သည် ဘရာဇီးလူငယ်လက်ရွေးစင် ကစားသမားတစ်ဦးဖြစ်သလို ချယ်လ်ဆီးနောက်ခံကစားသမား ဒေးဗစ်လုဇ်ကဲ့သို့ ခြေစွမ်းမျိုးရှိနေကြောင်း ချီးမွမ်းပြောဆိုနေကြသည်။ ယခုအချိန်တွင် ၎င်းကစားသမားကို ခေါ်ယူနိုင်ရေးအတွက် ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ကြိုးပမ်းနေကြပြီး အီမာဆင်၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၈ သန်းဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်ပိုင်းကို အဓိကပြင်ဆင် ပြောင်းလဲသွားမည်ဖြစ်သော်လည်း အနာဂတ် ခံစစ်ပိုင်းအတွက် လူငယ်ကစားသမားကို ခေါ်ယူအားဖြည့်ထားရန် ပြင်ဆင်နေသည်။


ထို့အတူ အာဆင်နယ်အသင်းသည်လည်း ခံစစ်ပိုင်းအားနည်းနေမှုကိုပြင်ဆင်ရန်အတွက် ဗဟိုခံစစ်ကစားသမားတစ်ဦး လိုအပ်နေခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် အီမာဆင်သည် အသက်ငယ်ရွယ်သေးသော်လည်း ထိပ်တန်းအသင်းကြီး တစ်သင်းတွင် ကစားနိုင်သည့် ခြေစွမ်းမျိုးကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

## ရမ်ဆေး၏ ဘိုင်ယန်မြူးနစ်သို့ အပြောင်းအရွှေ့မှာ သေချာသွားပြီဖြစ်

အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမား ရမ်ဆေးသည် ယခုနှစ်ကုန်တွင် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရန် သေချာသွားပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

အသက်(၂၇) နှစ်ရှိ ရမ်ဆေးသည် ယခုနှစ်ရာသီကုန်တွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ရာ ၎င်းကစားသမားက အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း တိုးလိုသော်လည်း မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာခြင်းကြောင့် အသင်းပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းနည်းပြ အူနိုင်းအမ်မရီလက်ထက်တွင် ရမ်ဆေးမှာ ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ အရန်ကစားသမားအဖြစ်သာ ပွဲထွက်ခွင့် ရရှိနေခြင်းဖြစ်သည်။




ရမ်ဆေးသည် နည်းပြ အူနိုင်းအမ်မရီ၏ အကြိုက်ကစားသမားထဲတွင် ပါဝင်နေခြင်းမရှိသည်ကိုလည်း ၎င်းကစားသမားက သိနေခြင်းကြောင့် ပုံမှန်ပွဲထွက်ခွင့် ရရှိမည့်အသင်းသို့ ပြောင်းရွှေ့ရန် ယခုနှစ် ရာသီအစပိုင်းကပင် ပြင်ဆင်လာခဲ့ခြင်းလည်းဖြစ်သည်။ ရမ်ဆေးသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့တော့မည်ဖြစ်ရာ ထိုသို့ ဘိုင်ယန်မြူးနစ်လို အသင်းမျိုးတွင် ကစားရမည်ကို ရင်ခုန်နေကြောင်းရမ်ဆေးက ထုတ်ဖော်ပြောကြားခဲ့သည်။

## စာမျက်နှာ (၁၈) အမျိုးအစား အရည်အသွေး . . . . မှအဆက်

ဒါပေမယ့်လည်း နိုဝင်ဘာ ၆ ရက်မှာ အသီးနုပြီး အရည်အသွေး မပြည့်သေးတဲ့ ရှမ်းဖရဲသီးတွေ အဝင်များလာတာကြောင့် ဈေးပြန်နိမ့်စပြုခဲ့ကာ အသီးအဝင်များတဲ့နေ့တွေမှာ ဈေးနိမ့်ပြီး အဝင်ပါးတဲ့နေ့တွေမှာတော့ အရည်အသွေးကိုမူတည်ပြီး ဈေးကောင်းရနေတယ်လို့ သိရပါတယ်။ နိုဝင်ဘာ ၆ ရက်အထိ သခွားမွှေး အဝင်မရှိသလောက်ပါပဲလို့ ပွဲရုံများထံမှသိရပြီး အသီးများဖော်နေပြီလို့လည်း တောင်သူများထံမှ သိရပါတယ်။ နိုဝင်ဘာ ၁၀ ရက်မှစကာ ရွှေသခွားမွှေးများတင်ပို့မှု ရှိလာခဲ့ကာ ဈေးကောင်းမိနေတာကြောင့် ထပ်ဖော်မယ့် တောင်သူတွေကလည်း အားတက်နေတယ်လို့ သိရပါတယ်။ အရည်အသွေးကောင်းကောင်းဆိုရင်တော့ဖြင့် ဈေးကလည်း ကောင်းကောင်းပေးနေတယ်လို့ ကုန်သည်အသိုင်းအဝိုင်းကဆိုပါတယ်။ ထို့ကြောင့် ဖြစ်ပေါ်နေတဲ့ ဖရဲ၊ သခွားဈေးကွက်ကို သုံးသပ်ကြည့်ပါက မြန်မာ့ဖရဲ၊ သခွားဟာ ဝယ်လက် ရှိနေပေမယ့် အထွက်နှုန်းကောင်းကောင်းနဲ့ အရည်အသွေးမီမီ ထုတ်လုပ်ရန်၊ သွင်းအားစုများကို ဈေးချိုသာစွာရရှိစေရန်၊ နည်းပညာအသုံးပြုစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်နေပြီး ခိုင်မာသော ဈေးကွက်ထောက်ပံ့မှုတို့ကို စနစ်တကျလုပ်ဆောင်ပေးခြင်းအားဖြင့် ကုန်သွယ်မှုပိုမိုမြင့်တက်လာကာ စိုက်ပျိုးသူများကို အကျိုးရှိစေမယ်ဆိုတာ သိသာထင်ရှားလှပါတယ်။

မြန်မာနိုင်ငံမှ ဖရဲ၊ သခွားမွှေးတင်ပို့မှု ကို လေ့လာကြည့်ရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် ဧပြီ မှ ၂၀၁၈ ခုနှစ် မတ်လအထိ) တွင် ဖရဲသီးတန်ချိန် ၈ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၇ သန်းကျော်ကိုတင်ပို့ခဲ့ပြီး သခွားမွှေး တန်ချိန် ၁ သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ သန်းပေါင်း ၂၅ သန်းခန့်တင်ပို့ခဲ့ကာ စုစုပေါင်းတင်ပို့မှုကို အောက်ပါအတိုင်းတွေ့ရပါတယ်။

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**
**ကီလိုထောင်ပေါင်း**

| စဉ် | သစ်သီးအမျိုးအစား | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် | |
|---|---|---|---|
| | | တန်ချိန် | တန်ဖိုး |
| (က) | ဖရဲသီး | ၈၀၀၄၀၅ | ၇၇. ၄၅၇ |
| (ခ) | သခွားမွှေး | ၁၂၆၁၉၁ | ၂၅. ၇၃၈ |
| | **စုစုပေါင်း** | **၉၂၆၅၉၆** | **၁၀၃. ၁၉၅** |

ထို့ပြင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဖရဲတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၀၄ သန်း တန်ဖိုးရှိဖရဲသီးတန်ချိန်၄ သောင်းခွဲကျော်၊ ကားအစီးရေ ၃၅၀၀ စီးကျော်ကို တင်ပို့ခဲ့ကြောင်းသိရပြီး သခွားတင်ပို့မှုမှာ နိုဝင် ဘာ ၁၀ ရက်နေ့မှ စတင်တင်ပို့မှုရှိခဲ့ကာ နိုဝင်ဘာ ၁၅ ရက်အထိ စုစုပေါင်းကားအစီးရေ ၁၂ စီး၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်း တန်ဖိုးရှိ သခွားမွှေး ၉၃ တန်ခန့်ကို တင်ပို့မှုစတင်ခဲ့ကြောင်းကိုလည်း မြေပြင်စာရင်းအရ သိရပါတယ်။

လောလောဆယ် အရောင်းအဝယ်ဖြစ်နေသော ရွှေသခွားမွှေး၏ KG ဈေးမှာ ၅ ဒသမ ၈ ယွမ်မှ ၆ ဒသမ ၅ ယွမ်ဖြစ်ကာ ငွေဈေးမှာ တစ်ယွမ်လျှင် ၂၂၅ ကျပ်ရှိကြောင်း ဖရဲ၊ သခွား ကုန်စည်ဒိုင်များမှ သိရပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလက သခွားမွှေး တစ်တန်လျှင် အနိမ့်ဆုံးဈေး ယွမ် ၁၅၀၀ မှ အမြင့်ဆုံးဈေး ယွမ် ၈၅၀၀ ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် သခွားမွှေးတစ်တန်လျှင် အနိမ့်ဆုံးဈေး ယွမ် ၁၀၀၀ မှ အမြင့်ဆုံးဈေး ယွမ် ၆၂၀၀ ရရှိခဲ့ပါတယ်။ နှစ်စဉ်တင်ပို့မှုမှာလည်း ပိုမိုများပြားလျက်ရှိပါတယ်။ သခွားမွှေးကို နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတွေမှာ တင်ပို့မှုများပြားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီမှ ဇန်နဝါရီလအထိ သခွားမွှေးတန်ချိန်၄၄၄၁၅ ဒသမ ၅ တန်၊ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၇၁ သန်း တင်ပို့ခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီမှ ဇန်နဝါရီလအထိ သခွားမွှေးတန်ချိန် ၅၆၉၃၇ ဒသမ ၅ တန်၊ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၁၅ သန်း တင်ပို့ခဲ့ကြောင်းကိုလည်း အချက်အလက်များအရ သိရပါတယ်။

ဖရဲသီးဟာ ကမ္ဘာတစ်ဝန်းလူကြိုက်များတဲ့ သီးနှံအမယ်ဖြစ်ကာ အလှဆင်မွမ်းမံထားတဲ့ ဖရဲသီးတွေဟာ ပွဲကြီးပွဲလမ်းများမှာ အဆင်တန်ဆာတစ်ခု ဖြစ်နေပါတယ်။ ဖရဲကို အလုံးပုံစံနဲ့သာမက ပုံဖော်ပြီး စိုက်ပျိုးမှုများပြုလုပ်ကာ အချို့ကလည်း ဈေးကွက်ထဲမှာ အမြင်ဆန်းဆန်းထိုးဖောက်နေတာလည်း တွေ့ရပါတယ်။ တရုတ်နိုင်ငံဟာ ဖရဲကို ကိုယ်တိုင်စိုက်ပျိုးတင်ပို့နေသလို အိမ်နီးချင်းမြန်မာနိုင်ငံရဲ့ မြေကိုင်ဘွားရမ်းစိုက်ပျိုးကာ မြန်မာနိုင်ငံထွက် ဖရဲများကို တရုတ်ပြည်တွင်းသို့အများအပြား တင်ပို့နေတာကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာမှာသာမက ဗီယက်နမ်မှလည်း ဖရဲအများအပြား ဝယ်ယူဖို့ ၂၀၁၇ ခုနှစ်ကတည်းက စာချုပ်ချုပ်ဆိုထားတာကို ဗီယက်နမ်သတင်းများမှ သိရှိရပါတယ်။ သတင်းများအရ တရုတ်နိုင်ငံအနေနဲ့ ဖရဲစိုက်ပျိုးထုတ်လုပ်မှုဟာ နှစ်စဉ်တိုးနေပြီး တရုတ်ပြည်တွင်းမှ ၂၀၁၃ ခုနှစ်မှာ ၇၂ မီလီယံတန်ထွက်ခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ ၇၇ ဒသမ ၅ မီလီယံတန်အထိ တိုးတက်ထွက်ရှိခဲ့တာကို သိရပါတယ်။

ဒါပေမယ့်လည်း နှစ်စဉ် ဖရဲတန်ချိန် ၂ သိန်းခန့်ကို တင်သွင်းနေကာ တင်သွင်းမှုများတဲ့ နိုင်ငံထဲမှာ ဗီယက်နမ်လည်းပါပါတယ်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံဟာ တရုတ်နိုင်ငံက သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းမီအောင် စိုက်ပျိုးတင်ပို့ရန် ကြိုးပမ်းနေပါတယ်။ မိမိတို့နိုင်ငံဟာ ရေမြေအနေအထားအရ အားသာချက်တွေရှိနေပါတယ်။ ရာသီဥတုအရ ဖရဲစိုက်ပျိုးရန်လည်း သင့်တော်လှပါတယ်။ ကြီးမားတဲ့ ဈေးကွက်ကြီးကလည်း အဆင်သင့်စောင့်နေပါတယ်။ ထို့ကြောင့် မိမိတို့နိုင်ငံသားများအနေနဲ့ ရှိရင်းစွဲဈေးကွက်ကိုလည်း မပျက်စီးရလေအောင်၊ ပြိုင်ဘက်နိုင်ငံများနှင့်လည်း ယှဉ်ပြိုင်တင်ပို့နိုင်အောင် ပူးပေါင်းထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့ အချက်အလက်များအရ အသီးပေါပေါများများ ဝင်လာတဲ့အခါ အရည်အသွေးမမီတဲ့ အသီးညံ့များကို ရောနှောတင်ပို့တာကြောင့် ဈေးပျက်ရသလို မျက်နှာလည်း ပျက်ရတာကို သိရှိကြပြီးဖြစ်ပါတယ်။ ဈေးကွက်ဆိုသည်မှာ ရရှိရန် ခက်ခဲလှပြီး ရေရှည်ထိန်းသိမ်းစောင့်ရှောက်မှသာ ခိုင်မာတည်တံ့တာကြောင့် ဈေးကွက်ထိန်းသိမ်းဖို့ကို စဉ်းစားသင့်လှပါတယ်။ တစ်နှစ်စိုက်ပျိုးတင်ပို့လိုက်တာနဲ့ ပြီးဆုံးတာမဟုတ်ဘဲ ရေရှည် ဆက်ဆံရေး ခိုင်မာမှသာ နှစ်ဦးနှစ်ဖက် အကျိုးများမှာ ဖြစ်ပါတယ်။ ဖရဲ၊သခွားစိုက်တောင်သူများ အရည် အသွေးမီ အထွက်နှုန်းတိုးရန်အတွက် မျိုးစေ့နဲ့ နည်းပညာ ပံ့ပိုးပေးခြင်းများကို ကူညီပံ့ပိုးပေးနိုင်ရန်၊ ဈေးကွက်ခိုင်မာစေရေး ပံ့ပိုးကူညီနိုင်ရန်၊ အသိပညာများ တိုးပွားစေရေး ဆက်လက် အကောင်ထည်ဖော် ဆောင်ရွက်ပေးနိုင်စေရန်ရည်ရွယ်၍ ဖရဲ၊ သခွားအကြောင်း တစ်စေ့တစ်စောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**Sources: Worldtopexport.com**
**https://vietnamnews.vn**
**ဈေးကွက်သတင်းလွှာ**

■

## စာမျက်နှာ (၁၂) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်စတွင် . . မှအဆက်

EXIM Codes: 07133100၊ 07136000၊ 07139010 နှင့် 07139090 တို့အောက်ရှိ ပဲစင်းငုံ တန်ချိန်နှစ်သိန်း၊ မတ်ပဲတန်ချိန် ၁ ဒသမ ၅ သိန်းနှင့် ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၅ သိန်းတို့အား တင်သွင်းခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းများကို ထပ်မံထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အရေအတွက်ကန့်သတ်ချက်သည် မြန်မာနိုင်ငံတစ်ခုတည်းသို့ ခွင့်ပြုပေးသည့် Quota သတ်မှတ်မှုမဟုတ်ဘဲ နိုင်ငံအားလုံးမှ တင်သွင်းခွင့်ပြုသွားမည့် အရေအတွက်ဖြစ်ပါ သည်။

အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံတင်သွင်းခွင့်မူဝါဒ အပြောင်းအလဲများကို မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ သိရှိနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားခြင်း၊ ကောမတ်စ်ဂျာနယ်တွင် ထည့်သွင်းဖော်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

### ရေရှည်အတွက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ MoU ရေးထိုးနိုင်ရေး ဆောင်ရွက်ခြင်း

မြန်မာ-အိန္ဒိယ ပဲဝယ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလကတည်းက အိန္ဒိယနိုင်ငံဘက်မှ G to G စနစ်ဖြင့် မြန်မာနိုင်ငံမှ ပဲဝယ်ယူလိုကြောင်း Protocol of Intention for Trade and Co-operation Protocol ခေါင်းစဉ်ဖြင့် နှစ်နိုင်ငံ သဘောတူညီချက်လက်မှတ်ရေးထိုးရန် ပထမဆုံးအကြိမ် ကမ်းလှမ်းလာခဲ့ပြီး MoU ရေးထိုးနိုင်ရန် စတင်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ MOU (မူကြမ်း)အပေါ် မိမိတို့ဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းအစည်းအဝေးများကျင်းပပြီး မိမိတို့ဘက်မှ ပြင်ဆင်ဖြည့်စွက်ထားသော MoU မူကြမ်းအား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အိန္ဒိယနိုင်ငံသံရုံးသို့ ၂၀၁၆ ရက် အောက်တိုဘာ ၅ ရက်တွင် ပေးပို့ခဲ့သော်လည်း အိန္ဒိယနိုင်ငံဘက်မှ အကြောင်းပြန်ကြားမှုမရှိခဲ့သည့်အတွက် အချိန်ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပါသည်။

၎င်းတို့ဘက်မှ စတင်အဆိုပြုလာသည့် နားလည်မှုစာချွန်လွှာ (မူကြမ်း)တွင် အပိုဒ် (၁၀)ခု ပါဝင်ပြီး Article (3) ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများတွင် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံတို့ကို ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် အထိ ငါးနှစ်စာ နှစ်စဉ် ဝယ်ယူမည့် တန်ချိန်များကို ဖော်ပြထားပြီး ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၉ သိန်းအား ဝယ်ယူသွားရန်၊ မြန်မာနိုင်ငံမှ ပဲများကို အိန္ဒိယနိုင်ငံတွင် အစိုးရ ဝယ်ယူမှုအတွက် သတ်မှတ်ကြေညာသည့် အနိမ့်ဆုံးဈေး (minimum support price) အပေါ် အခြေခံ၍ ဝယ်ယူမှုနှင့် သယ်ယူပို့ဆောင်မှုအတွက် သင့်လျော်သော ညှိနှိုင်းသတ်မှတ်မှု များ နှင့်အတူ ဝယ်ယူရန်၊ Article (4) လုပ်ပိုင်ခွင့် အာဏာရှိသူအပိုင်းတွင် အိန္ဒိယဘက်မှ MMTC နှင့် STC တို့မှ ကျွမ်းကျင်ထိန်းချုပ်ရေး အာဏာပိုင် (Competent Authority) အဖြစ် ဆောင်ရွက်သွားရန် ဖော်ပြထားပါသည်။

မြန်မာဘက်မှ MOU (မူကြမ်း) အား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးမှုအရ ပြင်ဆင်ထားသည့် မူကြမ်းပါ Article (3) တွင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ကို ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၆ သိန်းအား တစ်လလျှင် တန်ချိန် ၅ သောင်းဖြင့် အခြေခံဈေးထက် မနိမ့်ကျသည့် ကာလပေါက်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်ရန်၊ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်မှုအပေါ် အခြေခံ၍ နောင်နှစ်များတွင် ဆက်လက် ရောင်းချမည့်ပမာဏကို နှစ်စဉ်ညှိနှိုင်းပြင်ဆင်ရန်နှင့် Article (4) တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ကျွမ်းကျင် ထိန်းချုပ်ရေးအာဏာပိုင် (Competent Authority) အဖြစ် ဆောင်ရွက်သွားရန် ဖော်ပြခဲ့ပါသည်။

ဆက်လက်ပြီး MoU ပါအချက်အလက်များ ပိုမိုခိုင်မာစေရန်အတွက် သက်ဆိုင်ရာ အသင်းအဖွဲ့များ နှစ်နိုင်ငံတာဝန်ရှိသူများ အကြိမ်ကြိမ်ညှိနှိုင်းပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါ နားလည်မှုစာချွန်လွှာ (မူကြမ်း)အား အိန္ဒိယနိုင်ငံဘက်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်လက်ပေးပို့နိုင်ရန် ဆောင်ရွက်နေပြီး များမကြာမီ တရားဝင်လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ပါသည်။



၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံအစိုးရမှ ထုတ်ပြန်ခဲ့သည့် ပဲတင်သွင်းမှု ကန့်သတ်မှုမူဝါဒများကြောင့် ယခင်နှစ်က မတ်ပဲနှင့် ပဲစင်းငုံများ ဈေးနှုန်းကျဆင်းခဲ့ပြီး ပဲတင်ပို့မှုတန်ဖိုးပါ လျော့နည်းခဲ့ရသော်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ခေါင်းဆောင်သော ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ နိုင်ငံအသီးသီးသို့ စေလွှတ်ထားသည့် စီးပွားရေးသံမှူးများအား ပဲဈေးကွက်သစ်များ ရှာဖွေတင်ပြစေခဲ့ခြင်း၊ ဈေးကွက်လိုအပ်ချက်အရနှင့် ဈေးကွက်တစ်ခုတည်းကို မှီခိုရခြင်းအစား ဈေးကွက်များကျယ်ပြန့်ရန် (market diversification) လိုအပ်သဖြင့် အခြားဈေးကွက်များ တိုးချဲ့ရှာဖွေခဲ့ခြင်းအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းတို့ကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုဘဏ္ဍာနှစ်တွင် ပဲတင်ပို့မှု ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ထို့ပြင် အိန္ဒိယနိုင်ငံဘက်မှ G to G စနစ်ဖြင့် မြန်မာနိုင်ငံမှ ပဲဝယ်ယူလိုကြောင်း Protocol of Intention for Trade and Co-operation Protocol ခေါင်းစဉ်ဖြင့် နှစ်နိုင်ငံ သဘောတူညီချက် (MoU) လက်မှတ်ရေးထိုးရန် ကမ်းလှမ်းခဲ့မှုအပေါ် အပြီးသတ်ညှိနှိုင်းလက်မှတ်ရေးထိုးနိုင်တော့မည် ဖြစ်သည့်အတွက် ပဲတင်ပို့မှုကဏ္ဍမှာ ဈေးကွက်ပိုမိုခိုင်မာစွာ ရရှိလာမည်ဖြစ်ပြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



# လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ဖို့ ဆိုလျှင်.....

## DOCA (Domestic)

### အထည်ချုပ်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ပပို့ကုန်မြင့်မားရေးဆီသို့

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) ၏ ဦးစားပေးကဏ္ဍများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍသည် မြန်မာနိုင်ငံ၏ တိုးတက်မှုအကောင်းဆုံး ပို့ကုန်ကဏ္ဍတစ်ခုဖြစ်ပြီး ပို့ကုန်ဦးဆောင်သော တိုးတက်မှုကိုဖော်ဆောင်ရာတွင် အဓိကကျသောအခန်းကဏ္ဍက ပါဝင်ပေသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် အထည်အလိပ်ကဏ္ဍမှ ပို့ကုန်မှာ နှစ်စဉ်တိုးတက်မြင့်မားလျက်ရှိနေရာ ပြည်ပပို့ကုန်တိုးတက်ရေးဖော်ဆောင်ရာတွင် များစွာ အထောက်အကူပြုပေသည်။ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးလာမှုသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်မှုတို့အတွက်လည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။ လက်ရှိအခြေအနေတွင် အထည်ချုပ်ကဏ္ဍသည် ဖွံ့ဖြိုးမှုမြန်ဆန်ရုံသာမက ရေရှည်ဖွံ့ဖြိုးမှု အလားအလာကောင်းများစွာရှိနေပေသည်။ အထည်ချုပ်ကဏ္ဍမှ အလုပ်အကိုင်များတွင်လည်း အမျိုးသမီးလုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိဖို့ရန် အလားအလာကောင်းများစွာ ရှိနေပေသည်။ နိုင်ငံတစ်ဝန်း၌ အထည်ချုပ်စက်ရုံ ၅၀၀ နီးပါးရှိနေပြီး မြန်မာနိုင်ငံ၏အထည်ချုပ်လုပ်ငန်းတွင် လုပ်သားအင်အားဦးရေ (၅) သန်းဝန်းကျင်ရှိနေကြောင်း သိရှိရပေသည်။ အဆိုပါ ပမာဏသည် မြန်မာနိုင်ငံ လုပ်သားအင်အားတွင် အလုပ်အကိုင်ရရှိမှု၏ ၂၃ ဒသမ ၅ ရာခိုင်နှုန်းမှာ အထည်အလိပ်လုပ်ငန်းကဏ္ဍမှ ရရှိခြင်းပင်ဖြစ်ပေသည်။

ထိုကဲ့သို့ အထည်ချုပ်ကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲရန်လိုအပ်ပြီး ထုတ်ကုန် များအား နိုင်ငံတကာဈေးကွက်၊ ဥရောပဈေးကွက်အပြင် စီးပွားရေးရှုထောင့်က ကြည့်မည်ဆိုပါက ရေရှည် ယှဉ်ပြိုင်မှု ခိုင်မာရန်လိုအပ်ပေသည်။ ထို့ပြင် လုပ်ငန်းခွင်အခြေအနေများ ပိုမိုကောင်းမွန်လာစေခြင်း၊ ဘေး အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ဖြစ်စေခြင်းတို့မှာလည်း ရေရှည်ဖွံ့ဖြိုးမှုအတွက် သော့ချက်များပင်ဖြစ်ပေသည်။ အထည်ချုပ်လုပ်ငန်းသည် မြန်မာ့စီးပွားရေး၏ အဓိကလုပ်ငန်းအဖြစ် တစ်ရှိန်ထိုး တိုးတက်လာခြင်းနှင့်အတူ နိုင်ငံခြားဝင်ငွေအမြောက်အမြား ရရှိသောကဏ္ဍဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးရုံသာမက ပြည်သူများ၏ ဘဝနေထိုင်မှုစံနှုန်းများကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပေသည်။ အထည်ချုပ်ကဏ္ဍတိုးတက်ရေး၊ ပြည်ပတင်ပို့မှုတိုးမြှင့်ရေးတို့အတွက် ၁၀နှစ် မဟာဗျူဟာကို မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပေသည်။ သို့သော် လက်ရှိအခြေအနေ၌ အထည်ချုပ်ကဏ္ဍသည် Cut-make-pack (CMP) စနစ်ကိုသာ အဓိကလုပ်ကိုင်နိုင်ပြီး မြန်မာနိုင်ငံက ချုပ်ခအနေဖြင့် တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းသာရရှိသဖြင့် ၎င်းထက် တန်ဖိုးပိုမိုဖြည့်တင်းပေးနိုင်မည့် Freight of board (FOB) စနစ်သို့ ပြောင်းလဲလုပ်ဆောင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ယခုအခါတွင် ကမ္ဘာ့ဖက်ရှင်ကုမ္ပဏီများ၊ အာရှမှကုမ္ပဏီများ အထူးသဖြင့် တရုတ်နိုင်ငံမှ အထည်ထုတ်လုပ်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြရာ၌ အဓိကအကြောင်းတရားမှာ လုပ်ခသက်သာခြင်းကြောင့်ပင်ဖြစ်ကြောင်း လေ့လာသိရှိရပေသည်။ လုပ်ခ သက်သာခြင်းသည် ရေရှည်တည်တံ့စေမည့် အားသာချက်တစ်ခုတော့မဟုတ်ပေ။ ထို့ကြောင့် လုပ်ငန်းရှင်များ၊ လုပ်သားများအတွက် အဆင်ပြေစေမည့် ကောင်းမွန်သော လုပ်ငန်းပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ကြရန်လည်း လိုအပ်ပေသည်။

လုပ်သားအင်အားများစွာကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်သည့် မြန်မာ့အထည် ချုပ်လုပ်ငန်းကဏ္ဍအတွင်း လုပ်ငန်းရှင်များ၏ အကြီးမားဆုံးပြဿနာမှာ ကျွမ်းကျင်လုပ်သားရှားပါးမှုပင်ဖြစ်ကြောင်း သိရှိရပေသည်။ ထိုသို့ လုပ်သားရှားပါးရခြင်းမှာမူ အထည်ချုပ်ကဏ္ဍရှိ လုပ်သားအများစုမှာ အမျိုး သမီးများဖြစ်ပြီး ရွှေ့ပြောင်းလုပ်ကိုင်ရသည့်ပြဿနာများ၊ မြို့ကြီးများ၏ လူနေမှုစရိတ်ကြီးမြင့်မှုနှင့် အမျိုးသမီးများကို ဥပဒေအရ အကာအကွယ်ပေးနိုင်မှုနည်းပါးခြင်းများ စသည့် အကြောင်းတရားများကြောင့်ပင် ဖြစ်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် ကျွမ်းကျင်လုပ်သားရရှိရေးအတွက် အထည်ချုပ်လုပ်သားများကို သင်တန်းများပေးခြင်း၊ လုပ်သားများရေရှည်တည်မြဲရေးအတွက် အထောက်အပံ့များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်စီမံခန့်ခွဲရေးစနစ်များ တိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင် အားမထိခိုက်စေသော အလေ့အထများ ပေါ်ပေါက်လာစေရန် စက်ရုံအကြံပေးလုပ်ငန်းများ၊ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ လုပ်ဆောင်ပေးခြင်း၊ လုပ်ငန်းခွင်ပျော်ရွှင်စေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် နှစ်လိုဖွယ် ကောင်းသည့် လုပ်ငန်းခွင်ဖြစ်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပေသည်။

ပြည်ပနိုင်ငံများမှ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍတွင် ထဲထဲဝင်ဝင် ပါဝင်ပူးပေါင်းလုပ်ကိုင်လျက်ရှိပြီး လူမှုရေးနှင့် လုပ်ငန်းခွင်အခြေအနေများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိနေကြပေသည်။ EU ရန်ပုံငွေနှင့် ရပ်တည်နေသည့် SMART Myanmar project နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) တို့သည် အထည်ချုပ်ကဏ္ဍမှလုပ်ငန်းများကို ယှဉ်ပြိုင်နိုင်ရည် တိုးတက်စေရန်နှင့် ဆက်လက်တည်တံ့နိုင်စေရန် စူးစိုက်လုပ်ကိုင်ပေးလျက်ရှိပေသည်။ ထိုသို့လုပ်ဆောင်မှုများသည် အထည်ချုပ်ကဏ္ဍအတွက် သိသိသာသာတိုးတက်ကောင်းမွန်သွားမည့် အလားအလာကောင်းများပင်ဖြစ်လေသည်။ ထို့ပြင် ကမ္ဘာ့စီးပွားရေးစကြီးများသည် မြန်မာနိုင်ငံကို ဖြတ်သန်းထားပြီး စီးပွားရေးကြီးထွားမှုနှုန်းမြန်ဆန်ပြီး စီးပွားရေးဖွံ့ဖြိုးမှုမြင့်မားသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ကြားတွင် မြန်မာနိုင်ငံ တည်ရှိနေသည့်အတွက် ပထဝီဆိုင်ရာ အားသာချက်များကို အကျိုးဖြစ်ထွန်းအောင် အသုံးချနိုင်မည်ဆိုလျှင် စီးပွားရေးတိုးတက်မှုနှုန်းမှာ ကြီးမားမြန်ဆန်လာပေမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏အထည်ချုပ်ကဏ္ဍတင်ပို့မှုတိုးတက်လာရခြင်းမှာ EU မှပေးအပ်သည့် ကုန်သွယ်မှု အထူးအခွင့်အရေး (GSP)ပေးအပ်ထားခြင်းကြောင့်မြင့်တက်လာရခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ အဓိကတင်ပို့သည့် နိုင်ငံများအဖြစ် ဂျပန်၊ EU၊ ကိုရီးယား၊ အမေရိကန်တို့မှ ဝယ်ယူနေခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် အထည်အလိပ်ကဏ္ဍနှင့်ပတ်သက်၍ အဆိုပါ ကုန်သွယ်မှု အထူးအခွင့်အရေး (GSP)ကို ပြန်လည်ရုပ်သိမ်းခဲ့ပါက လုပ်သားအင်အားအများစု အထူးသဖြင့် အမျိုးသမီး လုပ်သား ၉၀ ရာခိုင်နှုန်း ကျော်လုပ်ကိုင်လျက်ရှိသော အထည်ချုပ်လုပ်ငန်းများတွင် ထိခိုက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် အထည်အလိပ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှု ရေရှည်တည်တံ့စေရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ အသင်းအဖွဲ့များက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင် ရွက်ကြရမည်ဖြစ်ပေသည်။ ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်အရှိန်အဟုန်မြင့်လာစေရေးနှင့် အလားအလာကောင်းများဖြင့် ရှေ့သို့လှမ်းချီနိုင်ရေးအတွက် အထည်ချုပ်ကဏ္ဍနှင့် ပါဝင်သက်ဆိုင်သူများအားလုံး စိတ်ဝမ်းညီစွာ လက်တွဲလုပ်ဆောင်ကြမည်ဆိုလျှင် အထည်ချုပ်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ပပို့ကုန် မြင့်မားရေးအတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ဆက်လက်ဖော်ပြပါဦးမည်. . .။**

## ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြင်ပနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပထမဆုံးအကြိမ် ကျဆင်း

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အစိုးရကြေညာချက်အရ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ နှစ်စဉ် ပြင်ပနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ကျဆင်းခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

အစိုးရ၏ စာရင်းဇယားများအရ တရုတ်နိုင်ငံ၏ ပြင်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၆ ဒသမ ၁၅ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၁၅၈ဒသမ၂၉ ဘီလီယံအထိ ၁၉ ဒသမ ၃ ရာခိုင်နှုန်း လျော့ကျခဲ့ပါသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ National Bureau of Statistics and State Administration of Foreign Exchange အစီရင်ခံစာအရ ၂၀၀၂ ခုနှစ် data မှတ်တမ်းတွင် ပထမဆုံးအကြိမ် ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါမှတ်တမ်းတွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကိန်းဂဏန်းများတွင် ပြင်ပငွေကြေး အသွင်မဆောင်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသာ ပါဝင်ပြီး ၂၀၀၆ ခုနှစ်၌ ကဏ္ဍအားလုံးတွင် ကိန်းဂဏန်းအချက်အလက်များ ပါဝင်ပါသည်။

အမေရိကန်နိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည် ၂၀၁၇ ခုနှစ်၌ အမေရိကန် ဒေါ်လာ ၆ဒသမ၄၃ ဘီလီယံရှိခဲ့ပြီး ၂၀၁၆ ခုနှစ်ကထက် ၆၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

၂၀၁၇ ခုနှစ်၌ ဥရောပနိုင်ငံများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၆ ဘီလီယံရှိခဲ့ပြီး ၂၀၁၆ ခုနှစ်ကထက် ၇၂ ဒသမ ၇ ရာခိုင်နှုန်း မြှင့်တက်ခဲ့ကြောင်း cnbc ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားပါသည်။

**ခြူးသီရိရွှင်**

# ပေကျင်းအစိုးရမှ တရုတ်ပြည်မကြီးတွင် နေထိုင်သည့် ဟောင်ကောင်သားများအတွက် ဝင်ငွေခွန် ဥပဒေပြင်ဆင်သတ်မှတ်

တရုတ်ဗဟိုအစိုးရမှ တရုတ်ပြည်မကြီးအတွင်း ရက်ပေါင်း ၁၈ ၃ ရက်နှင့်အထက် နေထိုင်သူများအနေဖြင့် တရုတ်နိုင်ငံတွင်းဖြစ်စေ ပြည်ပ၌ ဖြစ်စေရရှိသော ဝင်ငွေအားကြေညာတင်ပြရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်ထုတ်ပြန်ခဲ့သည်။ အဆိုပါ တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ကော်မတီမှ ထုတ်ပြန်ခဲ့သည့် မူဝါဒအသစ်မှာလာ မည့်ဇန်နဝါရီလ ၁ ရက်တွင် စတင် အကျုံးဝင်မည်ဖြစ်ပြီး တရုတ်ပြည်မကြီး အတွင်းရက်ပေါင်း ၁၈၃ ရက်နှင့် အထက်နေထိုင်သည့် မကာအိုနှင့် ဟောင်ကောင်သားများ အနေဖြင့်ဟောင်ကောင်ဒေသနှင့်တရုတ်ပြည်မကြီးအတွင်း နှစ်နေရာလုံးမှ ရရှိသည့် ဝင်ငွေအား ကြေညာတင်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသစ်မပြင်ဆင်မီက တရုတ်ပြည်မကြီးအတွင်း (၁)နှစ်နှင့် အထက်နေထိုင်ပြီး တရုတ်ပြည်မကြီးအတွင်း ဝင်ငွေရရှိသူများသာ အခြား ပြည်ပနိုင်ငံများတွင်ရရှိသည့်ဝင်ငွေအား တင်ပြရန်လိုအပ်ပြီး တရုတ်ပြည်မကြီးတွင် အိမ်ပိုင်ဆိုင်ခြင်းမရှိဘဲ တစ်နှစ်ပြည့်သည်အထိ နေထိုင်ခြင်းမရှိသည့်သူများ အနေဖြင့် တရုတ်ပြည်မကြီးတွင် ရရှိသော ဝင်ငွေသာတင်ပြရန်လိုအပ်ကြောင်း သိရှိရပါသည်။

ယခုပြင်ဆင်သည့် ဥပဒေသစ်တွင် တရုတ်ပြည်မကြီးတွင် ကြာရှည်စွာ နေထိုင်သည် ဖြစ်စေ၊ မနေထိုင်သည် ဖြစ်စေ၊ ၁၈၃ ရက်နှင့်အထက် နေထိုင်သည့်သူများအနေဖြင့် ပြည်ပနိုင်ငံများ တွင်ရှိသည့် အပ်နှံငွေအပေါ်တွင် ရရှိသည့်အတိုး၊ အမြတ်ဝေစု၊ အိမ်ခြံမြေ ရောင်းချခြင်း၊ ငှားရမ်းခြင်းမှရရှိသည့် ဝင်ငွေအပါအဝင် ရရှိသည့်ဝင်ငွေအားလုံးအားတင်ပြရန် လိုအပ်ကြောင်း၊ တရုတ်ပြည်မကြီးတွင် တစ်ဦးချင်း ဝင်ငွေခွန်အား ၃ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်း အတွင်း ခုနှစ်မျိုးခွဲခြားထားကြောင်း၊ ဟောင်ကောင်၏ လစာအခွန်နှုန်းမှာ ၂ ရာခိုင်နှုန်းနှင့် ၁၇ ရာ ခိုင်နှုန်းကြားတွင် ရှိကြောင်း သိရှိရပါသည်။

အခွန်နှစ်ကြိမ်ပေးဆောင်ခြင်းမှ ရှောင်ရှားနိုင်ရန် ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးမှ အာဏာပိုင်များ အကြားသဘောတူညီချက်ဖြင့် အခွန်ပြဿနာကိုဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးတွင် အလုပ်လုပ်ကိုင်ပြီး ဟောင်ကောင်တွင် အခြေချနေထိုင်သည့်သူများအနေဖြင့် ဟောင်ကောင်တွင်သာ ဝင်ငွေခွန်ပေးဆောင်ရန်လျှောက်ထားနိုင်ပြီး တရုတ်ပြည်မကြီးတွင် ပေးဆောင်ရန်မလိုအပ်ကြောင်း၊ သို့သော်လည်း တရုတ်ပြည်မကြီးတွင် တိုက်ခန်းဝယ်ယူသည့်သူများအတွက် အခွန်ကင်းလွတ်ခွင့်ရရှိမည် မဟုတ်သကဲ့သို့ အငြိမ်းစားယူပြီးချိန်တွင် တရုတ်ပြည်မကြီးသို့ ပြောင်းရွှေ့ နေထိုင်သူများအနေဖြင့် ဟောင်ကောင်ရှိအိမ်ခြံမြေများ ငှားရမ်းမှုမှ ရရှိသည့်ဝင်ငွေအပေါ်တွင်လည်း ကင်းလွတ်ခွင့် ရရှိမည်မဟုတ်ကြောင်း သိရှိရပါသည်။ **ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

# နိုင်ငံခြားသား အလုပ်သမားများအပေါ် အခွန်ကောက်ခံမှု အစီအစဉ်တင်းကြပ်ရန် တောင်ကိုရီးယား စီစဉ်လျက်ရှိ



တောင်ကိုရီးယားနိုင်ငံ National Tax Service က နိုင်ငံခြားသား အလုပ်သမားများ အပေါ် အခွန်ကောက်ခံမှု အစီအစဉ်ကို ပိုမိုတင်းကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာလအတွင်း ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကိစ္စသည် အဓိကအတိုက်ခံပါတီဖြစ်သော Liberty Korea Party ၏ ကိုယ်စားလှယ်ဖြစ်သူ Choo Kyung-ho က ၂၁၇၈ ဦးသော နိုင်ငံခြားသား အလုပ်သမားများသည် အခွန်ငွေ ၁၅ ဘီလီယံဝမ် ၁၃ ဒသမ ၂ မီလီယံ ဒေါ်လာ အားပေးဆောင်ရန် ပျက်ကွက်လျက်ရှိကြောင်း၊ National Tax Service အနေဖြင့် ကိုရီးယား အလုပ်သမားများအစားဝင်ရောက်လာသော နိုင်ငံခြားသားများ ထံမှ ထိရောက်သော အခွန်ငွေ ကောက်ခံခြင်းမရှိကြောင်း၊ လက်ရှိအသုံးပြုနေသည့်စနစ်နှင့် ရနိုင်သော သတင်းအချက်အလက်များအရ နိုင်ငံခြားသား မည်မျှသည် အခွန်ပေးဆောင်သင့်ကြောင်းကို ခြေရာခံရန် ခက်ခဲကြောင်းနှင့် အခွန်ပေးဆောင်ရန် ပျက်ကွက်ပါကလည်း ၎င်းတို့ကိုပြစ်ဒဏ်ပေးရန် ခက်ခဲကြောင်း စသည်ဖြင့် နိုင်ငံခြားသား လုပ်သားများ အပေါ် အခွန်ကောက်ခံခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ ပြောကြားပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဥပဒေအရ နိုင်ငံခြားသားများ တောင်ကိုရီးယားနိုင်ငံမှ ထွက်ခွာသည့်အခါ ၎င်းတို့အနေဖြင့် အခွန်ဆောင်သည့် စာရွက်စာတမ်းများအား လူဝင်မှုကြီးကြပ်ရေးရုံးများတွင် ဖြည့် စွက်ရသော်လည်း တရားရေးဝန်ကြီး ဌာနက အဆိုပါကိစ္စအား တင်းတင်းကြပ်ကြပ်ဆောင်ရွက်ခြင်းမရှိခြင်းကြောင့် ကိုရီးယားမှ နှစ်စဉ် ထွက်ခွာလျက်ရှိသော ၁၃ မီလီယံရှိသော နိုင်ငံခြားသားများ (ခရီးသွားများနှင့် အခြား ဧည့်သည်များအပါအဝင်)တို့အပေါ် ဥပဒေသက်ရောက်မှုရှိစေရေးအတွက် အခက်အခဲများစွာ ဖြစ်ပေါ်စေလျက် ရှိခြင်းကြောင့် ယခုကဲ့သို့ ပိုမိုတင်းကြပ်ဆောင်ရွက်သွားရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ တောင်ကိုရီးယား National Tax Service မှ အချက်အလက်များအရ နိုင်ငံခြားသား အလုပ်သမားများ၏ တရားဝင် ဝင်ငွေသည် ၂၀၁၂ ခုနှစ်တွင် ဝမ် ၅ ဒသမ ၉ ထရီလီယံရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ဝမ် ၉ ဒသ မ၅ ထရီလီယံခန့် ရှိကာ များစွာ တိုးတက်ခဲ့ကြောင်း သိရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# PM-AAASHA အောက်တွင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတန်ချိန် ၄၄ သိန်းကို အိန္ဒိယအစိုးရ ဝယ်ယူမည်

ယခုနှစ် အောက်တိုဘာလမှ စတင်မည့် Kharif ဈေးကွက်ရာသီအတွင်း ပြည်နယ်ကိုးခုမှ ပဲမျိုးစုံနှင့် ဆီထွက် သီးနှံများကို MSP ဈေးနှုန်း အပေါ် အခြေခံ၍ဝယ်ယူရန် အဆိုပြုချက်အား အိန္ဒိယအစိုးရက အောက်တိုဘာ ၂၇ ရက် က ခွင့်ပြုပေးခဲ့ကြောင်းကို စိုက်ပျိုးရေးဝန်ကြီး Radha Mohan Singh က အတည်ပြုပြောကြားခဲ့ပါသည်။

ယင်းပြည်နယ်ကိုးခုမှာ Telangana၊ Andhra Pradesh၊ Uttar Pradesh၊ Rajasthan၊ Madhya၊ Pradesh၊ Maharashtra၊ Karnataka နှင့် Tamil Nadu ပြည်နယ်တို့ဖြစ်ပြီး အချို့သော ပြည်နယ်များတွင် ဝယ်ယူမှုများ စတင်နေပြီဖြစ်ကြောင်း၊ အစိုးရဌာနများ၏ အင်တိုက်အားတိုက် ထိုးထွင်းကြံဆဆောင်ရွက်မှုနှင့် မျှော်မှန်းထားသည့်အတိုင်း အထွက်နှုန်းကောင်းမွန်မှုတို့ကြောင့် နိုင်ငံအတွင်းရှိ အဓိကစိုက်ပျိုးသည့်ပြည်နယ်များ၌ ပဲနှင့်ဆီထွက်သီးနှံဈေးနှုန်းများ သိသိသာသာ ကျဆင်းစေခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# Lipukekh ဂိတ်မှတစ်ဆင့် အိန္ဒိယ- တရုတ် နယ်စပ်ကုန်သွယ်မှုပမာဏမှာ ယခုနှစ်တွင် ရူပီးခြောက်ကုဋေကျော်ထိ ရှိလာခဲ့

အိန္ဒိယနိုင်ငံ၊ Uttarakhand ပြည်နယ်ရှိ Lipukekh နယ်စပ်ဂိတ်မှတစ်ဆင့် အိန္ဒိယ-တရုတ်နယ်စပ်ကုန်သွယ်မှုမှာ ယခုနှစ်တွင် ရူပီးခြောက်ကုဋေကျော်ထိရှိလာခဲ့ပြီး ယင်းအနက် အိန္ဒိယကုန်သည်များ၏ တင်သွင်းမှုမှာ ရူပီး ၅ ဒသမ ၅၉ ကုဋေ ခန့်ရှိပြီး တင်ပို့မှုမှာ ၉၆ ဒသမ ၅ သိန်းကျော်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယဘက်တွင် Lipukekh ဂိတ်၊ တရုတ်ဘက်တွင် Taklakot ဈေးမှတစ်ဆင့် အိန္ဒိယ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပြန်လည်ပြုလုပ်ခဲ့သည်မှာ ပြီးခဲ့သည့် ဇွန်လမှစတင်ခဲ့ပြီး ယခုအခါ ငါးလပြည့်ပြီဖြစ်ကြောင်း၊ ယင်းနယ်စပ်ကုန်သွယ်မှုမှာ ၁၉၆၂ နယ်စပ်ဒေသအငြင်းပွားမှုပြီးနောက်ပိုင်းတွင် ပိတ်ထားခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် နှစ်နိုင်ငံ နယ်စပ်ဒေသရှိ ဒေသခံတိုင်းရင်းသားများ စီးပွားရေးကောင်းမွန်လာစေရန် ရည်ရွယ်ကာ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ၂၀၁၈ ပထမ ခြောက်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံခန့် အိန္ဒိယဆွဲဆောင်နိုင်ခဲ့

ကမ္ဘာ့ကုလသမဂ္ဂ၏ အစီရင်ခံစာအရ ၂၀၁၈ ခုနှစ် ပထမ ခြောက်လအတွင်း အိန္ဒိယသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံခန့်ကို ဆွဲဆောင် နိုင်ခဲ့ပြီး ဒေသတွင်းသို့ FDI ဝင်ရောက်မှု တိုးတက်မှုနှုန်း ၁၃ ရာခိုင်နှုန်းအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏမှာမူ ထရမ့် အစိုးရ၏အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ကြောင့် ယခင်နှစ် အလားတူကာလအောက် ၄၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။

အဆိုပါ စာရင်းများအရ ယခုနှစ် ပထမ ခြောက်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဆွဲဆောင်နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံထိရှိခဲ့ကြောင်း၊ ၎င်း၏ နောက်တွင် ဗြိတိန်သည်အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၅ ဘီလီယံဖြင့် ဒုတိယနေရာတွင် ရှိခဲ့ကြောင်း၊ ယင်း၏နောက်တွင် အမေရိကန်အနေဖြင့် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၅ ဘီလီယံ၊ နယ်သာလန်က အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၈ ဘီလီယံ၊ သြစတြေးလျက အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၁ ဘီလီယံ၊ စင်ကာပူက အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၇ ဘီလီယံထိလက်ခံရရှိခဲ့ကြောင်း၊ ဘရာဇီးသည် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅ ဘီလီယံခန့် လက်ခံရရှိခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာ့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏမှာမူ ၂၀၁၈ ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၄၇၀ ဘီလီယံသာရှိခဲ့ပြီး ယခင်နှစ်အလားတူကာလ အမေရိကန်ဒေါ်လာ ၇၉၄ ဘီလီယံအောက် ၄၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဆွဲဆောင်နိုင်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကျဆင်းသည့် အဓိကနိုင်ငံများမှာ ချမ်းသာသည့်နိုင်ငံဖြစ်ပြီး အီရိုလန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၈၁ ဘီလီယံခန့်၊ ဆွစ်ဇာလန်သည် အမေရိကန် ဒေါ်လာ ၇၇ ဘီလီယံခန့် ကျဆင်းခဲ့ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှာမူ အနည်းငယ်သာ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့။**




သီရိရတနာလတ်လီလတ္တားဈေးဝင်း၊ အဆောင်(G)အခန်း(၁၀)၊ Two Way Road အောင်မင်္ဂလာအဝေးပြေးဝင်းအနီး
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၅၀၃၉၅၇၅၊ ၀၉–၇၈၁၅၀၀၇၉၉၊ ၀၉–၉၆၁၅၀၀၇၉၉

# MOE NANTAW


## TRANSPORTATION CO.,LTD

**CONTAINER & GENERAL CARGO TRANSPORT SERVICES**



▲ CONTAINER & GENERAL CARGOES ▲ MACHINERIES & EQUIPMENT
▲ PROJECT CARGOES

No. 78/82, Room No. 101, Botahtaung Zay Street, (3)Qtr,
Botahtaung Tsp, Yangon.
Ph : 01-201814, 201815, 203401, 203098, 09 5162622, 09 8633771,
(Res) 01-376694
aungmoe2772@gmail.com




No(3),Yadanarmon(7) Street, Yadanarmon Housing, Hlaing Township,
Yangon, Myanmar.
PH : 01 503324, 09 775111123, 09 777166123
Gmail : hyperautosalecentre@gmail.com

C B BANK

# INTERNATIONAL TRADE SERVICES

# နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

## Import Services
## သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည် ဖွင့်လှစ်ပေးခြင်း။

## Export Services
## ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်း နှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေး စနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ / ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း။

## Export/Import Financing
## ပို့ကုန် / သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

## International Remittance
## အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများ ဝင်ရောက်ခြင်း။
( Inward Remittance )
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။
( Outward Remittance )



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

COMMERCE INTERNATIONAL

# ထရမ့်နှင့် ရှီတို့ ကုန်သွယ်ရေးစာချုပ်အတွက် မူဘောင်သဘောတူညီချက်သာရနိုင်မည်ဟု အမေရိကန်ကုန်သွယ်ရေးဝန်ကြီးပြော



အမေရိကန်ပြည်ထောင်စုက ဇန်နဝါရီတွင် တရုတ်သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံရန်စီစဉ်ထားဆဲဖြစ်သဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်တို့သည် လာမည့်အစည်းအဝေးတွင် ကုန်သွယ်ရေးတင်းမာမှုကိစ္စတို့ကို ထပ်မံဆွေးနွေးမည်ဆိုပါက အများဆုံးရရှိနိုင်မည့် အဖြေမှာ မူဘောင်သဘောတူညီချက်မျှသာ ဖြစ်နိုင်သည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဝီလ်ဘာဆရော့စ်ကပြောကြောင်း ဘလွမ်းဘတ်သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၁ ရက်အထိ ဗြူနိုအေရီတွင်ကျင်းပမည့် ဂျီ ၂၀ နိုင်ငံထိပ်သီးဆွေးနွေးပွဲ၏ အလွတ်သဘောဆွေးနွေးပွဲတွင် ခေါင်းဆောင်နှစ်ဦးဆွေးနွေးကြမည့်ကိစ္စရပ်များကိုအမေရိကန်နှင့်တရုတ် အရာရှိများက ယခုအခါ ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ လိုက်လျောပေးမည့် အချက်များနှင့်ပတ်သက်၍ ယခုရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံက တင်သွင်းခဲ့သော စာရင်းနှင့်ပတ်သက်၍မေးမြန်းချက်ကိုအစည်းအဝေး ကိစ္စရပ်အားလုံးမှာ ယာယီမျှသာဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက်တွင် ရော့ကဖြေကြားခဲ့သည်။

“ပွဲကြီးပွဲကောင်းက အာဂျင်တီးနားနိုင်ငံမှာကျင်းပမဲ့ ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲမှာ သမ္မတထရမ့်နဲ့ သမ္မတရှီတို့ တစ်ယောက်ချင်းတွေ့ကြတဲ့အချိန်မှာဖြစ်ပါလိမ့်မယ်။ အဲဒီအချိန်မတိုင်မီအထိတော့ ကိစ္စအဝဝက ယာယီသဘောသာဖြစ်ပါလိမ့်မယ်။ တကယ့်မူဘောင်ကိုချမှတ်နိုင်မယ်ဆိုရင်တော့ အဲဒီအချိန်မှာ ပုံသေဖြစ်သွားနိုင်ပါတယ်”ဟုတက္ကဆပ်ပြည်နယ် ကောပတ်ခရစ်စတီတွင်ကျင်းပသော သဘာဝဓာတ်ငွေ့ရည် ပြည်ပတင်ပို့ရေးစခန်းဖွင့်ပွဲ အခမ်းအနားတွင် ရော့စ်ကပြောသည်။

သမ္မတနှစ်ဦးသည် အသေးစိတ်အချက်အလက်များကို သဘောတူညီမှုရလိမ့်မည်ဟု ခန့်မှန်းကြောင်း သူကပြောသည်။ ဆွေးနွေးပွဲက ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နိုင်ပြီး အဆင်ပြေပါက ရှေ့ဆက်မည့်မူဘောင်ကို ချမှတ်နိုင်မှာဖြစ်ကြောင်းနှင့် ဇန်နဝါရီမတိုင်မီမှာတော့ တရားဝင်သဘောတူညီမှုကို အပြည့်အဝရဦးမည် မဟုတ်ကြောင်း ရော့စ်ကပြောသည်။

အချိန်ယူဆွေးနွေးရမည့် ပစ္စည်းအမယ် ၁၄၂ မျိုးကို အမေရိကန်ပြည်ထောင်စုက ပြုစုထားကြောင်းနှင့် မည်သို့ဆောင်ရွက်ကြမည်ကို အချိန်ယူ ဆွေးနွေးရမည်ဖြစ်ကြောင်းဝန်ကြီးကပြောသည်။တရုတ်နိုင်ငံဘက်မှ လိုက်လျောပေးမည်ဟု ယခုသီတင်းပတ်အတွင်းက တရုတ်စေ့စပ်ညှိနှိုင်းရေးမှူးတို့ တင်ပြခဲ့သောစာရင်းတွင် အဓိကကျသော အမယ်များမပါဝင်သကဲ့သို့ တရုတ်စက်မှုလုပ်ငန်းမူဝါဒနှင့်ပတ်သက်၍ အမေရိကန်တို့စိုးရိမ်နေသော ကိစ္စရပ်များနှင့် ပတ်သက်သော ကတိကဝတ်များ မပါဝင်ကြောင်း ဆွေးနွေးပွဲနှင့်နီးစပ်သော အသိုင်းအဝိုင်းမှပြောသည်။

နောက်ဆုံးတွင် သဘောတူညီမှုကို ရနိုင်လိမ့်မည်ဟု ယုံကြည်သော်လည်း မည်သည့်အချိန်တွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ဟု ပြောရန်မှာ ကြီးမားသောပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း သူကပြောသည်။

ကြားဖြတ်ကွန်ဂရက် ရွေးကောက်ပွဲနှင့် ၂၀၂၀ ခုနှစ်အတွက် မဲဆွယ်ကာလမှဖြစ်ပေါ်လာမည့် ဂယက်ရိုက်ခတ်မှုနှင့်ပတ်သက်၍ မူရော့စ်က လျှော့ပေါ့ခန့်မှန်းခဲ့ပြီး အမေရိကန်၏ ပြည်တွင်းနိုင်ငံရေးအခြေအနေက ဆွေးနွေးမှုအပေါ် လွှမ်းမိုးမှုမရှိနိုင်ကြောင်း သူကပြောသည်။

တရုတ်အစိုးရက သဘာဝဓာတ်ငွေ့ရည်ကို အခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံရန်ဆုံးဖြတ်ပြီးမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချကောက်ခံရန်ဆုံးဖြတ်ခဲ့သည်ကိုကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် သူ၏ ကိုယ်ပိုင်အကျိုးစီးပွားနှင့် လက်တုံ့ပြန်အစီအစဉ်များကြောင့် ဖြစ်ပေါ်လာမည့် ဂယက်ကို သိမြင်နားလည်ကြောင်း ရော့ကပြောသည်။

“တရုတ်နိုင်ငံက သဘာဝဓာတ်ငွေ့ရည်လိုပါတယ်။ ဒီလိုအပ်ချက်ကလည်း ဖြည့်ဆည်းဖို့ခက်ခဲပါတယ်။ တရုတ်နိုင်ငံက သူ့အကျိုးစီးပွားထိခိုက်မှာဆိုရင်ဘာမှလုပ်မှာ မဟုတ်ပါဘူး”ဟု သူကပြောသည်။

# ထွန်းသစ်စ နည်းပညာများကြောင့် ၂၀၂၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌အလုပ်အကိုင် တစ်သန်းခွဲနီးပါးတိုးမည်

လက်ရှိအလုပ်အကိုင်အများအပြားတွင် စက်ရုပ်များက အစားထိုးဝင်ရောက်လာသောကြောင့် အိန္ဒိယကျွမ်းကျင်ပညာရှင်တို့က စိုးရိမ်လျက်ရှိကြသော်လည်း ၂၀၂၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ အိုင်တီအလုပ်အကိုင် ၁ ဒသမ ၄ သန်းတိုးပွားလာနိုင်ဖွယ်ရှိသဖြင့်စုစုပေါင်းတိုးတက်မှု၏ ၄၆ ရာခိုင်နှုန်းရှိကြောင်း သုတေသနလေ့လာချက်အသစ်ကိုကိုးကား၍ times of india သတင်းတွင်ဖော်ပြသည်။

ဆိုင်ဘာလုံခြုံရေး၊ internet of things (IoT) နှင့် big data တို့ကဲ့သို့သော အရှိန်အဟုန်ဖြင့် တိုးတက်နေသောနည်းပညာများက ဤသို့သောအခွင့်အလမ်းများကို ဖန်တီးပေးမည်ဖြစ်ကြောင်း နည်းပညာကုမ္ပဏီကြီးဖြစ်သည့် Cisco ၏ကြီးကြပ်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ဒေတာကော်ပိုရေးရှင်း(IDC) က ဆောင်ရွက်သော လေ့လာချက်အစီရင်ခံစာတွင်ဖော်ပြသည်။

လာမည့်နှစ်များတွင် လူမှုမီဒီယာစီမံအုပ်ချုပ်သူ၊ စက်ယန္တရားသင်ယူရေး ဒီဇိုင်းပညာရှင်၊ စီးပွားရေးထောက်လှမ်းမှု ဗိသုကာ၊ ဆိုင်ဘာလုံခြုံရေးကျွမ်းကျင်သူနှင့် internet of things (IoT) စသည့်လုပ်ငန်းများမှာ အလားအလာအကောင်းဆုံးလုပ်ငန်းများဖြစ်လာနိုင်ကြောင်းနှင့် ဤနယ်ပယ်များတွင် ကျွမ်းကျင်သူတို့က အနာဂတ် အလုပ်အကိုင်စျေးကွက်တွင် အခြေအနေကောင်းမွန်နိုင်ကြောင်း သုတေသနတွေ့ရှိချက်အရသိရသည်။ သို့သော်လည်း ဤနယ်ပယ်များမှာစတင်ဖြစ်ထွန်းစနယ်ပယ်များဖြစ်ရာ အိုင်တီအဖွဲ့အစည်းများသည် ယင်းနယ်ပယ်အတွက် ဝန်ထမ်းများကိုဖြည့်ဆည်းရာတွင် အခက်အခဲတွေ့နိုင်ကြောင်းနှင့် ကျွမ်းကျင်မှုအဆင့်ကို မြှင့်တင်ပေးရန်လို ကြောင်း လေ့လာချက်တွင်ဖော်ပြသည်။

ဝန်ထမ်းများ၏ အသိပညာဗဟုသုတ မြှင့်တင်ရေးနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးရေးအတွက် ၎င်းတို့၏ကျွမ်းကျင်မှုကိုမြှင့်တင်ပေးသည့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုသို့ဆောင်ရွက်သည့်အတွက် အလုပ်ခွင်ဝင်ရောက်မည့်သူများအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသော သင်တန်းများအားတက်ရောက်ရေးက အိုင်တီကဏ္ဍတွင် မန်နေဂျာများခန့်ထားရေးအတွက် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ပြင် နည်းပညာဆိုင်ရာလုပ်ငန်းတွင် ဆောင်ရွက်နေသော ဝန်ထမ်းများအနက် ၅၀ ရာခိုင်နှုန်းသည် ၂၀၁၇ ခုနှစ်အတွင်းကလေ့ကျင့်ရေးသင်တန်းများကို တက်ရောက်ခဲ့ကြပြီး ယင်းတို့အနက် ပညာရှင် ငါးရာခိုင်နှုန်းသည် မိမိစရိတ်ဖြင့် သင်တန်းများကို တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

# ဗီယက်နမ်နိုင်ငံတွင် ငါးဘေးထွက်ပစ္စည်းများကိုအသုံးပြုခြင်းဖြင့် အကျိုးအမြတ်မြင့်မားစွာရရှိနိုင်

ဗီယက်နမ်နိုင်ငံရှိ ငါးလုပ်ငန်းကဏ္ဍတွင် တန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေးအတွက် အရိုး၊ ခေါင်းနှင့် အရေခွံစသည့် ပင်လယ်စာ ဘေးထွက်ပစ္စည်းများ ပိုမိုအသုံးပြုသင့်ကြောင်း ဗီယက်နမ်နှင့် နော်ဝေငါးဖမ်းလုပ်ငန်းတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၅ ရက်က ဟန္နိုင်းတွင်ကျင်းပသော အခမ်းအနားတစ်ခုတွင် ကျွမ်းကျင်သူတို့ကပြောကြားသည်ကို ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့ငါးဖမ်းလုပ်ငန်း ထိပ်တန်း ၁၀ နိုင်ငံတွင်ပါဝင်နေသော ဗီယက်နမ်နှင့် နော်ဝေနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကတည်းက ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။

နော်ဝေလုပ်ငန်းများသည် ငါးဖမ်းလုပ်ငန်း ဘေးထွက်ပစ္စည်းများကို ရနိုင်သမျှ အသုံးချနိုင်ရန်နှင့် ပင်လယ်ရေကြောင်း လုပ်ငန်းမှထွက်လာသော ကုန်ကြမ်းများကို လူနှင့် တိရစ္ဆာန်အစားအစာ၊ အလှပြင်ပစ္စည်းနှင့် ဆေးဝါးထုတ်ကုန်များ ထုတ်လုပ်နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်များကို ဖော်ထုတ်ခဲ့ကြသည်။

ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများသည် ကမ္ဘာ့အစားအစာဖြန့်ဖြူးရေးလုပ်ငန်းကိုများစွာအထောက်အကူပြုလျက်ရှိသော်လည်း ငါးဖမ်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းမှ ဘေးထွက်ကုန်ကြမ်းများကို တိုးမြှင့်အသုံးပြုခြင်းဖြင့် အစားအစာဖူလုံအောင် ဆောင်ရွက်ရေးမှာ အရေးတကြီး လိုအပ်နေကြောင်း ဗီယက်နမ်ရှိ နော်ဝေသံအမတ် ဂရိတ်လိုချင်ကပြောသည်။

နိုင်ငံ၏ အဆင့်မြင့်ပင်လယ်စာများကို နိုင်ငံအများအပြားသို့ တင်ပို့လျက်ရှိသော်လည်း ပင်လယ်ပြင်ထွက်ဘေးထွက်ကုန်ကြမ်းများကို အသုံးပြုခြင်းက အကျိုးအမြတ် ပိုမိုရရှိသည့်အပြင် အလေအလွင့် စွန့်ပစ်ရသော ကုန်ကျစရိတ်ကို သက်သာစေကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယအထွေထွေညွှန်ကြားရေးမှူးချုပ် ထရန်ဒင်လွမ်က ပြောသည်။

အထူးသဖြင့် ပုစွန်ဖမ်းယူရေးလုပ်ငန်းတွင် ထိုကဲ့သို့သော ကုန်ကြမ်းပစ္စည်းများက သွင်းအားအများအပြားကိုရရှိစေပြီး အာဟာရဓာတ်လည်းများစွာပါဝင်ကြောင်း VietnamFood ကုမ္ပဏီ၏ ညွှန်ကြားရေးမှူး ဖန်သန်းလော့ကပြောသည်။ ထိုပစ္စည်းများက ငါးဖမ်းလုပ်ငန်းများအတွက် အကျိုးရှိစေပြီး ဗီယက်နမ်ငါးဖမ်းလုပ်ငန်း၏ ရေရှည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ကြောင်းသူကပြောသည်။

ဘေးထွက် ကုန်ကြမ်းများကို ထုတ်လုပ်ရာတွင် အသုံးပြုသော နည်းပညာ အကန့်အသတ်ရှိနေဆဲဖြစ်သည့်အတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက ထိုပစ္စည်းများအနက် အနည်းငယ်သာ အသုံးပြုနိုင်ကြောင်း တွေ့ရသည်။ နည်းပညာ ထွန်းကားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် နည်းပညာကဏ္ဍမှာ သုတေသနနှင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန်လိုကြောင်း လော့ကပြောသည်။

ဗီယက်နမ် စက်ရုံများသည် အဆိုပါပစ္စည်းများကို အလေအလွင့်အဖြစ် မယူဆဘဲ ဆင့်တက်ပြုပြင်ရေးအတွက် ကုန်ကြမ်းအဖြစ်ယူဆကာ အရည်အသွေး တိုးတက်မြင့်မားလာအောင် ဂရုတစိုက် ထိန်းသိမ်းရန်လိုသည်။

Recycle for clean and green future
သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

စံမီအောင် စုစည်းသည်